ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 3 August 2017 (၉၀၀၅)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ကြီးများ ၎င်းတို့၏ခန့်အပ်လွှာများ ပေးအပ်



**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး ဒေါက်တာ ခါလစ် ဟူစိန် မန်မွန်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး မစ္စတာ အက်စ်စဖောဒင်ဂမိုကာမီသည် ညနေ ၃ နာရီ ၅ မိနစ်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပါကစ္စတန်သံအမတ်ကြီး ဒေါက်တာ ခါလစ် ဟူစိန် မန်မွန်အား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။**

# အလျား ၁၆၇ မီတာနှင့်အထက် ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်ဆိပ်ကမ်းသို့ အလျား ၁၆၇ မီတာနှင့်အထက် ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်ဆိပ်ကမ်းသည် ရန်ကုန်မြစ်ပေါ်တွင် တည်ရှိသော မြစ်ဆိပ်ကမ်း River Port ဖြစ်သည့်အတွက် ဆိပ်ကမ်းသို့ ဝင်ရောက်လာသော ကုန်တင်/ကုန်ချ သင်္ဘောကြီးများ၏ ရေစူးနှင့် အရှည်(Length Over All) တို့အား ကန့်သတ်ထားရှိပြီး ခွင့်ပြုဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ယင်းအပြင် မြစ်ဆိပ်ကမ်းများသို့ ဝင်ရောက်မည့် သင်္ဘောကြီးများသည် အပြင်စည်းခုံရေလမ်းကြောင်း (Elephant point) နှင့် အတွင်းစည်းခုံရေလမ်းကြောင်း (Monkey Point) တို့ကို ဖြတ်သန်းပြီးမှ ဝင်ရောက်ကြရခြင်းဖြစ်သည်။ ယင်းအတွက် အတွင်းစည်းခုံ ရေလမ်းကြောင်းကို

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖



ဆရာကြီး တော်သားကြီးလူနိုင် ပခုက္ကူစာပေဆု တစ်သက်တာစာပေဆုရရှိ
စာ - ၃

ခုခံအားနည်းသူနှင့် ရောဂါအခံရှိသူများသာ H1N1 ရောဂါဖြင့် သေဆုံးကြောင်း ဒေါက်တာကြည်စိုးပြော
စာ - ၁၁

အက်ဖ်ဘီအိုင် ဒါရိုက်တာရာထူးနေရာကို ခရစ္စတိုဖာဝေးအား ခန့်အပ်
နိုင်ငံတကာ စာ - ၄



# တန်ဖိုးရှိသောလူ့ဘဝများကိုကာကွယ်

မော်တော်ယာဉ် မတော်တဆဖြစ်မှု၊ မော်တော်ယာဉ် မဆင်မခြင်မောင်းနှင်မှုတို့ကြောင့် တန်ဖိုးရှိသောလူ့ဘဝများ ထိခိုက်ပျက်စီးနေသည်ကို နေ့စဉ်မြင်တွေ့ကြားသိနေရသည်။ မော်တော်ယာဉ်တိုက်မိသည့် အမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ လူသေဆုံးမှုများကို သက်ဆိုင်ရာက မကြာခဏ ထုတ်ပြန်အသိပေးမှုများ ပြုလုပ်နေသော်လည်း မော်တော်ယာဉ်တိုက်မိမှုများမှာ လျော့ကျသွားသည်မရှိဘဲ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပွားနေသည်ကို မြင်တွေ့နေရသည်။

ထိုသို့ ဖြစ်ပွားနေရသည့်အကြောင်းအရင်းမှာ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း၊ လူစည်းကမ်းတို့ကို တိကျစွာလိုက်နာမှု အားနည်းနေဆဲဖြစ်သောကြောင့်ဟု ဆိုနိုင်သည်။ အထူးသဖြင့် အမြန်လမ်းမကြီးများ၊ အဝေးပြေးလမ်းမကြီးများနှင့် မြို့တွင်းလမ်းများတွင် ဖြစ်ပွားလေ့ရှိပြီး ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများကြောင့် ပိုမိုဖြစ်ပွားသည်ကို တွေ့ရသည်။ ယာဉ်တိုက်မှုဖြစ်စဉ်များတွင် မဆင်မခြင်မောင်းနှင်မှုများကြောင့်သာ အဖြစ်ဆိုးများနှင့် ကြုံကြရသည်။

ထို့ကြောင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်သည့် ဇွန် ၁ ရက်မှစတင်ပြီး မော်တော်ယာဉ်မောင်းနှင်သူများ ထိုင်ခုံခါးပတ် မပတ်ဘဲ မောင်းနှင်မှုတွေ့ရှိပါက အရေးယူလျက်ရှိသည်။ အမြန်လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ခရီးသည်တင်ယာဉ်များ ကီလိုမီတာ ၉၀၊ လိုက်ထရပ်ယာဉ်၊ ဟိုက်ဂျက်ယာဉ်ငယ်များ ကီလိုမီတာ ၆၀ ထက်မပိုဘဲ မောင်းနှင်ရန် သတ်မှတ်၍ လိုက်နာမှုမရှိပါက ပညာပေးကာလ၌ သတိပေးပြီး စက်တင်ဘာလမှစ၍ အရေးယူမည်ဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ပွားရာတွင် လွဲမှားသောယာဉ်ကျော်တက်မှုကြောင့် ယာဉ်တိုက်မှုအဖြစ်များသည်ကို တွေ့ရသည်။ ထို့ကြောင့် စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီမှစတင်ပြီး တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းများအားလုံးတွင် ယာဉ်မောင်းများအားလုံး အမှန်မီးအချက်ပြမှုကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပြောင်းလဲကျင့်သုံးတော့မည်ဖြစ်သည်။ မော်တော်ယာဉ်ကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးရန် တိုက်တွန်းနှိုးဆော်ထားသည်။ လက်ရှိတွင် ယာဉ်ကျော်တက်ရန်အတွက် လက်ဝဲဘက်မီးဖြင့် အချက်ပြလေ့ရှိရာ မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိသည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း တိကျစွာလိုက်နာရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြပ်မတ်ဆောင်ရွက်နိုင်ရန်မှာ လွယ်ကူသောအလုပ်မဖြစ်ပေ။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စည်းကမ်းလိုက်နာမှုအပိုင်းမှာ အရေးကြီးပြီး ပြည်သူအများစုမှာ စည်းကမ်းလိုက်နာမှု အားနည်းကြသည်ကို တွေ့ရသည်။ အထူးသဖြင့် မော်တော်ယာဉ်မောင်းနှင်သူများမှာ စည်းကမ်းထိန်းသိမ်းရေးရှိလျှင် လိုက်နာကြပြီး စည်းကမ်းထိန်းသိမ်းရေးမရှိလျှင် ယာဉ်ကိုမောင်းနှင်ချင်သလို မောင်းနှင်ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ယာဉ်တိုက်မှုများမှာ လျော့ကျမသွားဘဲ တိုးနေခြင်းဖြစ်သည်။

တိုးတက်လာသော ခေတ်ကာလတွင် မော်တော်ယာဉ်ထိန်းသိမ်းကြပ်မတ်မှုများကို နည်းပညာဖြင့် ထိန်းကျောင်းခြင်းဖြင့်သာ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယာဉ်များ၊ လမ်းများတွင် စောင့်ကြည့်နည်းစနစ်များတပ်ဆင်ထားပြီး မောင်းနှင်နေသောယာဉ်များ သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ လိုက်နာမောင်းနှင်ခြင်းရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးအရေးယူဆောင်ရွက်ခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ တန်ဖိုးရှိသော ပြည်သူများ၏ဘဝ မလိုလားအပ်ဘဲမပျက်စီး၊ မဆုံးရှုံးစေရေးအတွက် စည်းကမ်းလိုက်နာမှု အားနည်းချက်အမျိုးမျိုးတို့ကို မျက်ခြည်မပြတ် အကဲခတ်စစ်ဆေးထိန်းကျောင်းရေးနည်းစနစ်များဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ခြင်းသည်သာ အောင်မြင်ထိရောက် ခရီးပေါက်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။

# ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွှယ်နေသည့် ဝန်ကြီးဌာနများအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွှယ်နေသည့် ဝန်ကြီးဌာနများအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် International Finance Corporation (IFC)၊ Australian Aid၊ UKaid တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဝန်ကြီးဌာနများ သိသင့်သိထိုက်သော အချက်အလက်များခေါင်းစဉ်ဖြင့် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်တင်အေးဟန်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြခဲ့သည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ဥပဒေဆိုင်ရာ ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာများမှ Focal Contact Person များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပစိမ်းမြမြ

# ဖျာပုံခရိုင်တွင် မိုးစပါးဧက ရှစ်သိန်းကျော်စိုက်ပျိုးမည်

**ဖျာပုံ ဩဂုတ် ၂**

နိုင်ငံတော်၏ စပါးစိုက်ပျိုးရေးကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးက သုံးပုံတစ်ပုံ တာဝန်ယူထားသကဲ့သို့ ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၇ ခုနှစ် မိုးစပါးဧက ၃၇ သိန်းကျော် စိုက်ပျိုးရာတွင် ဖျာပုံခရိုင်သည် ၃၀ ရာခိုင်နှုန်းကျော် တာဝန်ယူစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ပျိုးရာသီတွင် ဖျာပုံခရိုင်သည် ဧက ၈၂၈၄၆၅ စိုက်ပျိုးရန် လျာထားရာ ဇူလိုင် ၃၁ ရက်အထိ ဧက ၆၈၈၉၀၇ စိုက်ပျိုးပြီးဖြစ်၍ ၈၃ ဒသမ ၁၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်လှိုင်က ပြောသည်။

မိုးစပါးစိုက်ပျိုးချိန် စိုက်ပျိုးစရိတ် အခက်အခဲမရှိစေရေးအတွက် ဩဂုတ် ၂ ရက်က ဖျာပုံမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်ခင်စောဝတီမြင့်အား တွေ့ဆုံမေးမြန်းရာ လယ်သမားဦးရေ ၄၇၉၆ ဦးရဲ့ လယ်ဧက ၄၀၆၆၃ အတွက် ငွေကျပ် ၆၀၉၉၄၅၀၀၀၀ ထုတ်ချေးပေးပြီးဖြစ်ကြောင်း ပြောကြားသည်။

ဖျာပုံခရိုင်အတွင်း မိုးစပါးဧကများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေများ အပြီးထုတ်ချေးပေးနိုင်ရေးတို့ကို ဒေသအာဏာပိုင်များနှင့် တာဝန်ရှိဌာနဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်(ရွှေဈေး) ၉၀၆၅၀၀ - ၉၀၆၅၀၀ မန္တလေး(ရွှေဈေး) ၉၀၆၅၀၀ - ၉၀၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၅/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀/၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၈. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၆၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၉၀၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၅၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၃. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၇. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ် မိတ်ဆက်ထုတ်ပြန်သည့် အခမ်းအနား ကျင်းပ




**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကို တရားသူကြီးများ လိုက်နာဆောင်ရွက်ရန်နှင့် ကျင့်ဝတ်ဖောက်ဖျက်ခြင်းအတွက် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြောကြားလိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ် မိတ်ဆက်ထုတ်ပြန်သည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပစဉ် ပြည်ထောင်စုတရားသူကြီးချုပ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းရည်မှန်းချက် "၄. ၂. ၂-ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ ပညာရပ်နှင့်ကျင့်ဝတ်ဆိုင်ရာ နည်းဗျူဟာများ မြှင့်တင်ပေးခြင်း" အစီအစဉ်အရ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များ အသစ်ရေးဆွဲရန်နှင့် အသစ်ရေးဆွဲထားသည့် ကျင့်ဝတ်များ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ (ICJ)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့၏ နည်းပညာဆိုင်ရာအကူအညီ၊ ဒိန်းမတ်သံရုံး၏ အထောက်အပံ့များဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံတရားသူကြီးများအတွက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းနှင့် ညီညွတ်သော တရားစီရင်ရေးကျင့်ဝတ်စာအုပ် ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုထုတ်ပြန်သည့် မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်သည် တရားသူကြီးများအတွက် ကျင့်ဝတ်ဆိုင်ရာ အပြုအမူများအတွက် စံချိန်စံနှုန်းများ သတ်မှတ်ရန်နှင့် တရားစီရင်ရေး တာဝန်ထမ်းဆောင်သည့်အခါ လမ်းညွှန်မှုရရှိစေရန်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့ပြင် တရားစီရင်ရေးကျင့်ဝတ်တွင် ပါဝင်သော အခြေခံမူများသည် နိုင်ငံတော်၏ အုပ်ချုပ်မှုအာဏာပိုင်နှင့် ဥပဒေပြုအာဏာပိုင်များ၊ ရှေ့နေများနှင့် ပြည်သူလူထုအား တရားစီရင်ရေးကဏ္ဍ၏လုပ်ဆောင်ချက်များကို တိုင်းတာဆန်းစစ်နိုင်ရန် စံတစ်ခုအနေဖြင့် ရည်ရွယ်ရေးဆွဲခြင်းလည်းဖြစ်ပါကြောင်း၊ တရားစီရင်ရေးကျင့်ဝတ်ကို ထုတ်ပြန်လိုက်ခြင်းအတွက် တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများသာမက တရားစီရင်ရေးကဏ္ဍတွင် ဆက်စပ်ပါဝင်သူများအားလုံးက တရားစီရင်ရေးစနစ်အပေါ် ပိုမိုသဘောပေါက်နားလည်လာပြီး လိုအပ်သောပံ့ပိုးမှုများကို အထောက်အကူပြုခြင်းဖြင့် မျှတ၍ ခိုင်မာသော တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးကို မျှော်လင့်ပါကြောင်း ဆက်လက်ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်များမှ ဥပဒေပါမောက္ခများ၊ ရှေ့နေများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ရှင်းလင်းဆွေးနွေးပွဲနှင့် တရားစီရင်ရေးကျင့်ဝတ် အကောင်အထည်ဖော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ အထွေထွေညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ အထွေထွေညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) Orientation ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ အထွေထွေညီလာခံမှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့်အတူ တီမောနိုင်ငံက လေ့လာသူအဖြစ် ပါဝင်သည်ဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံက CONSAL ၏ အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တာဝန်ယူရကြောင်း၊ CONSAL ၏ ရည်ရွယ်ချက်မှာ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များ၊ စာကြည့်တိုက်မှူးများအချင်းချင်း ကွန်ရက်ဆက်သွယ်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် အမှုဆောင်အဖွဲ့ အစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် တတိယအကြိမ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် အထွေထွေညီလာခံကြီးကို ကျင်းပမှာဖြစ်ကြောင်း၊ ယင်းအစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း အာရှနှင့်ပစိဖိတ်ဒေသ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ ညီလာခံ (CDNLAO)ကိုလည်း ကျင်းပမည်ဖြစ်ကြောင်း၊ အထွေထွေညီလာခံကြီးတွင် အာရှ-ပစိဖိတ်ဒေသက စာကြည့်တိုက်မှူးများအပြင် စာကြည့်တိုက်နှင့် ဆက်နွယ်နေသူများ အယောက် ၇၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် (၁၇)ကြိမ်မြောက် CONSAL ညီလာခံကြီးသည် မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် စာကြည့်တိုက်ပညာရပ်ဆိုင်ရာ နိုင်ငံတကာညီလာခံဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပြုလုပ်မည့် ညီလာခံတွင်လည်း နိုင်ငံတော်အဆင့်ညီလာခံကြီးအဖြစ် ကျင်းပရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းညီလာခံကြီးအောင်မြင်စွာကျင်းပရန် ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီများကို ဇူလိုင် ၁၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းသို့ ဖွဲ့စည်းထားပြီး ညီလာခံကြီး အောင်မြင်စွာကျင်းပရန် စီစဉ်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မည့် ဝန်ကြီးဌာနများနှင့် အခြားအဖွဲ့အစည်းများကို ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုအစည်းအဝေးကို ခေါ်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုမြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် အထွေထွေညီလာခံကိုအောင်မြင်စွာ ကျင်းပရန်အတွက် လိုအပ်မည့်စီစဉ်ဆောင်ရွက်ချက်များကို ဖြည့်စွက်ဆွေးနွေးပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြားသည်။

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ အထွေထွေညီလာခံကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်အဝင်းက အကူအညီအထောက်အပံ့ရရှိနိုင်မည့် အခြေအနေများနှင့် Website ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ အစည်းအဝေးတက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက တာဝန်ယူဆောင်ရွက်ရမည့် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ တစ်သက်တာစာပေဆုကို အမျိုးသားစာပေဆုရ ဆရာကြီး တောသားကြီးလူနိုင် ရရှိ

**ရန်ကုန် ဩဂုတ် ၂**

ပခုက္ကူဦးအုန်းဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ကျော်လွင်(စက်မှု)ရေးသားသည့် "တောအရိပ်တောင်အရိပ်အောက်က စေတနာပုံရိပ်နှင့် အခြားဝတ္ထုတိုများ" စာမူ၊ ဒုတိယဆုကို ထီလာဝင်းယုမာ ရေးသားသည့် "ဆူးစည်းနှင့် အခြားဝတ္ထုတိုများ" စာမူ၊ တတိယဆုကို မောင်နေခြည်(ပြည်)ရေးသားသည့် "ခရေပန်းတို့၏ ဒဏ္ဍာရီနှင့် အခြားဝတ္ထုတိုများ" စာမူတို့ကလည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုရွှေသံ(မြန်မာစာ)ရေးသားသည့် "ကောင်းကျိုးအထွေထွေရယ်နှင့် ချွန်စေ မြစေသော်" စာမူ၊ ဒုတိယဆုကို ကောင်းကင်ရေးသားသည့် "စံပယ်ဖြူ အပွင့်မူ ဘယ်လိုသေးပေမယ့် လေသင့်ရာမွှေး"စာမူ၊ တတိယဆုကို ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)ရေးသားသည့် "မြတ်နိုးစွာနှောင်ဖွဲ့ထားသော"စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ကျော်စိုး(မြင်းမူ)ရေးသားသည့် "ပန်းအိပ်မက် ကဗျာများ"စာမူ၊ ဒုတိယဆုကို မောင်လွယ်အိတ် ရေးသားသည့် "အညာအလှ ရွာအလှ ကျေးလက်ရနံ့ကဗျာများ" စာမူ၊ တတိယဆုကို တင်မောင်ထက်(ကွမ်းခြံကုန်း) ရေးသားသည့် "ပန်းတစ်လှေနှင့်အခြားကဗျာများ"စာမူတို့ကလည်းကောင်း၊ သုတေသနဆုတွင် ပထမဆုကို ကိုကိုညိမ်း(ကောလင်း)ရေးသားသည့် "ဆင်ပြုစုရေးနှင့် ဆင်ဘဝ" စာမူ၊ ဒုတိယဆုကို လွင်မြန်မာ(မန်းတက္ကသိုလ်)ရေးသားသည့် "ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာစာဟောခြင်းနှင့် ပန်းဒကာခလေ့ သဘာဝ" စာမူ၊ တတိယဆုကို မောင်မောင်ချစ်ဦး(မုံရွာ)ရေးသားသည့် "အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် သာယာလှပရေရှည်တည့်တံ့ရေး"စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင် တတိယဆုကို မောင်ရွှေကျေး (တွံတေး) ရေးသားသည့် "ရှေးဟောင်းအမွေ ဒလမြေ" စာမူတို့ကလည်းကောင်း အသီးသီး ရရှိကြသည်။

၂၀၁၆ ခုနှစ်အတွက် "တစ်သက်တာစာပေဆု"ကို အမျိုးသားစာပေဆုရ စာရေးဆရာကြီး တောသားကြီးလူနိုင်က ရရှိသည်။

ပခုက္ကူဦးအုန်းဖေတည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်ခန့်မျိုးနောင်၊ ဒုတိယနှစ်(ဂီတအထူးပြု)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ဆန်းမင်းသူ ပထမနှစ်(သဘင်အထူးပြု)တို့က ရရှိကြသည်။

၂၀၁၆ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို စိုးတင့်(ရောဝတီ) ရေးသားသည့် "ကျွန်တော်ချစ်သော ရောဝတီ" စာအုပ်၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)ရေးသားသည့် "စိတ်ကိုရှုပ်ထွေးစေသော ဆေးပညာအယူအဆများနှင့် ကျန်းမာရေးအဖြာဖြာ" စာအုပ်နှင့် စိမ်းမြမြရေးသားသည့် "ကျွန်မ ဆရာဝန်ကတော်" စာအုပ်တို့က ရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်သည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၄၅၃၂ နှင့် စီမံရေးရာဌာန ဖုန်း ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အက်ဖ်ဘီအိုင် ဒါရိုက်တာ ရာထူးနေရာကို ခရစ္စတိုဖာဝေးအား ခန့်အပ်

**ဝါရှင်တန် ဩဂုတ် ၂**

အမေရိကန်ပြည်ထောင်စု၏ စုံစမ်းစစ်ဆေးရေးအဖွဲ့ (အက်ဖ်ဘီအိုင်) ဒါရိုက်တာရာထူးနေရာကို ခရစ္စတိုဖာဝေးအား အမေရိကန်ဆီးနိတ်လွှတ်တော်က ယမန်နေ့က ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆီးနိတ်လွှတ်တော်အမတ်များက အက်ဖ်ဘီအိုင် ဒါရိုက်တာရာထူးနေရာအား ခရစ္စတိုဖာဝေးအား ခန့်အပ်ရန် အဆိုတင်သွင်းမှုကို တစ်ခဲနက်ထောက်ခံခဲ့သည်။

ခရစ္စတိုဖာဝေးသည် မေလအတွင်း သမ္မတဒေါ်နယ်ထရန့် ရာထူးဖြုတ်ချခဲ့သော ဂျိမ်းစ်ကိုမီ နေရာတွင် တာဝန်ထမ်းရွက်မည်ဖြစ်သည်။

ခရစ္စတိုဖာဝေးသည် ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလက သမ္မတဟောင်းဂျော့ဒဗလျူဘုရှ်လက်ထက်တွင် တရားရေးဌာနလက်အောက်ရှိ မှုခင်းများကိုင်တွယ်ဖြေရှင်းရသည့်ဌာနတွင် တာဝန်ထမ်းရွက်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော မေလက အက်ဖ်ဘီအိုင်အနေဖြင့် သမ္မတထရန့်၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း ရုရှားနိုင်ငံပါဝင်ပတ်သက်မှုရှိမရှိကို စုံစမ်းစစ်ဆေးနေချိန်တွင် သမ္မတထရန့်သည် အက်ဖ်ဘီအိုင်ဒါရိုက်တာ ဂျိမ်းစ်ကိုမီအား ရုတ်တရက် ရာထူးမှ ဖြုတ်ချခဲ့သည်။

ရာထူးမှ ဖြုတ်ချခံရပြီးနောက် အက်ဖ်ဘီအိုင် ဒါရိုက်တာဟောင်း ဂျိမ်းစ်ကိုမီက သမ္မတထရန့်သည် သူ့အား အမှုနှင့်ပတ်သက်ပြီး ဆိုင်းငံ့ပေးရန် တွန်းအားပေးခဲ့ကြောင်း ကွန်ဂရက်သို့ ဖွင့်ဟပြောကြားခဲ့ကြောင်း သိရသည်။

ခရစ္စတိုဖာဝေးက သမ္မတ၏ဖိအားပေးမှု (သို့မဟုတ်) နိုင်ငံရေးအခြေအနေတစ်ရပ်အရ လုပ်ပိုင်ခွင့်အာဏာကို စိုးမိုးခြယ်လှယ်မည်ဆိုပါက ယခုရာထူးနေရာအား လက်ခံမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**






# ရက်ကာမြို့ကို သိမ်းယူထားသည့် အိုင်အက်စ်တို့အား ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့များ တိုးမြှင့်တိုက်ခိုက်

**ဘေရွတ် ဩဂုတ် ၂**

အမေရိကန်နိုင်ငံ ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားဒီမိုကရက်တစ် တပ်ဖွဲ့ဝင်များ (အက်စ်ဒီအက်ဖ်) တပ်ဖွဲ့ဝင်များက နိုင်ငံတောင်ပိုင်းနှင့် နီးစပ်ရာဒေသများကို သိမ်းယူထိန်းချုပ်ထားသည့် အစ္စလာမ့်စ်ထူထောင်ရေးအဖွဲ့၏ ရက်ကာမြို့အပါအဝင် ဒေသများအား ပြန်လည်သိမ်းယူခဲ့ကြောင်း ကာဒစ်တာဝန်ရှိသူများက ဩဂုတ် ၂ ရက်တွင် ပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်နိုင်ငံများအဖွဲ့မှ ပြောကြားရာတွင် ဆီးရီးယားဒီမိုကရက်တစ် တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ အခြေစိုက်စခန်းများမှ အရှေ့ဘက်ဆီသို့ မီတာ ၃၀၀ ထိ ရှေ့တိုးချီတက်နိုင်ခဲ့ပြီး ၎င်းတပ်ဖွဲ့အနေဖြင့် နေ့စဉ်အဆိုပါ ပမာဏအတိုင်း ရှေ့တိုးချီတက်နိုင်ခဲ့ကြောင်း ညွန့်ပေါင်းအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ဆီးရီးယားဒီမိုကရက်တစ် တပ်ဖွဲ့ဝင်များသည် အမေရိကန်၏ ကျောထောက်နောက်ခံပြုမှုဖြင့် စစ်ဆင်ရေးများဆင်နွှဲကာ ရက်ကာမြို့သိမ်းပိုက်ရေးကို ယခုနှစ် ဇွန်လအစောပိုင်းတွင် စတင်ခဲ့သည်။ ၎င်းတို့၏ ချေမှုန်းမှုများကြောင့် ဆီးရီးယားနိုင်ငံတစ်ဝန်းလုံးတွင် အိုင်အက်စ်စစ်သွေးကြွများအပေါ် ဖိနှိပ်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ခဲ့ပြီး အီရတ်နိုင်ငံ မိုဆူးလ်မြို့မှ အိုင်အက်စ်တပ်ဖွဲ့များအား လွန်ခဲ့သည့်လအတွင်းက မောင်းထုတ်နိုင်ခဲ့သည်။

**ရိုက်တာ။**

# ဂျပန်ကာကွယ်ရေးဝန်ကြီးအဖြစ် ကာကွယ်ရေးဝန်ကြီးဟောင်း အီဆူနိုရီ အိုနိုဒီရာ ရွေးချယ်ခံရမည်ဖြစ်ကြောင်း ရေပန်းစားလျက်ရှိ

**ကျိုတို ဩဂုတ် ၂**



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် သူ၏အစိုးရအဖွဲ့အား ပြုပြင်ပြောင်းလဲရေး လုပ်မည်ဆိုပါက ကာကွယ်ရေးဝန်ကြီးဟောင်း အီဆူနိုရီ အိုနိုဒီရာအား ကာကွယ်ရေးဝန်ကြီးအဖြစ်ပြန်လည်တင်မြှောက်ရန် မျှော်လင့်ပါကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

တောင်ဆူဒန်ဒေသ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့၏ ဂျပန်လူမျိုးအဖွဲ့ဝင်များ ပါဝင်ပတ်သက်မှုအရှုပ်တော်ပုံနှင့် ပတ်သက်ပြီး ကာကွယ်ရေး ဝန်ကြီးဌာနသည် အမျိုးမျိုးသော စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည်။ အဆိုပါအရှုပ်တော်ပုံများနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီး တိုမိုမီ အန်နာဒါသည် ဇူလိုင် ၂၉ ရက်တွင် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

အိုနိုဒီရာသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ ကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းရွက်ခဲ့သူဖြစ်သည်။ ၎င်းတာဝန်ထမ်းရွက်နေစဉ်အတွင်း တရုတ်နိုင်ငံ၏ ရေကြောင်း ကာကွယ်ရေးကဏ္ဍ မြင့်တက်လာမှုနှင့် မြောက်ကိုရီးယား နျူကလီးယားဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုစသည့် အရေးကြီးသော ကိစ္စရပ်များကို ကိုင်တွယ်ခဲ့ရသည်။

ထို့ပြင် ၎င်းအနေဖြင့် ဂျပန်-အမေရိကန် ကာကွယ်ရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများနှင့် ကာကွယ်ရေးလက်နက်များ တင်ပို့မှုအတွက် အခြေခံကျသော အချက်အလက်များကိုလည်း မူဝါဒရေးဆွဲချမှတ်ခဲ့သူဖြစ်သည်။

အိုနိုဒီရာသည် လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒသုတေသနပြုမှုကောင်စီဥက္ကဋ္ဌအဖြစ် လက်ရှိအချိန်တွင် တာဝန်ထမ်းရွက်လျက်ရှိသည်။ မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများ ပိုမိုလုပ်ဆောင်ခြင်းအပေါ် ရင်ဆိုင်ဖြေရှင်းရန် မူဝါဒရေးဆွဲရာတွင်လည်း ကူညီမှုများပေးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ရုရှားစစ်လေယာဉ်များ လေ့ကျင့်ပျံသန်းမှုနောက်မှ နေတိုးဂျက်တိုက်လေယာဉ်တစ်စင်း လိုက်လံပျံသန်းဟုဆို

**မော်စကို ဩဂုတ် ၂**

ဘောလ်တစ်ပင်လယ်၏ ကင်းလွတ်ရေပြင် ကောင်းကင်ယံ၌ လေ့ကျင့်ပျံသန်းနေသည့် ရုရှားလေတပ်မှ အမ်အိုင်ဂျီ-၃၁ အမျိုးအစားတိုက်လေယာဉ်နှစ်စင်းနှင့် အေအန်-၂၆ အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းတို့နောက်သို့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)မှ ဂျက်တိုက်လေယာဉ်တစ်စင်းက လိုက်ပါပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁ ရက်တွင် ပြောကြားသည်။

နေတိုးအဖွဲ့မှ အက်ဖ်-၁၈ အမျိုးအစား ဂျက်တိုက်လေယာဉ်သည် ဘောလ်တစ်ပင်လယ်ကင်းလွတ် ရေပြင်အထက် ကောင်းကင်၌ ပျံသန်းလေ့ကျင့်နေသည့် ရုရှားစစ်လေယာဉ်အုပ်စုနောက်သို့ ဘေးကင်းလုံခြုံသည့် အကွာအဝေးမှ တစ်မိနစ်ခန့်လိုက်ပါပျံသန်းခဲ့ပြီးနောက် လမ်းကြောင်းပြောင်းကာ ဘောလ်တစ်နိုင်ငံများ၏ လေကြောင်းပိုင်နက်များရှိရာသို့ ဦးတည်ပျံသန်းသွားသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘောလ်တစ်ပင်လယ်ကောင်းကင်ယံတွင် လေကြောင်းထိန်းသိမ်းကြပ်မတ်ရေးတာဝန်ထမ်းဆောင်နေသည့် ၎င်းတို့၏ ဂျက်တိုက်လေယာဉ်တစ်စင်းက ရုရှားစစ်လေယာဉ်များကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း နေတိုးအဖွဲ့က အစောပိုင်းတွင် ပြောကြားခဲ့သည်။

ရုရှားစစ်လေယာဉ်များသည် ၎င်းတို့၏ လေ့ကျင့်ပျံသန်းမှုစတင်ပြုလုပ်ကတည်းက နိုင်ငံတကာဥပဒေများအား လေးစားလိုက်နာကာ နိုင်ငံတကာလေကြောင်းပိုင်နက်အတွင်း စည်းကမ်းကျနစွာ လေ့ကျင့်ပျံသန်းခဲ့ခြင်းဖြစ်ပြီး အခြားမည်သည့်နိုင်ငံ၏ လေကြောင်းပိုင်နက်ကိုမျှ ချိုးဖောက်ပျံသန်းခြင်းမပြုကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်ဦးဆောင်သော မဟာမိတ်နိုင်ငံများက ၂၀၁၄ ခုနှစ်မှ စတင်ကာ ရုရှားနိုင်ငံ၏ အနောက်ဘက်နယ်နိမိတ်အနီး၌ စစ်ရေးအရတည်ရှိမှုများ တိုးမြှင့်ပြုလုပ်လာပြီးနောက် လွန်ခဲ့သည့်နှစ်အတွင်း ရုရှားနှင့် နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံများမှ လေယာဉ်များ၏ လေကြောင်းရင်ဆိုင်မှုဖြစ်ရပ်များ တိုးမြှင့်လာခဲ့သည်။

**ဆင်ဟွာ။**



# ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့်ပတ်သက်၍ အရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုနှင့် အရေးကြီးအဆို(၁)ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ **ပန်ဆောင်မြို့ပေါ်မှ နယ်စပ်အထိ (၁/၃)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော Dragon Power Light ကုမ္ပဏီအား အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က နန်းယွန်းမြို့နယ် ပန်ဆောင်မြို့ပေါ်မှ နှစ်နိုင်ငံနယ်စပ်အထိ ၂ မိုင် ၃ ဖာလုံ ကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါကြောင်း၊ Dragon Power Light ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

မြေပြင်ကွင်းဆင်းစိစစ်ချက်အရ ကျောက်လမ်းခင်းပြီး ၁ မိုင် ၃ ဖာလုံတွင် ကတ္တရာ ၁ ဖာလုံဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်ကျန်ကျောက်လမ်း ၁ မိုင်နှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုမ္ပဏီအနေဖြင့် တစ်ဖက်နိုင်ငံမှ ကတ္တရာဝယ်ယူရန် အခက်အခဲရှိနေခြင်း၊ မြစ်ကြီးနားမှ ဝယ်ယူမည်ဆိုပါကလည်း နယ်မြေလုံခြုံရေးအခြေအနေအရ သယ်ယူရန် မလွယ်ကူခြင်းတို့ကြောင့် လုပ်ငန်းကြန့်ကြာနေရခြင်းဖြစ်သည်ဟု စိစစ်သိရှိရပါကြောင်း။

Dragon Power Light ကုမ္ပဏီအနေဖြင့် လုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဩဂုတ်လကုန်တွင်ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးမှုမရှိပါက အဆိုပါကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံစာချုပ်ပျက်ပြယ်စေခြင်း၊ Black List စာရင်းသွင်းခြင်း၊ နောင်ဆောင်ရွက်မည့် တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ခွင့်ပြုမည်မဟုတ်ပါကြောင်း ဖြေကြားသည်။


ဦးသိန်းထွန်း


ဒေါက်တာသန်းအောင်စိုး


ဒေါက်တာမြင့်ထွေး

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **တမူးမြို့နယ် မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးအား ကုန်သွယ်မှုပမာဏမြှင့်တင်ပေးနိုင်ရန် ကုန်သွယ်ရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက တမူးကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ တမူးကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေမှာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၄၅ သန်းခန့်သာရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ကုန်သွယ်မှုတစ်ခုလုံး၏ သုည ဒသမ ၆ ရာခိုင်နှုန်းကိုသာ ဆောင်ရွက်နိုင်သေးပါကြောင်း။

တမူးမြို့ ကုန်သွယ်ရေးဇုန်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာဘက်ခြမ်းရှိ ကလေးဝ-ကျီကုန်း-တမူး ကားလမ်းကို ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ တမူးခရိုင်နှင့် ထိစပ်လျက်ရှိသော မဏိပူရ်ပြည်နယ် မိုရေးမြို့နယ်တွင် ဒေသတည်ငြိမ်အေးချမ်းမှုမရှိပါကြောင်း၊ လုံခြုံရေးပိုမိုကောင်းမွန်သည့်အချိန်မှသာ ကုန်သွယ်ရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်ဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘောထားပေးပို့ထားပါကြောင်း။

တမူးမြို့နယ်တွင် ကုန်သွယ်ရေးဇုန်တစ်ရပ် ထူထောင်ရန် အခြေခံလိုအပ်ချက်များ ပြည့်စုံမှုမရှိခြင်း၊ ကုန်သွယ်မှုအလားအလာနည်းပါးခြင်းတို့ကြောင့် ကုန်သွယ်ရေးဇုန်တစ်ရပ် အကောင်အထည်ဖော်ရန်ကိစ္စကို လောလောဆယ်စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်း၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်နှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းတို့၏ ပညာရေးဝန်ထမ်းများအား နှစ်စဉ်ဝတ်စုံစရိတ်ချီးမြှင့်ပေးရေး၊ ထီးအုံစောက်ရွာအတွက် သင့်လျော်သောကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲရလဒ်များကို ကျား/မ တန်းတူသတ်မှတ်ပေးရေး၊ လှိုင်သာယာမြို့နယ် လက်မှုလုပ်ငန်းပညာသင်ကျောင်း ပြန်လည်ဖွင့်လှစ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းထားသည့် **"ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့်ပတ်သက်၍ ရောဂါကူးစက် ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို"**နှင့်စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုးက H1N1 နှင့်ပတ်သက်သည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်သူလည်း အစိုးရိမ်မလွန်ရန် ပြောကြားထားပါကြောင်း၊ အဓိကမှာ လူထူထပ်သည့် နေရာများမသွားရန်နှင့် လက်မကြာခဏဆေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ရောဂါပြင်းပြင်းထန်ထန်မခံစားရစေရန် ကာကွယ်ဆေးထိုး၍ ဆောင်ရွက်ထားနိုင်သည်ဟု သိရပါကြောင်း၊ ထားဝယ်တွင်ဖြစ်နေသည့် H5N1 ကြက်ငှက်တုပ်ကွေးရောဂါမျိုးနှင့် ပေါင်းစပ်မိလျှင် ဗိုင်းရပ်စ်ဗီဇမျိုးအသစ်ဖြစ်လာနိုင်ခြေရှိသည့်အတွက် အထူးဂရုပြုသတိထားနေထိုင်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစန်းသီတာခင်က လူထုအတွင်း ကျန်းမာရေးဗဟုသုတအားနည်းခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ စားသောက်မှုနှင့် လူနေမှုစနစ်ကျမှုများ အားနည်းခြင်း၊ ပြည့်စုံလုံလောက်သော ကျန်းမာရေးအထောက်အကူပြုမှု

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

# ပခုက္ကူမြို့နယ် ကျွန်းညိုကြီး-ကျပ်တန်းကုန်းကျေးရွာ ကမ်းပြိုပျက်စီးခဲ့ရခြင်းအကြောင်းရင်းနှင့်စပ်လျဉ်း၍ ဖြေကြား

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေ ကျပ်သိန်းပေါင်း ၃၅၀၀ ဖြင့် တည်ဆောက်ခဲ့သော ပခုက္ကူမြို့နယ် ကျွန်းညိုကြီး - ကျပ်တန်းကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးတည်ဆောက်ခြင်းလုပ်ငန်းသည် လုပ်ငန်းအပ်ပြီး ရက်ပိုင်းအတွင်း ကမ်းပြိုပျက်စီးခဲ့ရခြင်း အကြောင်းရင်းကို သိရှိလိုပါကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် စီမံချက်ရေးဆွဲရာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော အခြေခံစံနှုန်းတွက်ချက်မှုများဖြင့် တွက်ချက်ပြီး လုပ်ငန်းသုံးပစ္စည်းများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ထားသော ဒေသပေါက်ဈေးနှုန်းများအတိုင်း အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူခဲ့ပြီး လုပ်ငန်းစီမံချက်များအား ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီမှ စိစစ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

လက်ရှိကမ်းပြိုမှုအခြေအနေမှာ အများဆုံး ၂၅ ပေခန့် ကမ်းပါးနောက်သို့ ပြိုကျခဲ့ပြီး ကျေးရွာလူနေအိမ်များနှင့် ပေ ၁၀၀ ခန့် ကွာဝေးပါကြောင်း၊ ဧရာဝတီမြစ်ရေ မြင့်တက်လာသည့်အတွက် ရေစားကမ်းပြိုမှုအား အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဖြစ်သော Floating Structure ၁၁၅ ခု ချထားပေးခြင်း၊ အလေးဝန်ဆွဲသစ်ကိုင်းများ ကမ်းပါးတစ်လျှောက်ချထားပေးခြင်း၊ Steel Cable Groyne စုစုပေါင်း ၁၈ ခုနှင့် ကမ်းပါးတစ်လျှောက်Slope ဖြေ၍ Polyfelt များ ခင်းပြီး မျောတိုင်များရိုက်ကာ သဲအိတ်များဖြင့် ဖိပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသည့်အတွက် မြစ်ရေကျချိန် ကွင်းဆင်းတွေ့ရှိချက်အရ ရေတိုက်စားကမ်းပြိုမှု ဆက်လက်ဖြစ်ပွားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ **အိမ်မဲမြို့နယ်၏ အများပြည်သူသွားလာနေသော လမ်းဘေးတွင် ခွင့်ပြုချက်မရဘဲ စည်းကမ်းမဲ့ လုပ်ကိုင်နေသော အုတ်၊ သဲ၊ ကျောက်စရစ်လုပ်ငန်းများကို ဖယ်ရှားပေးရန် မြို့နယ်ရှိ သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် အကြိမ်ကြိမ်ညှိနှိုင်းပြီးသော်လည်း ဆောင်ရွက်ခြင်းမရှိသည့်အတွက် မည်သည့်အချိန်ကာလတွင် အပြီးသတ်ဖယ်ရှားမည်ကို သိရှိလိုပါကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အိမ်မဲချောင်းကမ်းပါးတစ်လျှောက်တွင် ၂၀၀၂ ခုနှစ်မှစ၍ ခွင့်ပြုချက်ရယူခြင်း မရှိဘဲ လုပ်ကိုင်နေသော အုတ်၊ သဲ၊ ကျောက် လုပ်ငန်း ၃ ခု ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိသည့်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၇ ခုနှစ် မေ ၁၉ ရက် နောက်ဆုံးထားပြောင်းရွှေ့ရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များထံ အသိပေးအကြောင်းကြားခဲ့သော်လည်း ရှင်းလင်းဖယ်ရှားခြင်းမရှိသည့်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဖယ်ရှား ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ဦးကျော်မျိုး


ဦးမြမင်းဆွေ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ထန်တလန်မြို့မှ အရှေ့တောင်ဘက် ၅၉ မိုင်အကွာတွင် တည်ရှိသော နှာဟရိန်ကျေးရွာနယ်မြေရှိ ဘွိုင်နူမြစ်အား ရေအားလျှပ်စစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထန်တလန်မြို့နယ် နှာဟရိန်ကျေးရွာအနီးရှိ လျှာထားစီမံကိန်း တည်နေရာသည် ဘူမိဗေဒအခြေအနေအရ အမြင့်တမံ တည်ဆောက်ပြီး ရေသွယ်ဥမင်လိုဏ်ဖြင့် ရေသွယ်ယူ၍ ရေအားလျှပ်စစ်ထုတ်ယူရန် ဖြစ်နိုင်ခြေမရှိပါကြောင်း၊ ဘွိုင်နူမြစ်ပေါ်တွင် မြေမျက်နှာသွင်ပြင်နှင့် ဘူမိဗေဒအခြေအနေတို့နှင့် သင့်လျော်မည့် အနိမ့်တမံစနစ် သို့မဟုတ် အသေးစားရေအားလျှပ်စစ်စီမံကိန်းတစ်ခု အကောင်အထည်ဖော် တည်ဆောက်နိုင်ခြင်း ရှိ၊ မရှိကို လာမည့်ပွင့်လင်းရာသီဖြစ်သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စူးစမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး စူးစမ်းတိုင်းတာတွေ့ရှိမှုအခြေအနေကို အစီရင်ခံစာပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့သို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ထောက်ခံဆွေးနွေးပြီး အဆိုပါဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြသီတာထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော၊ ဗိုလ်မှူးကိုကိုနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

သမ္မတဒေါ်နယ်လ်ထရန့်ဟာ အရှေ့တောင်အာရှဒေသကို ချဉ်းကပ်ရာမှာ ပုံစံသစ်နဲ့ချဉ်းကပ်နေပါတယ်။ ဒီပုံစံသစ်က အလျော်အစားတွက်ချက်ထားတဲ့ ခြေလှမ်းမျိုးပါ။ အခုအချိန်အထိ အနေအထားပေါ် အခြေခံပြောရရင် သမ္မတဒေါ်နယ်လ်ထရန့်ဟာ တရုတ်နိုင်ငံရဲ့ နှောင်ကြိုးမဲ့ချဉ်းကပ်ပုံကို ထင်ဟပ်အတုယူထားတဲ့ပုံပါပဲ။ တရုတ်နိုင်ငံက တခြားနိုင်ငံတွေကို သံတမန်ရေးချဉ်းကပ်မှုတွေနဲ့ အကူအညီအထောက်အပံ့တွေ၊ ပေးအပ်မှုတွေ ပြုလုပ်ရာမှာ နှောင်ကြိုးမရှိပါဘူးလို့ အစဉ်အဆက်ပြောဆိုရပ်တည်ခဲ့တာပါ။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်ခင်ရက်ပိုင်းအလိုမှာပဲ ဒေါ်နယ်လ်ထရန့်ရဲ့ အာရှတိုက်ဆိုင်ရာ မူဝါဒအကြံပေးနှစ်ဦးဖြစ်တဲ့ အဲလက်ဇန္ဒားဂရေး (Alexander Gray)နဲ့ ပီတာနက်ဗာရို(Peter Navarro)တို့က နိုင်ငံခြားရေးမူဝါဒ(Foreign Policy) မဂ္ဂဇင်းမှာ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါတယ်။ ဒေါ်နယ်လ်ထရန့်ရဲ့ အာရှတိုက်ဆိုင်ရာ ရပ်တည်ချက်ကို ချပြထားတာပါ။ သူတို့နှစ်ဦးက "ဒေါ်နယ်လ်ထရန့်ဟာ နိုင်ငံခြားရေးမူဝါဒအကျိုးစီးပွားအတွက်ကြောင့်တော့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးကို ဘယ်တော့မှ အထိခိုက်ခံမှာမဟုတ်ဘူး။ ငြိမ်းချမ်းရေးကို အင်အားဖြင့်သာ ထိန်းသိမ်းသွားမယ်"လို့ ရေးသားထားပါတယ်။ သမ္မတဒေါ်နယ်လ်ထရန့် အစိုးရအဖွဲ့အာဏာရယူခဲ့တာ ခြောက်လရှိပြီဖြစ်တဲ့ ဒီကနေ့မှာ အာရှတိုက်ဆိုင်ရာအမေရိကန်နိုင်ငံရဲ့ မူဝါဒဟာ ဒီအကြံပေးပုဂ္ဂိုလ်နှစ်ဦး ရေးသားခဲ့သလိုဖြစ်နေတာကို တွေ့ရပါတယ်။

သမ္မတဒေါ်နယ်လ်ထရန့်ဟာ လွတ်လပ်တဲ့ကုန်သွယ်ရေးသဘောတူညီချက်ကနေ နုတ်ထွက်လိုက်တဲ့အတွက် အမေရိကန်နိုင်ငံရဲ့ မဟာမိတ်ဖြစ်တဲ့ တချို့အာရှနိုင်ငံတွေက စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ပါတယ်။ သမ္မတဒေါ်နယ်လ်ထရန့်ရဲ့အမြင်မှာ ဒီလွတ်လပ်တဲ့ကုန်သွယ်ရေးသဘောတူညီချက်တွေဟာ အမေရိကန်နိုင်ငံရဲ့ အကျိုးစီးပွားကို ဖီလာဆန့်ကျင်နေတာပါ။ မြောက်ကိုရီးယားနိုင်ငံနဲ့ပတ်သက်ရင် သမ္မတဒေါ်နယ်လ်ထရန့်က အတော်ကြီးကို တင်းမာရန်လိုတဲ့ရပ်တည်ချက်ကို ဆုပ်ကိုင်ထားတာပါ။

နိုင်ငံရေးအရ ဒီလိုထင်သာမြင်သာရှိတဲ့ ကိစ္စရပ်တွေကို ဘေးဖယ်ကြည့်လိုက်ရင် ပြီးခဲ့တဲ့လတွေအတွင်း အာရှနိုင်ငံတွေနဲ့ဆက်ဆံရာမှာ နိုင်ငံအလိုက်ကွဲပြားချက်တွေအပေါ် မူတည်ပြီး သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်နိုင်ဖို့ ဦးတည်ကြိုးပမ်းလာတာကို တွေ့ရပါတယ်။ ဒီအချက်က အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ဆက်ဆံရေးမှာ ပိုသိသာပါတယ်။ ဒီနှစ်ဧပြီလအထိ သမ္မတဒေါ်နယ်လ်ထရန့် အစိုးရအဖွဲ့က အရှေ့တောင်အာရှဒေသကို သိပ်အာရုံစိုက်ခဲ့ပုံမရပါဘူး။ ဧပြီလမှာပဲ အမေရိကန်ဒုတိယသမ္မတ မိုက်ပဲန့်စ်(Mike Pence)က အင်ဒိုနီးရှားနိုင်ငံကို သွားရောက်ခဲ့ပြီး အာဆီယံအဖွဲ့ရုံးကိုလည်း ဝင်ရောက်ခဲ့ပါတယ်။ သမ္မတဒေါ်နယ်လ်ထရန့်ကလည်း ဧပြီလထဲမှာပဲ စင်ကာပူ၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေဆီ ဖုန်းဆက်ပြောဆိုပြီး အိမ်ဖြူတော်ကိုလာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ပြောရရင် အမေရိကန်နိုင်ငံနဲ့ ထိုင်းနိုင်ငံအကြား ဆက်ဆံရေးဟာ အမေရိကန်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံအကြား ဆက်ဆံရေးလိုပဲ။ သမ္မတအိုဘားမားလက်ထက်မှာ လူ့အခွင့်အရေးကိစ္စတွေအပေါ် အခြေခံပြီး တင်းမာနေခဲ့တာပါ။

ဒီဖြစ်ရပ်တွေဖြစ်အပြီး ရက်ပိုင်းအတွင်းမှာပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆင် (Rex Tillerson)က ဝါရှင်တန်မှာ အာဆီယံနိုင်ငံ ၁၀ နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ မေလနှောင်းပိုင်းမှာ သမ္မတဒေါ်နယ်လ်ထရန့်က ဗီယက်နမ်ဝန်ကြီးချုပ်ကို အိမ်ဖြူတော်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဗီယက်နမ်ဝန်ကြီးချုပ်ဟာ သမ္မတဒေါ်နယ်လ်ထရန့်နဲ့ ပထမဦးဆုံးတစ်ဦးချင်းတွေ့ဆုံခဲ့တဲ့ အာဆီယံခေါင်းဆောင်ပါ။ ဒီနှစ်နှောင်းပိုင်းမှာ ကျင်းပဖို့စီစဉ်ထားတဲ့ ဒေသဆိုင်ရာအစည်းအဝေးတွေကို သမ္မတဒေါ်နယ်လ်ထရန့် တက်ရောက်မယ်လို့ အားလုံးက မျှော်လင့်ထားကြတာပါ။ သမ္မတသစ်ကို သမ္မတဟောင်းနဲ့ နှိုင်းယှဉ်ဝေဖန်သုံးသပ်တာကတော့ လုပ်ရိုးလုပ်စဉ်ကိစ္စပါ။ သမိုင်းကို ပြန်ကြည့်လိုက်ရင် ၁၉၇၀ ဝန်းကျင်ကစပြီး သမ္မတအိုဘားမားလောက် ဘယ်အမေရိကန်သမ္မတမှ အာဆီယံဒေသကို ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ဆက်ဆံခဲ့တာမဟုတ်ပါဘူး။ လူပြောများတဲ့သူ့ရဲ့ အာရှတိုက်ဗဟိုပြုမူဝါဒနဲ့အတူ သမ္မတအိုဘားမားဟာ အရှေ့တောင်အာရှဒေသကို အထူးအာရုံစိုက်ခဲ့တာပါ။

သမ္မတအိုဘားမားရဲ့ အာရှတိုက်ဆိုင်ရာမူဝါဒထိန်းညှိမှုဟာ အောင်မြင်မှုရှိသလား၊ မရှိဘူးလားဆိုတာက သုံးသပ်ဝေဖန်သူတွေအကြားမှာ ဝိဝါဒကွဲပြားနေတဲ့ကိစ္စပါ။ ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်ရဲ့ နိုင်ငံရေးသိပ္ပံပညာရှင် တိုက်တနေ ပေါင်ဆက်ဒီရက် (Thitinan Pongsudhirak)က "သမ္မတအိုဘားမားရဲ့ မူဝါဒဟာ အနှစ်သာရမဲ့ပြီး ယုံကြည်အားကိုးလို့မရပါဘူး"လို့ ပြောကြားခဲ့သလို "လေကြီးမိုးကြီးပြောပြီး လက်တွေ့မှာ မျက်နှာချိုသွေးတာပါပဲ"လို့လည်း မှတ်ချက်ပြုခဲ့ပါတယ်။ သမ္မတအိုဘားမားရဲ့ မူဝါဒတွေကို ဝေဖန်သူတွေကလည်း အာရှတိုက်ဗဟိုပြု မူဝါဒဟာ အမေရိကန်နိုင်ငံအနေနဲ့ အရှေ့ဥရောပနိုင်ငံတွေနဲ့ အရှေ့အလယ်ပိုင်းဒေသကို အာရုံမစိုက်နိုင်အောင် ဖန်တီးခဲ့တာပဲရှိပါတယ်လို့ သုံးသပ်ကြပါတယ်။ ပြောရမယ်ဆိုရင် ယူကရိန်းနိုင်ငံကို ရုရှားနိုင်ငံက ကျူးကျော်ခဲ့တာနဲ့ ပတ်သက်ပြီး လက်တုံ့မပြန်နိုင်ခဲ့တာ၊ ဆီးရီးယားနိုင်ငံမှာ ဒါတော့ ထိပါးမခံဘူးလို့ ကြွေးကြော်ခဲ့ပြီး လက်တွေ့ကျူးလွန်ခဲ့တာကို လက်ပိုက်ကြည့်နေခဲ့ရတာ၊ စတဲ့ စတဲ့ ကိစ္စရပ်တွေကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနဟာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ သံတမန်ရေးချိန်ညှိမှုတွေကို ပြုလုပ်နေခဲ့ ရတာပါ။ ဒါကြောင့်လည်း အရှေ့တောင်အာရှဒေသကို သိပ်အာရုံမစိုက်နိုင်ခဲ့ပါဘူး။

သမ္မတအိုဘားမားရဲ့ အာရှတိုက်ဗဟိုပြုမူဝါဒ ဘယ်လောက်မခိုင်မာသလဲဆိုရင် သူ့အစိုးရအဖွဲ့ရဲ့ အောင်မြင်မှုလို့ အမွှမ်းတင်ပြောနေတဲ့ကိစ္စရပ်တွေ မြန်မြန်ဆန်ဆန် နိဋ္ဌိတံသွားတာက ညွှန်ပြနေပါတယ်။ ပစိဖိတ်ဖြတ်ကျော်ဘက်စုံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်(TPP)ကို သမ္မတအိုဘားမားအစိုးရအဖွဲ့ရဲ့ စီးပွားရေးဆိုင်ရာ အမွေအဖြစ် မျှော်မှန်းခဲ့တာပါ။ တကယ်ကတော့ ဒီစီးပွားရေးစာချုပ်ကို သမ္မတဂျော့ဒဗလျူဘုရှ်လက်ထက်ကတည်းက ကြံစည်ကြိုးပမ်းခဲ့တာပါ။ သမ္မတတာဝန်စတင်ထမ်းဆောင်တဲ့ပထမနေ့မှာပဲ သမ္မတဒေါ်နယ်လ်ထရန့်က ဒီကုန်သွယ်ရေးသဘောတူညီချက်(TPP)ကို အဆုံးသတ်ခဲ့တာကြည့်ပြီး သုံးသပ်ဝေဖန်သူအများစုက သမ္မတဒေါ်နယ်လ်ထရန့် အစိုးရအဖွဲ့ဟာ အရှေ့တောင်အာရှဒေသကို သိပ်အာရုံစိုက် အလေးထားမှာမဟုတ်ဘူးလို့ ကောက်ချက်ချခဲ့ကြပါတယ်။

စင်ကာပူနိုင်ငံလို ပစိဖိတ်ဖြတ်ကျော် ဘက်စုံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်(TPP)ကို လက်မှတ်ရေးထိုးခဲ့တဲ့နိုင်ငံတွေက နိုင်ငံရေးသမားတွေနဲ့ ဝေဖန်သုံးသပ်သူတွေဟာ "သမ္မတဒေါ်နယ်လ်ထရန့်ရဲ့ ဒီလုပ်ရပ်ဟာ အာရှတိုက်ရဲ့ စီးပွားရေးမူဝါဒ အလားအလာတွေနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံကို လုပ်ချင်ရာ လုပ်ပါတော့လို့ လုပ်ပိုင်ခွင့်ပေးလိုက်တာနဲ့ အတူတူပါပဲ"လို့ ညည်းညူကြပါတယ်။ ပြောရရင် ဒီစကားဟာ တရုတ်နိုင်ငံက ဦးဆောင်ကြိုးပမ်းနေတဲ့ "တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း(OBOR)" နဲ့ "ဘက်ပေါင်းစုံဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership)"တို့လို ကိစ္စရပ်တွေကို ရည်ညွှန်းပြောဆိုခဲ့တာပါ။

ဒါပေမယ့် ဝေဖန်သုံးသပ်သူအများစုက ပစိဖိတ်ဖြတ်ကျော်ဘက်စုံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်(TPP)မှာ လက်မှတ်ရေးထိုးထားတဲ့ အရှေ့တောင်အာရှနိုင်ငံက လေးနိုင်ငံပဲရှိတာကို မျက်စိလျှမ်းနေပုံရပါတယ်။ တချို့ကြတော့လည်း ဒီစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးမထားပေမယ့် ဒီစာချုပ်ပျက်ပြယ်သွားတာကိုပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတာပါ။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က 'ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီစာချုပ်ပျက်ပြယ်သွားတာကို ကျွန်တော်သိပ်ဝမ်းသာတာပဲဗျာ"လို့ မတ်လထဲမှာ ရင်ဖွင့်ပြောဆိုခဲ့တာပါ။ အံ့ဩစရာကောင်းတာကတော့ ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်း ဟီလာရီကလင်တန်ကလည်း ရွေးကောက်ပွဲ မဲဆွယ်ကာလတစ်လျှောက် ဒီစာချုပ်(TTP)ကို ရပ်သိမ်းဖို့ ကတိပြုပြောကြားခဲ့တာပါ။

သမ္မတအိုဘားမားရဲ့အာရှဗဟိုပြုမူဝါဒမှာ အဓိကဒေါက်တိုင်တစ်ခုက လုံခြုံရေးပါ။ သမ္မတအိုဘားမားက အမေရိကန်ရေတပ်အင်အားရဲ့ ၆၀ ရာခိုင်နှုန်းကို အာရှဒေသမှာ ဖြန့်ကြက်ဖို့ ကတိကဝတ်ပြုခဲ့တာပါ။ ဒီခြေလှမ်းဟာ တရုတ်နိုင်ငံက သူ့ခြေသူ့လက်ဖြစ်လာအောင် မူဝါဒချမှတ်ကြိုးပမ်းလာတာကို တုံ့ပြန်ဖို့ အမေရိကန်နိုင်ငံက ဆောင်ရွက်လာတာလို့ သုံးသပ်ဝေဖန်သူအများစုက ယုံကြည်ကြပါတယ်။ အမေရိကန်အရာရှိတွေကတော့ ဒီအချက်ကို လူသိရှင်ကြားငြင်းဆိုထားပါတယ်။ တောင်တရုတ်ပင်လယ်အတွင်း အားပြိုင်မှုအနေအထားကိုကြည့်လိုက်ရင် ဒီအချက်က သိသာပါတယ်။

အမေရိကန်နိုင်ငံက ဘယ်လိုကတိကဝတ်တွေပဲပြုပြု လက်တွေ့မှာ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း စစ်ရေးတည်ဆောက်မှုတွေပြုလုပ်နေတဲ့အတွက် သမ္မတအိုဘားမားရဲ့ အာရှဗဟိုပြုမူဝါဒမှာ အဓိကဒေါက်တိုင်ဖြစ်တဲ့ လုံခြုံရေးကလည်း မခိုင်မာ၊ မထိရောက်တော့ပါဘူး။ သမ္မတအိုဘားမားနဲ့ အငြင်းပွားပဋိပက္ခဖြစ်ပြီး တရုတ်နိုင်ငံကို လိုလားထောက်ခံတဲ့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ဒီနှစ်အစောပိုင်းမှာ "တကယ့်သြဇာအာဏာက တရုတ်နိုင်ငံလက်ထဲမှာရှိတာပါ။ တရုတ်နိုင်ငံက ဒေသတွင်းမှာ စစ်ရေးအရ အသာစီးရယူထားတာပါ"လို့ ပြောကြားခဲ့တာက သကြ်န်အမြောက်ဖောက်သလို အမေရိကန်နိုင်ငံကို ဆန့်ကျင်ရပြီးရောပြောခဲ့တာမဟုတ်ပါဘူး။ ဖိလစ်ပိုင်နိုင်ငံရဲ့ အမြင်ကို အရှိကို အရှိတိုင်းပြောခဲ့တာပါ။ ။

> သမ္မတအိုဘားမားရဲ့ အာရှတိုက်ဗဟိုပြုမူဝါဒ ဘယ်လောက်မခိုင်မာသလဲဆိုရင် သူ့အစိုးရအဖွဲ့ရဲ့ အောင်မြင်မှုလို့ အမွှမ်းတင်ပြောနေတဲ့ကိစ္စရပ်တွေ မြန်မြန်ဆန်ဆန် နိဋ္ဌိတံသွားတာက ညွှန်ပြနေပါတယ်။ ပစိဖိတ်ဖြတ်ကျော်ဘက်စုံကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှုစာချုပ်(TPP)ကို သမ္မတအိုဘားမားအစိုးရအဖွဲ့ရဲ့ စီးပွားရေးဆိုင်ရာ အမွေအဖြစ် မျှော်မှန်းခဲ့တာပါ။ တကယ်ကတော့ ဒီစီးပွားရေးစာချုပ်ကို သမ္မတဂျော့ဒဗလျူဘုရှ်လက်ထက်ကတည်းက ကြံစည်ကြိုးပမ်းခဲ့တာပါ။ သမ္မတတာဝန်စတင်ထမ်း ဆောင်တဲ့ ပထမနေ့မှာပဲ သမ္မတဒေါ်နယ်လ်ထရန့်က ဒီကုန်သွယ်ရေးသဘောတူညီချက် (TPP)ကို အဆုံးသတ်ခဲ့တာကြည့်ပြီး သုံးသပ်ဝေဖန်သူအများစုက သမ္မတ ဒေါ်နယ်လ် ထရန့် အစိုးရအဖွဲ့ဟာ အရှေ့တောင်အာရှဒေသကို သိပ်အာရုံစိုက် အလေးထားမှာမဟုတ် ဘူးလို့ ကောက်ချက်ချခဲ့ကြပါတယ်။

*REP: Tormp puts Pragmatism before ideology in Southeath Asia by David Hutt (Asia Time: July 20,2017)*

**(ဆက်လက်ဖော်ပြပါမည်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောဝန်ထမ်းတစ်ဦးလျှင် သစ်တောရေိယာနှစ်သောင်းခန့် တာဝန်ယူနေရ

**စစ်ကိုင်း ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် သစ်တောလုပ်ငန်းဆောင်ရွက်သည့် ဝန်ထမ်းများက ဝန်ထမ်းတစ်ဦးလျှင် သစ်တောဧရိယာ ဧကနှစ်သောင်းခန့်ကို တာဝန်ယူအုပ်ချုပ်နေရသည့် အနေအထားတွင် ရှိနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

"သစ်တောဝန်ထမ်းတစ်ဦးကို သစ်တောဧရိယာနှစ်သောင်းလောက် တာဝန်ယူအုပ်ချုပ်နေရတဲ့အတွက် တောထဲကင်းလှည့်စစ်ဆေးတဲ့နေရာမှာ နှံ့စပ်အောင်ထိထိမိမိမဆောင်ရွက်နိုင်တဲ့ အနေအထားတွေရှိပါတယ်။ အထူးသဖြင့် တရားမဝင်သစ်ကို ကာကွယ်တဲ့နေရာမှာ တောထဲမှာရှိတဲ့ သစ်ပင်တွေအခုတ်မခံရဖို့က အင်မတန်အရေးကြီးတဲ့ကိစ္စပါ။ ဒီအတွက်ကြောင့် ကျွန်တော်တို့ဆောင်ရွက်ဖို့အတွက်ကျတော့ တချို့ဘိနယ်တွေမှာ တောအုပ်ကတစ်ယောက်၊ တောခေါင်းကတစ်ယောက် အဲဒီလောက်နဲ့ထိန်းသိမ်းနေရပါတယ်။ တောထဲ ကင်းလှည့်စစ်ဆေးတဲ့အခါမှာ အလွန်အန္တရာယ်များပါတယ်။ သစ်ခိုးတဲ့သူတွေက အုပ်စုဖွဲ့ပြီးတော့ အယောက် ၂၀၊ ၃၀ ဟာ လက်နက်တွေကိုင်ဆောင်လာတာတွေရှိတယ်။ သစ်တောဝန်ထမ်းတွေကတော့ ခါးချိတ်ဓားလောက်နဲ့ သွားရတဲ့အခါ လုံခြုံရေးအာမခံချက်မရှိတော့ ပြန်ဆုတ်ခွာလာရတာတွေရှိသလို တစ်ခါတလေ သတင်းပို့နေတုန်းသူတို့က တစ်နေရာရွှေ့ပြောင်းသွားတာ လက်စဖျောက်ပစ်တာတို့ ကြုံရပါတယ်"ဟု ဦးခင်မောင်ဝင်းက ရှင်းပြသည်။

သစ်တောထဲတွင် သစ်ဖမ်းမိ၍ သစ်တောဝန်ထမ်းက သိမ်းကာ တောထဲမှ ဖမ်းမိသစ်များသယ်ထုတ်ရန်အတွက် လူငှား၊ ကားငှားရသည့် ပြဿနာသည် အတော်ပင်ကြီးမားနေပြီး ဒေသခံများအနေဖြင့်လည်းသစ်မိသူများနှင့် အကြောင်းကြောင်းကြောင့် ဆက်စပ်နေမှုများရှိသလို ဒေသခံများအနေဖြင့် ဖမ်းမိသစ်များဝိုင်းကူသယ်ပေးလျှင် သစ်ခိုးသူများက အန္တရာယ်ပြုမည်ကို ကြောက်ရွံ့ကြသည့်အတွက် လူငှားရန် အလွန်ခက်ခဲနေကြောင်း သိရသည်။

သို့အတွက်ကြောင့် သစ်များပြန်လည်အခိုးခံရသည့်ကိစ္စများရှိနေပြီး ဝန်ထမ်းများကိုယ်တိုင် မပြီး ကိုယ်တိုင်သယ်ရွှေ့ရသည့် အပိုင်းများရှိသလို ဝန်ထမ်းအင်အားနည်းသည့်အတွက် တစ်ဖက်က သစ်မိထားသော်လည်း ပြန်ရွှေ့သွားသည်ကိုလည်း စိုးရိမ်ရသည့်အပြင် ကိုယ်တိုင်သယ်ယူရန်မှာ အင်အားနှင့်မလောက် ဖြစ်ရကာစသည့်အခက်အခဲများကြုံတွေ့နေရကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း သစ်တောများမှ သစ်များကို သယ်ယူနိုင်ရန်အတွက် တင်နိုင်၊ ချနိုင်မည့် သစ်တင်ကရိန်းကြီးများကို တတ်နိုင်သလောက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရက တိုင်းသစ်တောသို့ ပြန်ကြားထားသည်များရှိကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရမှ ကရိန်းကူညီမည်ဆိုလျှင် သစ်တောဝန်ထမ်းအင်အား နည်းပါးသည့်တိုင် စက်ယန္တရားအားကိုသုံးကာ တောထဲမှသစ်များကို ထုတ်ယူသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# အာဆီယံ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံအစီအစဉ်မှ စကားသံများ

**“ပျော်ရွှင်မှု၊ ဖန်တီးမှု၊ စာပေဗဟုသုတ များစွာရတဲ့ ဒီနေရာကို အမြဲလာချင်တာ” ဟူသည့် ကလေးငယ်တစ်ဦး အမှတ်တရရေးသားခဲ့သည့် စာကြောင်းလေးသည် အဓိပ္ပာယ် ရှိလှ၏။ ကလေးငယ်ရည်ညွှန်းသည့် နေရာကား အာဆီယံနှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံအစီအစဉ်ပြုလုပ်နေသည့် အမျိုးသားစာကြည့်တိုက်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်တွင် ပြုလုပ်သည့် အာဆီယံရွှေရတု အထိမ်းအမှတ်အစီအစဉ်တွင် အနာဂတ်ကြယ်ပွင့်လေးများဖြစ်သည့် ကလေးများအတွက် အစီအစဉ်များစွာပါဝင်နေပြီး “နောက်တစ်ခါ လာချင်ပါတယ်” ဆိုသည့် ကလေးများ၏ အမှတ်တရစကားသံများနှင့်အတူ အဆိုပါအစီအစဉ်တွင် ပါဝင်ကူညီ ဆောင်ရွက်ပေးကြသူများ၏ စကားသံများကို ဖော်ပြလိုက်သည်။**

**ဒေါက်တာကေသီအေး**
**လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်**

အာဆီယံနှစ် (၅၀)ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကိုလည်း လုပ်ခဲ့ပြီး စာတမ်းငါးစောင်ဖတ်ကြားခဲ့ပါတယ်။ ဒါက အာဆီယံကို ဂုဏ်ပြုအထိမ်းအမှတ် အနေနဲ့ဖတ်ကြားတာဖြစ်ပါတယ်။ အမျိုးသားစာကြည့်တိုက်မှာ အာဆီယံပြခန်းကို ဖွင့်လှစ်ထားပါတယ်။ အာဆီယံအထိမ်းအမှတ်နဲ့အတူ ကလေးတွေအတွက် Activities တွေလုပ်ပေးတာ ဖြစ်ပါတယ်။ အာဆီယံနဲ့ပတ်သက်တဲ့ ဉာဏ်စမ်းပဟေဠိတွေလည်း ပါပါတယ်။ ကလေးတွေကို စာဖတ်ဖြစ်စေချင်တာ ဖြစ်ပါတယ်။

အမျိုးသားစာကြည့်တိုက်က ကလေးတွေ လာရောက်တာနည်းတယ်။ ဒီအတွက် ကျောင်းတွေကိုဖိတ်ပြီး ကျောင်းကနေတစ်ဆင့် ကလေးတွေကို စာကြည့်တိုက်ကို လာရောက်စေတာ ဖြစ်ပါတယ်။ ကာတွန်းအဖော် စာဖတ်ပျော်ဆိုတဲ့အစီအစဉ်လေးကို ကလေးတွေအတွက် လုပ်ပေးပါတယ်။ ပုံပြောတဲ့အစီအစဉ်တွေ၊ လက်မှုလုပ်ငန်းလုပ်တာတွေ၊ ဂိမ်းကစားတာတွေ၊ ကာတွန်းဆရာကြီးတွေ ဖိတ်ကြားပြီးတော့ ကလေးတွေအတွက် ကာတွန်းပုံဆွဲပေးတာတွေကိုလည်း လုပ်ပေးပါတယ်။ ကလေးတွေအတွက် စာအုပ်အရောင်းဆိုင်လာဖွင့်ပေးတာလည်း ရှိပါတယ်။ သုံးတန်းကနေ ခုနတန်းအထိ ကလေးတွေကို ဖိတ်ကြားခဲ့ပါတယ်။

အစီအစဉ်လုပ်မယ့်သုံးရက်မှာ မနက်ကို ကျောင်းနှစ်ကျောင်း၊ ညနေပိုင်းကို ကျောင်းနှစ်ကျောင်းနဲ့ တစ်နေ့ကိုကျောင်းလေးကျောင်းနဲ့ သုံးရက်အတွက် ကျောင်းဆယ့်နှစ်ကျောင်းကို ဖိတ်ကြားခဲ့ပါတယ်။ မနက်ဖြန်မှာလည်း ကလေးတွေအတွက် British Council ကလာပြီး Activities တွေ လုပ်ဆောင်ပေးဦးမှာ ဖြစ်ပါတယ်။ ပြီးတော့ Save The Library ရဲ့စာကြည့်တိုက်နဲ့ ပတ်သက်တဲ့ အစီအစဉ်တွေလည်း ပါပါတယ်။ ကာတွန်းဆရာကြီးတွေက ကလေးတွေကို ကာတွန်းပုံတွေ ရေးဆွဲပေးပါတယ်။ ကလေးတွေအတွက် လက်မှုနဲ့ပတ်သက်တဲ့ အစီအစဉ်လည်း ပါပါတယ်။

နောက်တစ်ခုက အမျိုးသားစာကြည့်တိုက်မှာ စာရေးဆရာကြီးတွေရဲ့ လက်ရေးမူတွေကိုလည်း ပြသထားပါတယ်။ အခု စာရေးဆရာကြီးအယောက်နှစ်ဆယ်ရဲ့လက်ရေးမူတွေနဲ့ သူတို့ရဲ့ဓာတ်ပုံတွေနဲ့ရေးသားတဲ့ စာအုပ်တွေကို ပြသထားပါတယ်။ သက္ကရာဇ်စဉ်အလိုက်စီစဉ်ပြီး ပြသထားပါတယ်။ ထင်ရှားတဲ့ စာရေးဆရာကြီးတွေ၊ ကဗျာဆရာကြီးတွေ၊ သတင်းစာဆရာကြီးတွေရဲ့ လက်ရေးမူတွေကို လဲလှယ်ပြီး ပြသသွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဆရာကြီးတွေရေးသားခဲ့တဲ့စာပေတွေနဲ့ လက်ရေးမူတွေကို ပြည်သူတွေကို လေ့လာသိရှိစေချင်လို့ ဖြစ်ပါတယ်။


ချမ်းလင်းနေခြည်


မောင်ကောင်းမြတ်ပိုင်


ဆရာဇော်ဝိတ်


ဆရာသစ်ထွန်း (ကာတွန်း)


ကိုသိန်းဇော်ထွန်း


ဆရာမ ဒေါ်ခင်ထားထား


မမြတ်ပန်သူ


မဇွန်းဇွန်း (လက်မှုပညာရှင်)

**ချမ်းလင်းနေခြည်**
**စတုတ္ထတန်း အထက (၁၁) ဇမ္ဗူသီရိမြို့နယ်**

အခုလို သူငယ်ချင်းတွေနဲ့အတူလာပြီးတော့ လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ သမီးကတစ်ခါမှသူငယ်ချင်းတွေနဲ့ ဒီလို မသွားဖူးပါဘူး။ ပထမဆုံးအကြိမ်ဆိုပေမယ့် သူငယ်ချင်းတွေနဲ့မို့ ပျော်စရာကောင်းပါတယ်။ ဒီမှာ သမီးတို့ကြိုက်တဲ့စာအုပ်တွေအပြင် ပုံလည်းဆွဲလို့ရတယ်။ ကာတွန်းဆရာကြီးတွေက ကာတွန်းလေးတွေဆွဲပေးတယ်။ နောက်ထပ်လည်း ဒီလိုသူငယ်ချင်းတွေနဲ့လာပြီး လေ့လာချင်ပါတယ်။

**မောင်ကောင်းမြတ်ပိုင်**
**စတုတ္ထတန်း အထက (၁၁) ဇမ္ဗူသီရိမြို့နယ်**

သားက ပုံပြင်ဖတ်ရတာကြိုက်တယ်။ လူစွမ်းကောင်းပုံပြင်တွေ၊ ဟာသစာအုပ်တွေ ပိုကြိုက်တယ်။ တစ်ခါတလေမှာ သမိုင်းစာအုပ်တွေဖတ်တယ်။ ဒီမှာ စာအုပ်ဆိုင်ရှိတော့ သားကြိုက်တဲ့ပုံပြင်ဖတ်ခဲ့တယ်။ ဂိမ်းကစားလို့လည်း ရတော့ သူငယ်ချင်းတွေနဲ့ ဘောလုံးပစ်ကစားကြတယ်။ ဒီလိုသူငယ်ချင်းတွေနဲ့ အတူတူလာပြီး လေ့လာရတော့ပျော်တယ်။ ဗဟုသုတအများကြီးရပါတယ်။ ဆရာမကလည်းသားတို့ကို ဗဟုသုတရအောင် ပြောပြပါတယ်။ ဆရာမက အမျိုးသားစာကြည့်တိုက်ကိုသွားမယ်ပြောတော့ သားတို့တစ်ခန်းလုံးပျော်လို့ အော်ကြတယ်။ နောက်ထပ်လည်း သွားခွင့်ရချင်ပါတယ်။

**ကိုမောင်မောင်စိုး**
**Save The Library**

ဒီအစီအစဉ်မှာ စာကြည့်တိုက်နဲ့ပတ်သက်တဲ့ နည်းပညာကိုလာရောက်ပြသတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ https://savethelibrarymyanmar.org ကနေ စာအုပ်တွေဖတ်ရှုနိုင်ပါတယ်။ အခုနောက်ပိုင်းမှာ ကလေးတွေက နည်းပညာတွေနဲ့ ထိတွေ့မှုများလာပါတယ်။ ဒါကြောင့် ကလေးတွေအတွက် အရွယ်အလိုက် Website ကနေတစ်ဆင့် လေ့လာလို့ရတဲ့ Link တွေကိုလည်း ဒီမှာ ပြသပေးပါတယ်။ ဆရာ ဆရာမတွေကိုလည်း ဒီအကြောင်းအရာတွေကို သိစေချင်ပါတယ်။ ဒါမှကလေးတွေကိုပြန်ပြီးဖြန့်ဝေနိုင်မှာ ဖြစ်ပါတယ်။ ကလေးတွေအတွက် Tablet တွေ ဒီမှာတော့ချထားပေးပါတယ်။ ဒီမှာ ဉာဏ်စမ်းဂိမ်းလေးတွေကစားပြီးကလေးတွေပျော်အောင် ဆုလေးတွေကျွန်တော်တို့က ပြန်ပြီးပေးပါတယ်။

**ဆရာဇော်ဝိတ်နှင့် ဆရာသစ်ထွန်း (ကာတွန်း)**

ကလေးတွေကို ဒီပွဲမှာပံ့ပိုးပေးဖို့ပါ။ ကလေးတွေ စာဖတ်ချင်စိတ်ရှိလာတယ်။ ပျော်လာတယ်။ ကလေးတွေစိတ်ချမ်းသာဖို့အတွက် ကာတွန်းဆရာတွေက ပံ့ပိုးပေးတာပါ။ အခုပွဲထဲမှာရှိတဲ့ ကာတွန်းပုံတွေက ကျွန်တော်တို့ကာတွန်းဆရာတွေ ဆွဲထားတဲ့ပုံတွေပါ။ ရန်ကုန်မှာလည်း ဒီလိုပွဲမျိုးလုပ်ခဲ့ပါတယ်။ အဓိက က ကလေးတွေစာဖတ်အောင်ပါ။ ကလေးတွေကို ဒီပွဲမှာအမှတ်တရ အခမဲ့ ဆွဲပေးတာပါ။ ကလေးတွေက အစကဆွဲခိုင်းချင်တဲ့ပုံ ဆွဲခိုင်းတယ်။ ပြီးတော့မှ ဆရာတို့ကဘယ်သူလဲလို့မေးတော့မှ သူတို့လေးတွေက သိသွားပြီး ကျွန်တော်တို့ရဲ့ ဇာတ်ကောင်လေးတွေကို ဆွဲခိုင်းကြတယ်။

ကလေးတွေ စာဖတ်လာတာကို သိလာပါတယ်။ ဒီပွဲရဲ့အမှတ်တရကတော့ ကလေးတွေက သူတို့ရဲ့လိုချင်တာလေးတွေကို ဆွဲခိုင်းကြပါတယ်။ သူတို့ရဲ့ ဆန္ဒလေးတွေကိုဖြည့်ပေးရလို့ ဝမ်းသာပါတယ်။ ဒီလိုပွဲလေးတွေကို မကြာခဏ ကျင်းပပေးရင် ကလေးတွေအတွက် ကောင်းပါတယ်။ ကလေးတွေ စာဖတ်ဖို့ စိတ်ဝင်စားလာဖို့အတွက် ကူညီပေးတာပါ။ လူ့ဘဝမှာ လူရယ်လို့ဖြစ်လာရင် စာသင်ရပါတယ်။ မိဘတွေလည်း စာဖတ်ဖို့အရေးကြီးပါတယ်။ မိဘတွေ ကိုယ်တိုင်စာဖတ်မှ သားသမီးတွေကို စာအုပ်ဝယ်ပေးမှာ ဖြစ်ပါတယ်။

**ကိုသိန်းဇော်ထွန်း**
**ဆု စာပေ**

ကျွန်တော်တို့ ရန်ကုန်ကစာအုပ်တိုက် ငါးတိုက်လာပါတယ်။ ဒီမှာရှိတဲ့ ဒေသခံစာပေတိုက်တစ်တိုက်နဲ့ဆို ခြောက်တိုက်ပါ။ ကာတွန်းဆရာတွေကို ဖိတ်တော့ ရန်ကုန်ကစာအုပ်တိုက်ငါးတိုက်ဖိတ်ပေးပါဆိုတော့ ဖိတ်လို့လာတာပါ။ ကလေးတွေက ဘာသာရေးနဲ့ပတ်သက်တဲ့ ပုံပြင်စာအုပ်လေးတွေ၊ ဉာဏ်စမ်းစာအုပ်လေးတွေ ဝယ်ကြပါတယ်။ ဒီလိုအစီအစဉ်လုပ်ပေးတာ ကောင်းပါတယ်။ စာအုပ်တိုက်၊ စာကြည့်တိုက်နဲ့ ကာတွန်းလေးတွေ တွဲပေးတာ လိုက်ဖက်ညီပါတယ်။ စာကြည့်တိုက်ကလည်း ဒီလိုပွဲမျိုးတွေမှာ ကလေးစာပေပွဲတော်တွေလို အများပြည်သူ လာရောက်နိုင်အောင် စာအုပ်ဆိုင်လေးတွေ ရှိတာကိုလည်း သက်ဆိုင်ရာဌာနတွေကတစ်ဆင့် အသိပေးဖို့အကြံပြုပြောကြားလိုပါတယ်။

**ဆရာမ ဒေါ်ခင်ထားထား**
**နေပြည်တော် အထက(၉) ဇမ္ဗူသီရိမြို့နယ်**

ဗဟုသုတတွေအများကြီးရတော့ ကလေးတွေအတွက်လည်းကောင်းတယ်။ စာအုပ်တွေလည်းဝယ်လို့ရတယ်။ ဈေးချိုချိုနဲ့လည်းရတယ်။ သူတို့ကစားချင်တာတွေလည်း ကစားရတယ်။ လိုက်ချင်တဲ့သူတွေကများနေလို့ အားလုံးကို ခေါ်ခဲ့ချင်ပေမယ့် အခြေအနေအရ အဆင်ပြေမယ့်ကလေးတွေကိုပဲ လူဦးရေ ကန့်သတ်ချက်နဲ့ လာခဲ့ရတယ်။ ဖြစ်နိုင်ရင် တစ်ကျောင်းလုံးခေါ်ခဲ့ချင်တာပါ။ ကလေးတွေအတွက် ဗဟုသုတလည်းရ၊ ကောင်းလည်းကောင်းတဲ့အစီအစဉ် ဖြစ်နေတော့ တစ်နှစ်ကိုနှစ်ကြိမ်လောက် လုပ်စေချင်ပါတယ်။

**မမြတ်ပန်သူ**
**အထက(၉) ဇမ္ဗူသီရိမြို့နယ်**

သူငယ်ချင်းတွေနဲ့ စုံစုံလင်လင်လာရတော့ ပျော်ပါတယ်။ ပီတိလည်း ဖြစ်မိပါတယ်။ ပြိုင်ပွဲတွေလည်းရှိတော့ ပျော်ဖို့ကောင်းပါတယ်။ လက်မှုပစ္စည်းလေးတွေလည်း လုပ်ခဲ့ပါတယ်။ ပိတ်စလေးတွေရယ်၊ စက္ကူလေးတွေရယ်နဲ့ တိမ်မင်းသား လုပ်ခဲ့ပါတယ်။ အာဆီယံအကြောင်းတွေ လေ့လာခဲ့ပါတယ်။ အာဆီယံပြခန်းထဲမှာ အာဆီယံနဲ့ပတ်သက်တဲ့နိုင်ငံတွေ၊ အာဆီယံကို တည်ထောင်ခဲ့တဲ့နှစ်တွေအကြောင်း လေ့လာခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်တဲ့စာအုပ်တွေ၊ Speaking နဲ့ပတ်သက်တဲ့ စာအုပ်တွေအကြောင်း လေ့လာခဲ့ပါတယ်။

**မဇွန်းဇွန်း (လက်မှုပညာရှင်)**

ကလေးတွေအတွက် Hand Made သင်တန်းပေးဖို့လာတာပါ။ ပွဲတိုင်းမှာက စက္ကူနဲ့လုပ်တာ သင်ပေးတာများပါတယ်။ ဒီပွဲမှာ ပထမဆုံးအနေနဲ့ ကလေးတွေအတွက် အဝတ်စနဲ့အရုပ်လေးတွေလုပ်တာ သင်ပေးပါတယ်။ အခြေခံအဖြစ် အဝတ်စလေးတွေနဲ့ တိမ်လေးတွေ၊ အသည်းပုံလေးတွေ၊ ဝက်ဝံရုပ်လေးတွေ သင်ပေးပါတယ်။ ဒီအစီအစဉ်လေးလုပ်တာ ကောင်းပါတယ်။ သူတို့လေးတွေလုပ်တဲ့ဟာကို လွယ်အိတ်လေးတွေ၊ ဖုန်းလေးတွေမှာချိတ် ကြပါတယ်။ သူတို့လေးတွေပျော်နေတာမြင်တော့ ကျွန်မလည်း ပီတိဖြစ်ရပါ တယ်။

အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံအစီအစဉ်ကို နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်တွင် ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**ရှင်မင်း၊ အေးအေးသန့်၊ ဓာတ်ပုံ- အေးအေးသန့်**

## Forum on Myanmar Democratic Transition ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍစုံတို့မှ သုံးသပ်ဝေဖန်ဆွေးနွေးမည့် Forum on Myanmar Democratic Transition ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❀ **ရာသီတုပ်ကွေးရောဂါမှ**

အားနည်းခြင်းတို့ကြောင့် ယခုထက်ကူးစက်ရောဂါပြန့်ပွားမှု ပိုမိုဆိုးရွားလာမည်ဆိုပါက ထိန်းချုပ်ရန် ခက်ခဲနိုင်ပါကြောင်း၊ ထို့ကြောင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အကာအကွယ်အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများ၊ အကူအညီများ အမြန်ဆုံးရရှိရေး လိုအပ်ပါကသီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲနိုင်ရေး အပါအဝင် အခြားလိုအပ်သောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်းဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှတို့ကလည်း အကြံပြုဆွေးနွေးကြသည်။

အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက H1N1 နှင့်ပတ်သက်၍ ယနေ့နံနက်အထိ သေဆုံးသူ ၁၃ ဦး ရှိပါကြောင်း၊ ထိန်းမနိုင်သိမ်းမရ အခြေအနေ မဟုတ်ပါကြောင်း၊ ပြန့်ပွားမှုမရှိစေရေးအတွက် အထူးကြပ်မတ်ကုသဆောင်များတွင် ကုသပေးလျက်ရှိပါကြောင်း၊ ရောဂါစတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ကုသပေးနေသည့် ဆရာဝန်ကြီးများ၊ သူနာပြုများ ရောဂါကူးစက်ခံရမှု မရှိပါကြောင်း၊ ကူးစက်ခံရမှုမရှိသော်လည်း ကုသရေးလုပ်ငန်းများကို သေချာစွာ ဆောင်ရွက်နေပါကြောင်း။

ရောဂါကူးစက်ခံရသည့် လူနာ၏ နေအိမ်သို့ ချက်ချင်းသွားရောက်၍ မိသားစုဝင်များကို ပညာပေးခြင်း၊ စောင့်ကြည့်ခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ရောဂါကူးစက်ခံရသည့်လူနာ ဆေးရုံသို့ နောက်ကျမှရောက်လျှင် အသက်ဆုံးရှုံးရန် အခွင့်အလမ်းပိုများပါကြောင်း၊ ထို့ကြောင့် ပြည်သူကို ပညာပေးရမည်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပြီဆိုလျှင် ဆေးရုံကိုချက်ချင်းသွားရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများကို ယခင်ကလည်း ဆောင်ရွက်နေသကဲ့သို့ ဆက်လက်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရှိသည့်အတွက် အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "တူးမြောင်းဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

❑

❖ **ပခုက္ကူမြို့နယ်မှ**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်တို့က အကြံပြု ဆွေးနွေးကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်က မူးယစ်ဆေးဝါးကြောင့် ဘဝပေါင်းများစွာ ကြွေလွင့်ပျက်စီးသွားခဲ့ရသည်ကို မိမိမငြင်းသော်လည်း အစိုးရတစ်ရပ်၏ မှားယွင်းသော မူဝါဒသည် ယခုထက်ပိုသည့် ဘဝပေါင်းများစွာ ထိခိုက်ပျက်စီးစေသည်ကို မိမိလက်ခံယုံကြည်သည်ဟု ပြောကြားခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များသည် ဥပဒေပြုရေးတာဝန်အရှိဆုံးဖြစ်သည့်အတွက် ယနေ့ဆွေးနွေးကြသည့် မူးယစ်ဆေးဝါးဥပဒေကြမ်းသည် ပြည်သူများနှင့် နိုင်ငံအတွက် အကျိုးပြုပြီး အမှားအယွင်းကင်းသည့် ဥပဒေကြမ်းဖြစ်ရန် လိုအပ်ပါကြောင်း၊ ဥပဒေကြမ်းအရ မူးယစ်ဆေးဝါးသုံးစွဲသူအား ဖမ်းဆီးခြင်းနှင့် ထောင်ဒဏ် မပေးသည့်အတွက် ဆေးဝါးသုံးစွဲသူများ ပိုမိုအတင့်ရဲများပြားလာနိုင်ပါကြောင်း၊ ဆေးဝါးသုံးစွဲသူများကို ယခုအတိုင်း လွှတ်ထား၍ မဖြစ်ပါကြောင်း၊ ဥပဒေအရ ဖြေလျှော့ပေးလိုက်ခြင်းနှင့်အတူ ဆေးဝါးကုသရေး အစီအစဉ်များကို ကြပ်ကြပ်မတ်မတ်နှင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကိုကိုနိုင်**က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး အနှစ် ၂၀ စီမံချက်သည် ၁၉၉၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဖြစ်၍ ယနေ့တိုင် အကျုံးဝင်နေသည့် စီမံချက်တစ်ရပ်ဖြစ်ပြီး လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲထားပါကြောင်း၊ အဆိုပါစီမံချက်ကို အကောင်အထည်ဖော်ရာတွင် အဓိက အခက်အခဲနှစ်ခုမှာ နိုင်ငံတော်မှ ဘဏ္ဍာငွေပိုမိုဖြည့်တင်းပေးရန် လိုအပ်ခြင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာ အကူအညီအထောက်အပံ့များရရှိမှု နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်ဆောင်ရွက်ခြင်းသည် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကွဲလွဲမှုများရှိနိုင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အခြေခံလိုအပ်ချက်များဖြစ်သည့် အဆောက်အအုံ၊ အထောက်အကူပြု ပစ္စည်းကိရိယာများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ဘဏ္ဍာငွေလိုအပ်ချက်များ အဆင်သင့် မဖြစ်သေးသည့်အတွက် ဤဥပဒေအတည်ဖြစ်သွားပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် လိုက်ပါဆောင်ရွက်ရန် အခက်အခဲများစွာရှိလာနိုင်ပြီး အစိုးရအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်သဖြင့် အခြေခံလိုအပ်ချက်များကို စီမံချက်ချမှတ် အကောင်အထည်ဖော်ပြီး အသင့်ဖြစ်ချိန်မှသာ ပြင်ဆင်ရန်နှင့် လတ်တလောပြင်ဆင်ပြဋ္ဌာန်းရန် မသင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

အဆိုပါ **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတွင် ပြန်လည်ကြားနာဆောင်ရွက်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ မန်းထွန်းကြိုင်နှင့် **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဝင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်တို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ဩဂုတ် ၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး (သတင်းစဉ်)**

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂**

၂၀၁၇ခုနှစ် နဝမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဘောလုံးအသင်းတို့ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနဘောလုံးအသင်းက သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဂိုးသမားဆုရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဘောလုံးအသင်းမှ နေဇင်ဟိန်း ကျောနံပါတ် (၂၀)အား ငွေသားဆုကျပ် ငါးသောင်းကို လည်းကောင်း၊ အကောင်းဆုံး နောက်တန်းဆုရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းမှ ဟိန်းဆွေ ကျောနံပါတ် (၁၇) အား ငွေသားဆုကျပ်ငါးသောင်းကိုလည်းကောင်း၊ အကောင်းဆုံး အလယ်တန်းဆုရ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဘောလုံးအသင်းမှ နေလင်းသူ ကျောနံပါတ် (၁၃) အား ငွေသားဆု ကျပ်ငါးသောင်းကို လည်းကောင်း၊ အကောင်းဆုံး ရှေ့တန်းဆုရ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းမှ ဟိန်းမင်းစိုး ကျောနံပါတ်(၂၂)အား ငွေသားဆုကျပ်ငါးသောင်းကိုလည်း ကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းမှ ရဲဇော် ကျောနံပါတ်(၉)အား ငွေသားဆုကျပ်တစ်သိန်းကိုလည်းကောင်း၊ အသန့်ရှင်းဆုံးဆု ရရှိသော ပြည်ထဲရေးဝန်ကြီးဌာနဘောလုံးအသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ငွေသားဆုကျပ်နှစ်သိန်းနှင့် ဆုဖလားကိုလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် တတိယဆုရရှိသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ငွေသားဆုကျပ်ခြောက်သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ ဒုတိယဆုရရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ငွေသားဆု ကျပ် ၁၀သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနဘောလုံးအသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ငွေသားဆု ကျပ် ၁၅ သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း ချီးမြှင့်ခဲ့ပြီး ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ မြင့်ထွေးက တံခွန်စိုက်ဆုကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား A(H1N1) pdm09 ရောဂါအကြောင်း အသိပညာပေး ဟောပြော



**မောင်တော ဩဂုတ် ၂**

မောင်တောခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား A(H1N1) pdm09 ရာသီတုပ်ကွေး ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ခရိုင်ရဲတပ်ဖွဲ့ မေယုခန်းမ၌ ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မောင်တောခရိုင်ရဲတပ်ဖွဲ့မှ အရာရှိ ၁၆ ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၁၀၁ ဦး၊ မိသားစုဝင် ၅၇ ဦး စုစုပေါင်း ၁၇၄ ဦး တက်ရောက်ခဲ့ပြီး မောင်တောခရိုင်ပြည်သူ့ဆေးရုံကြီး ရောဂါကာကွယ်တိုက်ဖျက်ရေးဌာနမှ ဒေါက်တာနုကေသီစံက ရာသီတုပ်ကွေး ရောဂါဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း မောင်တောခရိုင်ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

## ပြည်တွင်းရေးရာ

❒ (၅၄)ကြိမ်မြောက်မှ

လှည့်လည်ကြည့်ရှုရာ အသင်းဥက္ကဋ္ဌနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသသည်။

ယခုပြပွဲတွင် နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီများက တင်ပြသည့် ကျောက်မျက် ၇၈ တွဲ၊ ပုဂ္ဂလိကကုမ္ပဏီများကတင်ပြသည့် ကျောက်မျက် ၁၇၁ တွဲ၊ ရတနာဆိုင်များက တင်ပြသည့် ကျောက်မျက် ၄၇ တွဲ၊ ပုဂ္ဂလိကမှ တင်ပြသည့် ကျောက်မျက် ၂၉ တွဲ၊ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက တင်ပြသည့် လက်ဝတ်ရတနာ တစ်တွဲ အပါအဝင် စုစုပေါင်း ကျောက်မျက်အတွဲ ၃၂၆ တွဲကို ခင်းကျင်းပြသထားကြောင်းနှင့် အခြေခံဈေး ယူရို ၅၀၀ နှင့်အထက် ကျောက်မျက်အတွဲ ၃၂၆ တွဲပါဝင်ပြီး ဩဂုတ် ၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းတွဲများအနေဖြင့် နိုင်ငံပိုင်ကျောက်စိမ်းအချောထည် အတွဲ ၂၀၊ နိုင်ငံပိုင် ကျောက်စိမ်းအရိုင်း အတွဲ ၂၀၊ နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီများက တင်ပြသည့် ကျောက်စိမ်းအရိုင်းတွဲ ၂၉၀၀၊ ပုဂ္ဂလိကကျောက်စိမ်းအရိုင်း ၃၅၄၅ တွဲ၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက်အရိုင်း ၁၆ တွဲ၊ ပုဂ္ဂလိကကျောက်စိမ်းအချောထည် ၂၅ တွဲ၊ ကျောက်စိမ်းဖြင့် ဆင်ယထားသော ခုတင် သုံးလုံး၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက် အချောထည် ၃၂ တွဲ အပါအဝင် စုစုပေါင်းကျောက်စိမ်းအတွဲ ၆၅၆၁ တွဲကို ခင်းကျင်းပြသထားကြောင်းနှင့် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲပေါင်း ၆၄၈၁ တွဲ၊ အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့် အထက် ကျောက်စိမ်းအချောထည် အတွဲ ၈၀ ပါဝင်ပြီး ဩဂုတ် ၆ ရက်မှ ၁၁ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲဝင်ကြေးအနေဖြင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေ၊ ပြည်တွင်းရတနာကုန်သည် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀၊ ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သူ တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀၊ ကျောက်အတွဲ ထိန်းသိမ်းသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ရတနာဆိုင်ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ကောက်ခံလျက်ရှိကြောင်း။

ပြပွဲသို့ တက်ရောက်ခွင့်လျှောက်ထားသည့် ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ခန့်၊ ပြည်ပရတနာကုန်သည် ၂၀၀ ခန့်ရှိကြောင်းနှင့် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် နာဂါအိုကာမြို့အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် ည ၁၀ နာရီ မိနစ်၂၀ တွင် ဂျပန်နိုင်ငံ တိုကျို မြို့ရှိ Haneda လေဆိပ်သို့ ရောက်ရှိကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA၊ အမှုဆောင်ဒါရိုက်တာ Mr. Yuji MORI၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်စောမင်းနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ အသေးစားစက်မှုလုပ်ငန်း ခေါက်ဆွဲစက်ရုံ Maruyama Seiman သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် တိုကျိုဘူတာမှ နာဂါအိုကာမြို့သို့ Max TOKI-p393 Shinkansen ကျည်ဆန်ရထားဖြင့် ထွက်ခွာကြပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် နာဂါအိုကာဘူတာသို့ရောက်ရှိရာ ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌ Mr. Hideo WATANABE က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် KOMERI Home Center သို့ ရောက်ရှိကြပြီး ဆိုင်ခန်းများအတွင်း ခင်းကျင်း ရောင်းချလျက်ရှိသည့် အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီး Yamamoto Isoroku ၏ အထိမ်းအမှတ်ပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်ကြီး Yamamoto Isoroku ၏ သမိုင်းကြောင်းနှင့် အသုံးအဆောင်ပစ္စည်းများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါပြတိုက်တွင် ရေတပ်ဗိုလ်ချုပ်ကြီး Yamamoto Isoroku ၏ အသုံးအဆောင်ပစ္စည်းများနှင့် ဓာတ်ပုံမှတ်တမ်းများ၊ ၎င်း၏လေယာဉ် ပစ်ချခံရချိန်တွင် ကျန်ရှိသော အတောင်ပံတစ်ခု၊ ဗိုလ်ချုပ်ကြီး လိုက်ပါစီးနင်းခဲ့သော ထိုင်ခုံနှင့် သမိုင်းမှတ်တမ်း စာအုပ်များကို ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိတ္ထီလာခရိုင်နှင့် ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း စာငှားစာဖတ်ဆောင်ရွက်နိုင်မှု၊ စာကြည့်တိုက်ရှိ စာအုပ်/စာစောင်များ စနစ်တကျထားရှိမှု၊ ကလေးစာဖတ်ခန်းအတွင်း ကလေးငယ်များရေးဆွဲထားသည့် ပန်းချီလက်ရာများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ခေါင်းစဉ်အလိုက် ကလေးများ ပါဝင်ယှဉ်ပြိုင်ထားမှု၊ Community Center တွင် အသုံးပြုရန်အတွက် အသံပိုင်းဆိုင်ရာတပ်ဆင်ထားရှိမှု၊ အခမ်းအနားများ ပြုလုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်းနှင့်ပြခန်းငယ် (Museum)အတွင်း ကြည့်ရှု၍ ပြခန်းငယ်တွင် ပြသထားရှိသည့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို ယခုထက် ပိုမိုပြည့်စုံအောင် စုဆောင်းထားရှိရန် ပေ၊ ပုရပိုက်များနှင့်ပတ်သက်၍ ရေးသားသည့်ခုနှစ်၊ ရေးသားပြုစုသူ၏အမည်နှင့် ရေးသားထားရှိသည့် အကြောင်းအရာ ကောက်နုတ်ချက် အနှစ်ချုပ်ကို ပြုစုထားရှိရန် မှာကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

❖

❖ **ရွှေ့ဖုံးမှ**

(Length Over All) အလျား ၁၆၇ မီတာ၊ DWT ၁၅၀၀၀ တန်၊ ရေစူး ကိုးမီတာရှိသော ရေယာဉ်ကြီးများသာ ဝင်ရောက်ခွင့်ပြုခဲ့ရာမှ ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်ရန်အတွက် (Length Over All) ရှည်လျားပြီး ရေစူးများသော ရေယာဉ်ကြီးများ ဝင်ရောက်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ရေယာဉ်ကြီးများ ဝင်ရောက်နိုင်ခြင်းဖြင့် ကုန်တန်ချိန်များကို ပိုမိုသယ်ဆောင် လာနိုင်မည်ဖြစ်ပြီး ရန်ကုန်ဆိပ်ကမ်းသည် ထုတ်ကုန်၊ သွင်းကုန်များ ကိုင်တွယ် တင်/ချရာ အဓိကဆိပ်ကမ်းဖြစ်သည်နှင့်အညီ ကုန်တန်ချိန်များများ သယ်ဆောင်နိုင်ခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်ကျဆင်းပြီး စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ကုန်စည်များကို အသုံးပြုနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယင်းကြောင့် ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာနတို့မှ မြစ်ကြောင်းတစ်လျှောက် စနစ်တကျ တိုင်းတာစစ်ဆေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်ပြီးနောက် ပထမဦးစွာ (Length Over All) ၁၉၀ မီတာရှိသော အထွေထွေကုန်ပစ္စည်းတင် ရေယာဉ်ကြီးများအား အတွင်းစည်းခုံရေလမ်းကြောင်းမှ ဖြတ်သန်း၍ ဆူးလေဆိပ်ကမ်းသို့ ဆိုက်ကပ်စေခဲ့ပြီး မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သော ဆန်များကို တင်ပို့နိုင်ခဲ့သည်ဟု သိရသည်။ ယင်းအတွက် နိုင်ငံတော်၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအား တိုးတက်အောင်မြင်အောင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ရန်ကုန်ဆိပ်ကမ်းတွင် ကုန်သေတ္တာများ တင်/ချသော ခေတ်မီဆိပ်ကမ်းကြီးများရှိသော်လည်း အထွေထွေကုန်ပစ္စည်းတင်/ချသည့် ဆိပ်ကမ်းအနေဖြင့်မူ ဆူးလေဆိပ်ကမ်းမှာ အဓိကနေရာမှ ပါဝင်နေဆဲဖြစ်သည်။ အထူးသဖြင့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများကိုဆူးလေဆိပ်ကမ်းမှသာ အဓိကတင်ပို့ကြောင်း တွေ့ရပြီး ယခင်က ဘိလပ်မြေနှင့် သစ်လုံးများကိုလည်း ဆူးလေဆိပ်ကမ်းက အဓိကတင်/ပို့ခဲ့သည်။ ယင်းအပြင် တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် Steel နှင့် Steel Products ပစ္စည်းများမှာလည်း ဆူးလေဆိပ်ကမ်းကပင် အဓိကကိုင်တွယ်ပေးကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သော ဆန်ကို ဆူးလေဆိပ်ကမ်းက တင်ပို့ခဲ့ရာ ယခုဘဏ္ဍာရေးနှစ်မှာပင် စုစုပေါင်း ဆန်မက်ထရစ်တန်ချိန် ၄၉၈၀၁ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆူးလေဆိပ်ကမ်းမှာ နှစ်ပေါင်း တစ်ရာကျော်ခဲ့ပြီးဖြစ်သော်လည်း ဆိပ်ကမ်းသို့ ဝင်/ထွက်သည့်ရေယာဉ်များအတွက်မူ ရေယာဉ်၏အလျား L.O.A ကို သမိုင်းတစ်လျှောက်လုံး ၁၆၇ မီတာသာ သတ်မှတ်ခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် လိုအပ်သော ရေလမ်းကြောင်းများ သောင်တူးဖော်ပေးခြင်း၊ ရေကြောင်းလမ်း ပုံမှန်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၆-၄-၂၀၁၇ ရက်တွင် ရေယာဉ်အလျား L.O.A မီတာ ၁၉၀ ရှိသော MV. TOP FAIR အမည်ရှိ သင်္ဘောကြီးမှာ ဆူးလေဆိပ်ကမ်းအမှတ် ( ၅ ) သို့အန္တရာယ်ကင်းစွာ ဆိုက်ကပ်နိုင်ခဲ့သဖြင့် ဆိပ်ကမ်းသမိုင်း စာမျက်နှာသစ်ကို ရေးထိုးနိုင်ခဲ့ပြီးဖော်ပြပါ MV. TOP FAIR အမည်ရှိ သင်္ဘောမှာ အလျား L.O.A မီတာ ၁၉၀၊ ရေစူး ၈ ဒသမ ၆ မီတာ ရှိပြီး ကုန်တန်ချိန် ၅၀၀၀၀ တင်နိုင်သည်။ အလားတူ ရေယာဉ်အလျား L.O.A ၁၉၁ မီတာရှိပြီး ရေစူး ၆ ဒသမ ၇၅ မီတာ ရှိသည့် MV.MARILIA အမည်ရှိ သင်္ဘော၊ ရေယာဉ်အလျား L.O.A မီတာ ၁၉၀ ရှိပြီး ရေစူး ၇ ဒသမ ၃ မီတာရှိသည့် MV.TETON အမည်ရှိ သင်္ဘောတို့မှာလည်း ဆူးလေဆိပ်ကမ်းသို့ အန္တရာယ်ကင်းစွာ ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်တင်/ ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသည့်အတွက် ဆိပ်ကမ်းစွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာကြောင်း သိရသည်။

ဆူးလေဆိပ်ကမ်းသို့ ၁၆၇ မီတာအထက် Steel နှင့် Steel Products သင်္ဘောတစ်စင်းနှင့် ဆန်တင်သင်္ဘော ကိုးစင်း စုစုပေါင်းသင်္ဘောကြီး ၁၀ စင်း ဆိုက်ကပ်ပြီးဖြစ်ကြောင်းသိရသည်။ **(၀၀၁)**

❂ **ရိုးရာလက်ဖွဲ့မှ**

လက်သီးမိုး(T&Tသထုံ)နှင့် စောဖိုးထွန်း(သတ္တိ)တို့က ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာ အထူးလက်ဝှေ့စိန်ခေါ်ပွဲနှင့် ပြည်တွင်း အထူးစိန်ခေါ်ပွဲများကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Victory Myanmar Group. Co.Ltd. က အဓိကကူညီပံ့ပိုးပြီး T&T Group မှစီစဉ်ကျင်းပမည်ဖြစ်ကာ ကြိုတင်လက်မှတ်များကို ဖုန်း ၀၉-၇၆၄၀၀၆၉၂၀ သို့ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ဇာဏီ**

# လက်ကမ်းလို့ကြို အာဆီယံရွှေရတုကို

နှင်းမြတ်သူ(ယဉ်ကျေးမှု)

၂၀၁၇ ခုနှစ်တွင်ကျရောက်သော အာဆီယံ၏ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်သည် အာဆီယံနှင့် မြန်မာနိုင်ငံအတွက် သမိုင်းဝင်ကာလဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်သည် မြန်မာနိုင်ငံ၏အာဆီယံအဖွဲ့ဝင် သက်တမ်းနှစ်(၂၀)ပြည့်မြောက်သောနှစ်လည်း ဖြစ်ပါသည်။ ဤအခါသမယသည် အာဆီယံပြည်သူများ၏ နှစ်(၅၀)သမိုင်းကြောင်း ကာလတစ်လျှောက်ရရှိခဲ့သော ယဉ်ကျေးမှုဆိုင်ရာ သဟဇာတဖြစ်မှုကို သက်သေပြနိုင်မည်ဖြစ်ပြီး မျက်မှောက်ကာလနှင့် အနာဂတ်ကာလတို့တွင် အာဆီယံပူးပေါင်းဆောင်ရွက်မှုတို့၌ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လာနိုင်ရေး လှုံ့ဆော်ပေးမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်များပြည့်စုံနိုင်ရေးနှင့် အာဆီယံစိတ်ဓာတ်ရှင်သန်စေရေးတို့အတွက် "ယဉ်ကျေးမှု" ဟူသောဝေါဟာရသည် အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။ အာဆီယံထူထောင်မှုနှစ် (၅၀) ပြည့်သည့် ၂၀၁၇ ခုနှစ်အတွင်း အာဆီယံ၏သက်ဆိုင်ရာကဏ္ဍများက အာဆီယံစိတ်ဓာတ်မြှင့်တင်ခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက်တက်ညီလက်ညီဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာမဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၀၂၅ တွင် "အာဆီယံအသိုက်အဝန်းများ၏ သမိုင်းကြောင်း ယဉ်ကျေးမှုအနုပညာရိုးရာတန်ဖိုးများအား အသိအမှတ်ပြုမှုကို တိုးမြှင့်စေရန်အတွက် အာဆီယံစိတ်ဓာတ်နှင့် အာဆီယံသွင်ပြင်လက္ခဏာများကို လှုံ့ဆော်ပေးနိုင်ရေး ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံနှင့် အားပေးရန်"ဟူ၍ ဖော်ပြပါရှိပါသည်။

အာဆီယံနှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခြင်းဖြင့် အာဆီယံအသိုက်အဝန်းနှင့် ပတ်သက်သော အသိပညာများကို အာဆီယံပြည်သူများထံ ဖြန့်ဝေနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အာဆီယံနိုင်ငံအသီးသီးတွင် အာဆီယံပြည်သူများ၏ ရလဒ်အောင်ပွဲများကို ဒေသအဆင့်၊ နိုင်ငံအဆင့်အဖြစ် ကျင်းပလျက်ရှိပါသည်။

အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ တွင် "အာဆီယံ၏ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့်စပ်လျဉ်း၍ နိုးကြားမှုရှိပြီး ဂုဏ်ယူတတ်သော" အသိုက်အဝန်း ဖြစ်ပေါ်လာစေရန်ဟူ၍ ဖော်ပြပါရှိရာ မြန်မာနိုင်ငံ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဦးဆောင်ဝန်ကြီးဌာနဖြစ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အာဆီယံနှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံရိုးရာအကပြိုင်ပွဲကို ဩဂုတ် ၇ ရက်တွင် အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် ကျင်းပမည်ဖြစ်ပါသည်-

- အာဆီယံယဉ်ကျေးမှုကပွဲ ကျင်းပခြင်းဖြင့် ပရိသတ်များအား စွဲဆောင်ရန်၊
- အာဆီယံ အသိုက်အဝန်း၏ ယဉ်ကျေးမှုစွမ်းအားဖြင့် ပြည်သူလူထုနှင့် ဆက်သွယ်ရန်၊
- အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပရန်၊
- အာဆီယံဆိုင်ရာအသိပညာများ ဖြန့်ဝေရန်၊
- အနုသုခုမပညာတစ်ရပ်ဖြစ်သော အကပညာ၏ အရေးပါမှုကို သိရှိလာစေရန်၊
- အာဆီယံအသိုက်အဝန်း အခြေပြမြေပုံတွင်ပါဝင်သော လုပ်ငန်းစဉ်များကို ဖော်ဆောင်ရန်။

အကသုခုမပညာရပ်သည် သမိုင်းကြိုခေတ်ကာလကတည်းက ပေါ်ထွန်းခဲ့သော ရှေးအကျဆုံး အနုပညာတစ်ရပ်ဖြစ်ပါသည်။ အကသုခုမပညာကို စိတ်ခံစားမှုများထုတ်ဖော်ပြသရန်အတွက်လည်းကောင်း၊ အရေးပါသော ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရန်အတွက် လည်းကောင်း၊ အသုံးပြုသည့် "လူမှုရေးဆိုင်ရာ အပြန်အလှန်တုံ့ပြန်ဖလှယ်မှုကိရိယာ" အဖြစ် စံပြုသတ်မှတ်ကြပါသည်။ သို့ဖြစ်ပါ၍ အာဆီယံနိုင်ငံများ၏ မတူကွဲပြားသော ရိုးရာအကများကို ပြည်သူများအား ထုတ်ဖော်ပြသနိုင်ရေးအတွက် အာဆီယံရိုးရာအကပြိုင်ပွဲတွင် ယှဉ်ပြိုင်ကပြဖျော်ဖြေကြမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအကြား အာဆီယံရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်သော အတွေးအမြင်များကို မျက်မြင်ကိုယ်တွေ့ ပါဝင်ခံစားနိုင်မည်ဖြစ်ပါသည်။

အာဆီယံရိုးရာအကပြိုင်ပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မတူကွဲပြားသော ရိုးရာအကများကို ယှဉ်ပြိုင်ကပြတင်ဆက်ကြမည်ဖြစ်ပြီး ဤသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအကြား အာဆီယံယဉ်ကျေးမှုနှင့် ပတ်သက်သော အသိအမြင်များကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် "ယဉ်ကျေးမှု"သည် အာဆီယံ၏ အမှာစကားကို သယ်ယူပို့ဆောင်ပေးနိုင်သော အားကောင်းသည့်ကြားခံနယ်မြေအဖြစ် ဆောင်ရွက်ပေးနိုင်ကြောင်းကိုလည်း သက်သေပြနိုင်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အပြန်အလှန်ယုံကြည်လေးစားသော အာဆီယံယဉ်ကျေးမှုကို ပြည်သူများထံ အရောက်ပို့ဆောင်နိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးစီးကျင်းပမည့် အာဆီယံရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲသည် အာဆီယံနှစ်(၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားဖြစ်ရုံသာမက အာဆီယံဒေသတွင်းနေ ပြည်သူများ၏ စည်းလုံးညီညွတ်မှု မျှဝေခံစားမှုနှင့် ဆန္ဒသဘောကြွယ်ဝမှုတို့ကို ဖော်ထုတ်ပြသနိုင်မည့် ပြိုင်ပွဲတစ်ရပ်လည်း ဖြစ်ပါသည်။ ထို့အပြင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်၊ အဆင့်အတန်း၊ ကျား၊ မ မရွေး ပါဝင်ဆင်နွှဲ ကြည့်ရှုနိုင်ရန် စီစဉ်ထားရှိပါသည်။

သို့ဖြစ်ပါ၍ ကြုံတောင့်ကြုံခဲ အာဆီယံနှစ် (၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် တစ်တပ်တစ်အား ပါဝင်ဆင်နွှဲနိုင်ရန်၊ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှု ကူးလူးယှက်နွယ်မှုများကို မျက်မြင်ကိုယ်တွေ့ခံစားနိုင်ရန်၊ အာဆီယံ၏ အသိပညာများကို ယနေ့မှစ၍ နောင်နှစ်တိုင်း လေ့လာနိုင်ရေး အစပျိုးနိုင်ရန် ဩဂုတ် ၇ ရက်တွင် အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပမည့် **"အာဆီယံရိုးရာ အကပြိုင်ပွဲ"**သို့ မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ခင်မင်လေးစားစွာ ဖိတ်ကြားလိုက်ရပါသည်။ ။




## တရုတ်-မြန်မာနယ်စပ် လွယ်ဂျယ်မြို့တစ်ဝိုက်တွင် စက်မှုဇုန်ဖော်ဆောင်နိုင်ရန်စီစဉ်

**မိုးညှင်း ဩဂုတ် ၂**

ကချင်ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိစေရန် တရုတ်-မြန်မာနယ်စပ် လွယ်ဂျယ်မြို့တစ်ဝိုက်တွင် စက်မှုဇုန်ဖော်ဆောင်နိုင်ရန်စီစဉ်နေသည်ဟု ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြောသည်။

ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးတို့က မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက တွေ့ဆုံရာတွင် ဝန်ကြီးဦးဝေလင်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အစိုးရအဖွဲ့အနေဖြင့် စက်မှုဇုန်တည်ဆောက်ရန်အတွက် မြေနေရာပေးရမည်ဖြစ်ပြီး အစိုးရအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းပြီး အထူးကုမ္ပဏီတစ်ရပ်ဖွဲ့စည်းရမည်ဖြစ်ကာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပညာတတ်၊ ပညာရှင်များဖြစ်ရန်အတွက် စက်မှုဇုန်များတွင် ဒါရိုက်တာအဖြစ်ထည့်ပြီး ပါဝင်လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်တွင် စတင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး တရုတ်အစိုးရက ၅၁ ရာခိုင်နှုန်း၊ တရုတ်ကုန်သည်က ၄၉ ရာခိုင်နှုန်း အပြည့်အဝရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ၎င်းစက်မှုဇုန်တွင် ကုန်ထုတ်လုပ်ငန်းများအဖြစ် ဆိုင်ကယ်စက်ရုံ၊ တုန်ဖုန်းစက်ရုံများ ပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ် လွယ်ဂျယ်မြို့သည် ဗန်းမော်ခရိုင်အတွင်း တည်ရှိပြီး ယင်းနယ်စပ်ဂိတ်မှ မြန်မာ-တရုတ် ကုန်ပစ္စည်းများ နေ့စဉ်ဝင်ထွက်ရောင်းဝယ်မှုများ ပြုလုပ်နေကြောင်း၊ စက်မှုဇုန်တည်ဆောက်ပေးပါက မြန်မာနိုင်ငံဘက်မှ ပြည်သူများ တရုတ်နိုင်ငံဘက်သို့ သွားရောက်အလုပ်လုပ်ကိုင်မှု လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် တရုတ်-မြန်မာနယ်စပ်ဂိတ် ပန်ဝါမြို့၊ ဖိမော်၊ ကန်ပိုက်တည်၊ လွယ်ဂျယ်မြို့ နယ်စပ်လေးခုရှိကြောင်း သိရသည်။

**(မင်းမင်းဦး)**

## တောင်တွင်းကြီးမြို့နယ်အတွင်းရှိ နှမ်းစိုက်ခင်းများ ရေလွှမ်းမိုးခံရ



**နေပြည်တော် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ယာကြီးတောကျေးရွာနှင့် ကွင်းပေါင်းကျေးရွာတို့၌ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှမ်းခင်းများ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယာကြီးတောကျေးရွာ အနောက်တောင်ဘက်ရှိ ပေငါးမြှောင်ကန်မှ ရေများအဆမတန်လျှံတက်လာခဲ့ပြီး ကန်ပေါင်ကျိုးကြသွားသဖြင့် ယာကြီးတောကျေးရွာနှင့် ကွင်းပေါင်းကျေးရွာတို့မှ တောင်သူများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်း ဧက ၂၀၀ ကျော်ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယခုအချိန်သည် နှမ်းခင်းများ အဖူးအပွင့်ဝေဆာနေချိန်ဖြစ်ပြီး ရေလွှမ်းမိုးခြင်းခံရသောကြောင့် စိုက်ပျိုးပြီးသော နှမ်းခင်းများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် စိတ်မကောင်းဖြစ်မိကြောင်း ယာကြီးတောကျေးရွာမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

**သက်သက်ပိုင်(သတင်းစဉ်)**

■

## မိုးကာလတွင်ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**သီပေါ ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာနမှ မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် အခြားရောဂါများ ကြိုတင်ကာကွယ်ရေးအနေဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ်(၁၁)ရပ်ကွက်သို့ အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် နေ့စဉ်အမှိုက်တန်ချိန် ၃၀ ကျော်ကို အဖွဲ့ပိုင် အမှိုက်စွန့်ပစ်မြေလေးဧက၌ သွားရောက်စွန့်ပစ်မည်ဖြစ်ရာ စနစ်တကျစွန့်ပစ်ဖျက်ဆီးနိုင်ရန် တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်း ကြီးကြပ်မှုဖြင့် ဇူလိုင် ၃၁ ရက်က စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့လယ်ချောင်းတစ်လျှောက်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုများကိုလည်း ပြန်လည်ဆယ်ယူဆောင်ရွက်လျက်ရှိပြီး မိုးကာလအတွင်း၌ ဖြစ်ပေါ်တတ်သော ရောဂါများကြိုတင်ကာကွယ်နိုင်ရန်နှင့် ယခုလို မြို့သန့်ရှင်းရေးအတွက် လူအား၊ မော်တော်ယာဉ်အင်အားများဖြင့် ဖြည့်ဆည်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရာသီတုပ်ကွေးရောဂါဆိုင်ရာ သိကောင်းစရာများရှင်းလင်း

**လှိုင်းဘွဲ့ ဩဂုတ် ၂**

ရာသီတုပ်ကွေး(H1N1)ရောဂါဆိုင်ရာ သိကောင်းစရာများ အသိပညာပေးရှင်းလင်းပွဲကို လှိုင်းဘွဲ့မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်ရဲစခန်းနှင့် အထကတို့၌ ဇူလိုင် ၃၁ ရက်က ကျင်းပသည်။

ဟောပြောရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းထွန်းက H1N1 ရောဂါပိုးနှင့် လက္ခဏာများအကြောင်း၊ H1N1 ရောဂါကာကွယ်ရန် နည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက ရာသီတုပ်ကွေးရောဂါ အကြောင်းနှင့် ပတ်သက်၍ သိလိုသည်များမေးမြန်းရာတွင် ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲနှင့်စပ်လျဉ်းသည့် Media Conference ကျင်းပ

**ရန်ကုန် ဩဂုတ် ၂**

အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ဩဂုတ် ၇ ရက်တွင် ကျင်းပမည့် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲ “ASEAN Traditional Dance Competition” ကျင်းပရေး Media Conference ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ သတင်းမီဒီယာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံရိုးရာအကပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ဩဂုတ် ၈ ရက်တွင်ကျရောက်မည့် အာဆီယံ အသင်းကြီးထူထောင်သည့် နှစ်(၅၀)ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် နှစ်(၂၀)ပြည့်မြောက်သည့် အခါသမယလည်းဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးတွင်လည်း နှစ်(၅၀)ပြည့်အထိမ်းအမှတ် အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ကြောင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲကို ကြီးမှူးကျင်းပခြင်းဖြင့် မြန်မာနိုင်ငံမှ အနုပညာရှင်များ၏ အရည်အသွေးကို အာဆီယံနိုင်ငံများက အသိအမှတ်ပြုစေရန် ရည်ရွယ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများက ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်၊ ဦးမောင်မောင်ဇော်ထက် (တေးရေး/တေးဆို-ဓိရာမိုရ်) ပါမောက္ခ/ဌာနမှူး(ဂီတ)၊ ဦးခိုင်ထွန်း ပါမောက္ခ/ဌာနမှူး(သဘင်)တို့က မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ခုခံအားနည်းသူနှင့် ရောဂါအခံရှိသူများသာ H1N1 ရောဂါဖြင့် သေဆုံးမှုများကြောင်း ဒေါက်တာကြည်စိုးပြော

**ရန်ကုန် ဩဂုတ် ၂**

ရာသီတုပ်ကွေး H1N1 ရောဂါဖြစ်သူများအနက် ခုခံအားနည်းပြီး ရောဂါအခံရှိသူများသာ သေဆုံးမှုများကြောင်း မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက ပြောသည်။

“ဒီရောဂါက ပုံမှန်အခြေအနေဆိုရင် အားလုံးကောင်းတယ်။ သူ့နဂိုက ကင်ဆာရှိလား၊ သွေးကင်ဆာရှိလား၊ AIDS ရှိလား၊ ဆီးချိုရှိလား၊ တီဘီရှိလား ဒီလိုအခံတွေမကောင်းမှ သေကြတာ။ အခြေခံပြင်းထန်တဲ့ရောဂါရှိတဲ့သူတွေပဲ သေကြတာ။ ကျန်တဲ့သူတွေက ဖျားလို့ ဖျားမှန်းမသိ ပျောက်သွားကြတယ်။ ဒီရောဂါက ကြောက်စရာမလိုဘူး။ ကိုယ်ဝန်ဆောင်တွေ၊ အသက်ကြီးတဲ့သူတွေ၊ ကိုယ်ခံအားနည်းတဲ့သူတွေ သေဆုံးတာများတယ်။ ကျန်တဲ့သူတွေ ပြန်ကောင်းတာများတယ်”ဟု ဒေါက်တာကြည်စိုးက ပြောသည်။

ထို့အပြင် ကြိုတင်ကာကွယ်မှုအနေဖြင့် ပြည်သူများမှ Mask များကို စနစ်တကျအသုံးပြုသင့်ကြောင်း၊ လက်များကို မကြာခဏဆေးကြောသင့်ကြောင်း ဒေါက်တာကြည်စိုးက အကြံပြုပြောကြားသည်။

“ဒီရောဂါက ကြောက်စရာမလိုဘူး။ သတိထားရမှာက အိပ်ရေးဝဝအိပ်ရမယ်။ အားရှိအောင် စားသောက်ရမယ်။ Mask ကို စနစ်တကျတပ်ရမယ်။ ကိုင်လိုက်ချိတ်လိုက် အိတ်ထဲထည့်လိုက် မလုပ်ရဘူး။ တပ်ပြီး တစ်ခါထဲစွန့်ပစ်ရမယ်။ အကောင်းဆုံးက မီးရှို့တာကောင်းမယ်။ လက်ကလည်း ဟိုကိုင်ဒီကိုင်ဆိုတော့ ကိုင်တဲ့နေရာမှာ ရောဂါပိုးကျန်တတ်တော့ လက်ကို သေသေချာချာဆေးသင့်တယ်”ဟု ၎င်းကပြောသည်။ မြောက်ဥက္ကလာပဆေးရုံတွင် လက်ရှိအခြေအနေမှာ ရာသီတုပ်ကွေးရောဂါဖြင့် တက်ရောက်ကုသမှုခံနေသူနှစ်ဦးမှာ သက်သာ၍ ယနေ့နံနက်ပိုင်းက ဆေးရုံမှဆင်းသွားပြီး သုံးဦးဆေးကုသမှုခံယူနေကြောင်း သိရသည်။

**(ဇာနည်မောင်)**

## H1N1 ဟု သံသယရှိသည့် လူနာတစ်ဦး ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူ

**ဟားခါး ဩဂုတ် ၂**

ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ H1N1 ဟုယူဆရသည့် လူနာအမျိုးသမီးတစ်ဦးအား ဩဂုတ် ၁ ရက်က ဟားခါးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ထန်တလန်မြို့နယ် မှောင်တလန်ကျေးရွာတွင် ကျန်းမာရေးကြီးကြပ်(၁) တာဝန်ထမ်းဆောင်လျက်ရှိသူ ဆရာမတစ်ဦးသည် လကုန်ပုံမှန်အစည်းအဝေးတက်ရောက်ရန် ဇူလိုင် ၂၉ ရက်က ထန်တလန်မြို့သို့ သွားရောက်စဉ် နှာစေး၊ ကိုယ်ပူပြီး ဖျားနေသည့်အတွက် ထန်တလန်ဆေးရုံတွင် ပြသရာ ဆရာဝန်ကြီးများက H1N1 ရောဂါသံသယရှိသဖြင့် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ စစ်ဆေးကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့သည်။ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ လူနာ၏ ရောဂါပိုးအား သိရှိနိုင်ရန်အတွက် ရန်ကုန်အမျိုးသားဓာတ်ခွဲခန်းသို့ ဆက်လက်ပေးပို့ဆောင်ရွက်လျက်ရှိပြီး လူနာအား ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသလျက်ရှိကာ စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## လတ်တလော ပြင်းထန်အသက်ရှုလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၂၈၄ ဦးတွင် Seasonal Influenza A(H1N1)pdm 09 positive လူနာ ၉၉ ဦးရှိပြီး ယနေ့တွင် အသက်(၃၅)နှစ်အရွယ် အမျိုးသမီးတစ်ဦး ထပ်မံသေဆုံး

**နေပြည်တော် ဩဂုတ် ၂**

ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရရှိသော ရောဂါဖြစ်ပွားမှု အချက်အလက်များအရ လတ်တလော ပြင်းထန်အသက်ရှုလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူစုစုပေါင်းလူနာ ၂၈၄ ဦးရှိခဲ့ပြီး ၎င်းတို့အနက် Seasonal Influenza A (H1N1) pdm 09 positive လူနာစုစုပေါင်း ၉၉ ဦး ရှိကြောင်း၊ ယနေ့တွင် အသက်(၃၅)နှစ်အရွယ်အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးသဖြင့် ယနေ့အထိ သေဆုံးသူ ၁၃ ဦးရှိပြီး လတ်တလော ပြင်းထန်အသက်ရှုလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်သူများတွင် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 09 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၃၉ ဦးအား ထပ်မံဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ Seasonal Influenza A(H1N1) pdm 09 အတည်ပြုလူနာ ၂၃ ဦးတွေ့ရှိရကြောင်း၊ ဆေးရုံတက်ရောက်သော လူနာစာရင်းအရ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် လူနာ ၁၉ ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လေးဦး စုစုပေါင်းလူနာ ၂၃ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ယနေ့အထိ လူနာများနှင့် တိုက်ရိုက်ထိတွေ့ရသော ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံရခြင်းမရှိကြောင်း။

ယနေ့နံနက် ၈ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား နေပြည်တော်၌ကျင်းပရာ အစည်းအဝေးတွင် ရောဂါပိုးတွေ့ရှိလူနာများအား သတ်မှတ်ဆေးရုံကြီးများတွင် ထားရှိကုသနိုင်ရေးနှင့် အထူးသဖြင့် ဝေဘာဂီဆေးရုံကြီးတွင် လူနာများအား အထူးကြပ်မတ်ပြုစုကုသပေးနိုင်ရေး၊ ဝေဘာဂီဆေးရုံကြီးအတွက် လိုအပ်သည့် အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်တင်းပေးနိုင်ရေး၊ လူနာလွှဲပြောင်းမှုအသေးစိတ်အစီအစဉ်များနှင့် လျင်မြန်ချောမွေ့စွာ ပို့ဆောင်နိုင်ရေး၊ ရောဂါပိုးတွေ့လူနာများအား Tamiflu ဆေးဖြင့် ကုသမည့် သတ်မှတ်ချက်များ၊ ရောဂါပိုးတွေ့ရှိလူနာများနှင့် တိုက်ရိုက်ထိတွေ့ရသော ကျန်းမာရေးဝန်ထမ်းများအတွက် ကာကွယ်ဆေးများ ထိုးနှံရေး၊ အဖွဲ့အစည်းများမှ လှူဒါန်းသည့် ဆေးနှင့်ဆေးပစ္စည်းများအား စနစ်တကျအသုံးပြုကုသနိုင်ရေး၊ တိုင်းဒေသကြီး/ပြည်နယ်များမှရရှိသော သတင်းအချက်အလက်များ၊ နေ့စဉ်သတင်းထုတ်ပြန်ချက်များနှင့် ဆေးရုံတက်လူနာများ၏ ရောဂါနှင့် ပတ်သက်သော အချက်အလက်များ တိကျသေချာမှုရှိရေး၊ ရောဂါဖြစ်ပွားမှုများနှင့် ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(RRT) ဖွဲ့စည်းဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း။

ဂျပန်နိုင်ငံသို့ ပေးပို့စစ်ဆေးထားသော အဖြေများအရ ရာသီတုပ်ကွေးရောဂါပိုး Seasonal Influenza A (H1N1) pdm09 သည် ပုံမှန်အသုံးပြုနေကျ Antiviral ဆေးဖြင့် ကုသပါက Sensitivity ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအထိရှိကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center တွင် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ တာဝန်ခံသမားတော်ကြီးများပါဝင်သော ရာသီတုပ်ကွေးရောဂါ ကုသရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း။

ရာသီတုပ်ကွေးဆန်သောလက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ဆေးကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC facebook စာမျက်နှာနှင့် နေ့စဉ်ထုတ်သတင်းစာများအပြင် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

■



## မောင်တောမြို့နယ်တွင် A(H1N1) pdm 09 နှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မောင်တော ဩဂုတ် ၂**

မောင်တောမြို့နယ်တွင် A(H1N1)pdm 09 ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးအနေဖြင့် ရောဂါလက္ခဏာများ၊ ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူလူထုအား ပညာပေးဆောင်ရွက်လျက်ရှိကြောင်း မောင်တောမြို့နယ် ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

မောင်တောပြည်သူ့ဆေးရုံအနေဖြင့် နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသည့် လမ်းညွှန်မှုများအတိုင်း လူနာများကို ကုသမှုပေးရန် ဆောင်ရွက်ထားရှိကြောင်း၊ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် သံသယလူနာများထားရှိရန် သီးသန့်လူနာခန်းထားရှိပေးထားကြောင်း၊ ယခုလောလောဆယ် မောင်တောမြို့နယ်တွင် ရာသီတုပ်ကွေးနှင့်ပတ်သက်၍ သံသယလူနာများ မတွေ့ရှိရသေးကြောင်း၊ ပညာပေးမှုများအနေဖြင့် လွန်ခဲ့သည့် တစ်ပတ်ကျော်ကတည်းက ဆောင်ရွက်လျက်ရှိကြောင်း မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနုကေသီစံက ပြောကြားသည်။

ရာသီတုပ်ကွေးနှင့်ပတ်သက်၍ ပညာပေးဟောပြောမှုများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ စာသင်ကျောင်းများနှင့် ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်စပ်ဒေသဖြစ်သည့်အတွက် တစ်ဖက်နိုင်ငံတွင် အဆိုပါရောဂါဖြစ်ပွားမှု ရှိ၊ မရှိကိုလည်း အထူးလေ့လာစောင့်ကြည့် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“တကယ်တော့ A(H1N1) pdm 09 ဟာ ရာသီတိုင်းဖြစ်လေ့ဖြစ်ထရှိတဲ့ ရာသီတုပ်ကွေးရောဂါဖြစ်ပါတယ်။ ဒီရောဂါမဖြစ်ပွားအောင် အဓိကအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့လိုပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့အနေအထိုင်၊ အပြုအမူရှိရမယ်။ ရောဂါကူးစက်နိုင်တဲ့နည်းလမ်းတွေကို သိရှိလိုက်နာကာကွယ်ဖို့လိုပါတယ်။ ကောလာဟလတွေကိုမယုံဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အချက်အလက်တွေ၊ ကြော်ငြာတွေကို လိုက်နာဆောင်ရွက်ဖို့လိုပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၄ စီး၊ သွင်းကုန် ၆၀၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် AD Van နှစ်စီး၊ ခြောက်ဘီးယာဉ်တစ်စီးနှင့် Fuso ၁၂ ဘီးယာဉ်တစ်စီးတို့ကို သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Syh(Leader (1-1) အလုံး ၂၀၊ Syh (Young Y33) အလုံး ၂၀၊ Syh (Keypad) (1 × 50) (1) Pkgs၊ Solar (80W) (1 × 5) (5)Pkgs၊ Solar (25W) (1×5) (5) Pkgs၊ Pan Cooker (1×8) 50 Pkgs၊ Fm Radio (Audio Player) (1×100) (3) Pkgs၊ Radio (Sony) (1×40) (1) Pkgs, (1×100)(1) Pkgs၊ Multifunction Wireless Speaker (1×25) 1 Pkgs,(1×50) 5 Pkgs၊ Selfie Stick (1×200) 1 Pkgs၊ Electric Kittle(1×24) 60 Pkgs၊ Rice Cooker (1×8) 20 Pkgs၊ ကျောပိုးအိတ် ၂၈၀၊ Gold Hills (Nut) (10 kg) 10 Pkgs၊ Sunny Instant Custard Mix(20kg) 10 Pkgs၊ Chicken Floss (30 Kg) 10 Pkgs၊ အဝတ်အထည်မျိုးစုံ ၇၅၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅ ဒသမ ၆၂၀ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်နှစ်စီး မတော်တဆမှု ဆက်တိုက်ဖြစ်ပွား

**ရေတာရှည် ဩဂုတ် ၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ခရီးသည်များ တင်ဆောင်လာသော EXPRESS ယာဉ်နှစ်စီး မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ ဩဂုတ် ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ရေတာရှည်မြို့နယ် သာဂရအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင် (၁၈၀/၁) နှင့် (၂)အကြားတွင် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်မင်းမင်း (၅၀)နှစ် နန်းတော်ရာရပ်ကွက် ပဲခူးမြို့နယ်နေသူ မောင်းနှင်လာသော ပြည့်ဝခရီးသည်တင် EXPRESS ယာဉ်သည် အရှိန်လွန်ကာ ရှေ့ကွန်ကရစ်လမ်း၏အစပ်တွင် စက်ချွတ်ယွင်း၍ ရပ်ထားသော MINIBUS ယာဉ်၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိခဲ့သည်။

အလားတူ နံနက် ၄ နာရီ ၁၅ မိနစ်ကလည်း ပျော်ဘွယ်မြို့နယ် ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၂၆၀/၇ နှင့် ၀) အကြားတွင် ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်းမင်းမင်း (၄၅)နှစ် သာစည်ရပ်ကွက် စစ်ကိုင်းမြို့နေသူ မောင်းနှင်လာသော ခိုင်မန္တလေး ခရီးသည်တင် EXPRESS ယာဉ်မှာ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးများကို တိုက်မိခဲ့ပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိသွားသည်။

ဖြစ်စဉ်များတွင် ဒဏ်ရာရရှိမှုများမရှိဘဲ ယာဉ်မောင်းများကို အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# မောင်တောမြို့နယ်အတွင်း မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စပါယ်ပင်ရင်းချောင်းဝ၌ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရေမှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် မသင်္ကာဖွယ်လှေတစ်စင်းအား ဖမ်းဆီးရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးအား WY စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅ သိန်းခန့်)နှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

မောင်တောမြို့နယ် မြန်မာ့ရေပိုင်နက်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၃ နာရီခွဲခန့်တွင် စပါယ်ပင်ရင်းချောင်းဝ၌ မသင်္ကာဖွယ်လှေတစ်စင်းအား တွေ့ရှိ၍ မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ လှေပေါ်ပါ လူသုံးဦးအနက် နှစ်ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့လည်းကောင်း၊ ကျန်တစ်ဦးမှာ မြန်မာနိုင်ငံဘက်သို့လည်းကောင်း ရေကူးထွက်ပြေးသွားကြောင်း၊ ထွက်ပြေးသူများနောက်သို့ လိုက်လံဖမ်းဆီးစဉ် မောင်တောမြို့၏ မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဆော်လိမ်းကို WY စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၅ သိန်းခန့်)နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူအား မောင်တောမြို့ရှိ မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာတွင် ကျွဲများ သေဆုံးမှုဖြစ်

**မိုးညှင်း ဩဂုတ် ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအုပ်စု မမုန်ကိုင်ကျေးရွာ အင်းစပ်အနီးတွင် ကျွဲများသေဆုံးနေကြောင်း သိရသည်။

မမုန်ကိုင်ကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာ အင်းစပ်တွင် ဩဂုတ် ၁ ရက် နံနက် ၂ နာရီခန့်က (၁)နှစ်ခန့်အရွယ် ကျွဲမတစ်ကောင် သေဆုံးနေကြောင်း ၎င်းကျွဲမှာ မမုန်ကိုင်ကျေးရွာနေ ဒေါ်ချိုအေး၏ကျွဲဖြစ်ပြီး နားရွက်အေးခြင်း၊ ချောင်းဆိုးခြင်း၊ မျက်လုံးမှေးခြင်း လက္ခဏာများဖြင့်သေဆုံးခဲ့ကြောင်း၊ ယင်းကျွဲကို တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးမှ ကာကွယ်ဆေးထိုးနှံပြီးကြောင်း သိရသည်။

အလားတူဇူလိုင် ၂၉ ရက် ညပိုင်းတွင် မမုန်ကိုင်ကျေးရွာနေ ဦးမောင်ထွေး၏ အသက် (၃)နှစ်အရွယ် ကျွဲထီး လေးကောင်နှင့် ကျွဲမ တစ်ကောင် ပေါင်း ငါးကောင်၊ ဇူလိုင် ၃၀ ရက်က မမုန်ကိုင်ရွာနေ ဦးလင်းအောင်၏ အသက် (၃)နှစ်အရွယ် ကျွဲထီး သုံးကောင်နှင့် ကျွဲမ နှစ်ကောင်တို့လည်း သေဆုံးမှုဖြစ်ပွားခဲ့သည်။ သေဆုံးသည့် ကျွဲများအနက် ဦးမောင်ထွေး၏ ကျွဲ ငါးကောင်မှာ ကာကွယ်ဆေးထိုးနှံခဲ့ပြီး ဦးလင်းအောင်၏ ကျွဲ ငါးကောင်မှာ ကာကွယ်ဆေးထိုးနှံခြင်းမရှိကြောင်း၊ ဆက်လက်၍ အင်းတော်ကြီးဒေသရှိ ကျေးရွာများတွင် ကျွဲများ ထပ်မံသေဆုံးမှုများ မဖြစ်ပေါ်နိုင်ရန်အတွက် မြို့နယ်တိ/မွေးကုဌာနမှ ဒေါက်တာမျိုးဝင်းလတ် ဦးဆောင်သောအဖွဲ့နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၅၈)**

# မောင်တောခရိုင်ရဲတပ်ဖွဲ့တွင် ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မောင်တော ဩဂုတ် ၂**

မောင်တောခရိုင်ရဲတပ်ဖွဲ့တွင် ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မေယုခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညဏ်ဝင်းဦးက အမှာစကားပြောကြားပြီး သင်တန်းသား ၂၅ ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အောက်ရှိ တပ်ဖွဲ့၊ တပ်ဖွဲ့စုများမှ တာဝန်ခံများ၊ အရာရှိများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဖမ်းဆီးနည်းသင်တန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး၊ မျိုးသူဟိန်း**

## သာကေတတံတားသစ်မှ

လုပ်နိုင်တဲ့အနေအထား နည်းပါးလာတယ်။ နည်းပါးလာတဲ့အတွက် ဒီနေရာမှာ အသစ်တည်ဆောက်ဖို့ ရွေးချယ်ထားတာဖြစ်ပါတယ်။ အသစ်ကတော့ လေးလမ်းမောင်း တည်ဆောက်မှာဖြစ်ပါတယ်။ ဒီတံတားပုံစံဟာ မြန်မာပြည်မှာ အခုမှ မိတ်ဆက်ပြီးတော့ တည်ဆောက်တဲ့ Extradosed တံတားပုံစံဖြစ်ပါတယ်။ ယခင်ဆောက်ပြီးတဲ့ ကြိုးတံတား ကြိုးဆိုင်းတံတားတွေနဲ့ ပုံစံမတူပါဘူး”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပြောသည်။

အဆိုပါတံတားသစ်ကို ဂျပန်နိုင်ငံအစိုးရ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ကူညီထောက်ပံ့မှုဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး ယင်းမှာ ပြန်လည်ပေးဆပ်ရန်မလိုသည့် နှောင်ကြိုးမဲ့ ကူညီမှုဖြစ်ကာ ၂၀၁၈ ခုနှစ်တွင် ပြီးစီးရန်လျာထားကြောင်း ၎င်းက ရှင်းပြသည်။

လက်ရှိ သာကေတတံတားဟောင်း၏ ယာဉ်သွားလာဖြတ်သန်းမှုမှာ ၂၀၁၃ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းများအရ တစ်ရက်လျှင် ယာဉ်အစီးရေ ၂၀၀၀၀ ခန့် ဖြတ်သန်းနေရာမှ ၂၀၂၀ ခုနှစ်တွင် ယာဉ်စီးရေ ၅၀၀၀၀ ကျော်အထိ ရှိလာနိုင်ပြီး လက်ရှိတွင်လည်း ယာဉ်သွားလာကျပ်တည်းမှုများရှိနေခြင်း၊ တံတားဟောင်း၏ ခံနိုင်ရည် ကျဆင်းလာခြင်းတို့ကြောင့် တံတားသစ်တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်မှု ခန့်မှန်းကုန်ကျစရိတ်မှာ ဂျပန်ယန်းသန်း ၃၃၆၀ ခန့်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ တံတားသစ်တည်ဆောက်ပြီးစီးသွားပါက လက်ရှိတံတားဟောင်းကို ဖျက်သိမ်းသွားမည်ဖြစ်ပြီး သာကေတချောင်းကူးတံတားနှင့် ဆက်စပ်နေသည့် ကားလမ်းကူးနှင့် ရထားလမ်းကူး ခုံးကျော်တံတားများနှင့် ချိတ်ဆက်သွားမည်ဖြစ်ကာ သာကေတချောင်းကူးတံတားသစ်ကို လေးလမ်းသွားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ အသစ်တည်ဆောက်ပြီးစီးမည့် တံတားတွင် ယာဉ်ခံနိုင်ဝန်အား ၄၅ တန်မှ အရေးပေါ်လိုအပ်ပါက တန် ၆၀ အထိ ဖြတ်သန်းနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်သို့ အလျင်မြန်ဆုံးချိတ်ဆက်ပေးနိုင်မည့် လမ်းကြောင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နည်းပညာသစ်ဖြင့် တည်ဆောက်သော တံတားဖြစ်သောကြောင့် ဂျပန်ပညာရှင်များသာမက မြန်မာအင်ဂျင်နီယာများပါဝင်ခဲ့ပြီး မြန်မာအင်ဂျင်နီယာများကို တံတားတည်ဆောက်ရေးလုပ်ငန်းအပိုင်းအလိုက် သင်တန်းများ၊ လေ့လာမှုများ ကြိုတင်ဆောင်ရွက်စေကာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာ လွှဲပြောင်းရရှိမှုများကိုလည်း ရရှိကြောင်း သိရသည်။ တံတားတည်ဆောက်ရေးအပိုင်းတွင် နည်းပညာသစ်တံတားဖြစ်သည့်အတွက် အချို့သော တည်ဆောက်ရေးသုံး ကုန်ကြမ်းပစ္စည်းရရှိမှု အခက်အခဲအနည်းငယ်ရှိသည်မှလွဲ၍ ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေအောင်မြင်ကြောင်း အဆိုပါတံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ ဂျပန်ပညာရှင်တစ်ဦးက ပြောသည်။

**(ဆုနှင်းလဲ့)**

# မိတ္ထီလာတွင် ဆိုင်ကယ်စီး၍ လုယက်သူအား ချက်ချင်းဖမ်းဆီး

**မိတ္ထီလာ ဩဂုတ် ၂**

မိတ္ထီလာတွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်စီး၍ ငွေကျပ်တစ်သိန်းကျော် ပါရှိသည့် ကြွပ်ကြွပ်အိတ်ကို ကိုင်ဆောင်လာစဉ် ဆိုင်ကယ်စီး၍ လုယက်သည့် လူငယ်နှစ်ဦးအနက် တစ်ဦးအား ဩဂုတ် ၁ ရက် ည ၇ နာရီခန့်က ချက်ချင်းဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းတဲကျေးရွာနေ ဒေါ်သန္တာ (၄၇) နှစ်သည် ပြည်သာယာ-မြင်းခြံလမ်းထိပ် ရွှေမင်းသားဆီဆိုင်နှင့် မလှမ်းမကမ်း နေရာအရောက်တွင် ၎င်းကိုင်ဆောင်ထားသည့် ငွေပါရှိသော ကြွပ်ကြွပ်အိတ်ကို ၎င်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရုတ်တရက် ကျော်တက်သည့် ဆိုင်ကယ်တစ်စီးပေါ်မှ လူငယ်နှစ်ဦးအနက် အနောက်မှ လိုက်ပါလာသောလူငယ်က လုယက်ထွက်ပြေးမောင်းနှင်သွားသည်။ ငွေအိတ်လုယက်ခံရသည့် ဒေါ်သန္တာက ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခံရာ အနီးရှိ တာဝန်သိပြည်သူအချို့က လိုက်လံဖမ်းဆီးရာ ဆိုင်ကယ်နောက်မှ စီးနင်းသည့် လူငယ်မှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသဖြင့် ချက်ချင်းဖမ်းဆီးရမိသည်။ ၎င်းမှာ ဇောင်ချမ်းကုန်းကျေးရွာနေ မင်းကိုကိုဦး (၂၇)နှစ်ဖြစ်ပြီး ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားသူမှာ ဂွေးတောက်ကုန်းကျေးရွာနေ ဟိန်းမင်းဦး (၂၄)နှစ်ဖြစ်ကြောင်း သိရသည်။

**(၅၇၉)**

# မိုရာတာနှင့်ပတ်သက်ပြီး ပိုချက်တီနို၏ စကားလုံး စစ်ထိုးမှု စတင်ပြီ

ချယ်လ်ဆီးအသင်းသို့ ပေါင် ၆၅ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည့် မိုရာတာက သူ့ကို စပါးနည်းပြ ပိုချက်တီနိုကလည်း ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသည့်ဟု ပြောကြားမှုအပေါ် ပိုချက်တီနိုက စကားလုံးပြင်းပြင်းဖြင့် တုံ့ပြန်လိုက်ပြီဖြစ်သည်။ စပါးအသင်းသို့ မိုရာတာ ပူးပေါင်းမှုမရှိခဲ့ခြင်းမှာ စပါးတွင် ဟယ်ရီကိန်းရှိနေပြီး ဟယ်ရီကိန်းမှာ သူ့ထက် ပိုကောင်းတဲ့ ကစားသမားဖြစ်သည်ကို မိုရာတာသိရှိထားခြင်းကြောင့်ဖြစ်ကြောင်း ပိုချက်တီနိုက ဖွင့်ဟခဲ့သည်။

ပိုချက်တီနိုက "မိုရာတာက ကျွန်တော် သူ့ကို ခေါ်ယူဖို့ ကြိုးစားခဲ့ဖူးတယ်လို့ ကျွန်တော်နဲ့ပတ်သက်ပြီး မီဒီယာတွေကိုထုတ်ပြောခဲ့တယ်။ ဒါက လွန်ခဲ့တဲ့ နှစ်နှစ်၊ ဒါမှမဟုတ် ဒီထက်တောင်ကြာချင်ကြာမှာပါ။ သူ(မိုရာတာ)က ခင်ဗျားမှာ ဟယ်ရီကိန်းရှိတယ်မဟုတ်လား ဘာလို့ကျွန်တော့်ကို ခေါ်ချင်တာလဲလို့ပြန်မေးတယ်။ အရန်ခုံမှာ ထိုင်ခိုင်းဖို့လား၊ ဟယ်ရီကိန်း၊လိုရစ်နဲ့ အခြားနေရာက ကစားသမားတွေနဲ့ ကျွန်တော် မယှဉ်နိုင်ပါဘူးလို့ သူက ပြောခဲ့တယ်ဗျ" ဟု အဆိုပါ အဖြစ်အပျက်အပေါ် ပြန်ပြောင်းပြောခဲ့သည်။



ပြီးခဲ့သည့် ရက်ပိုင်းကပင် ချယ်လ်ဆီးနည်းပြ ကွန်တီက စပါးအသင်း၏ ရည်မှန်းချက်အပေါ် မေးခွန်းထုတ်ခဲ့ပြီးနောက် စပါးနှင့် ချယ်လ်ဆီးအသင်းတို့ကြား စကားလုံးစစ်ထိုးမှုများ စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကွန်တီက အသင်းကြီးတိုင်း ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေးကိုသာမက ချန်ပီယံလိဂ်ဖလားကိုပါ မျှော်မှန်းပြီး ကြီးမားသောရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နေချိန်တွင် စပါးအသင်း၏ ကစားသမားများ ရောင်းချနေခြင်းဖြစ်ရပ်အပေါ် မေးခွန်းထုတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကွန်တီက သူ့အနေဖြင့် ကစားသမားတစ်ဦးသာ ခေါ်ယူခွင့်ရမည်ဆိုပါက စပါးရဲ့ ဟယ်ရီကိန်းကို ရွေးချယ်မည်ဖြစ်ပြီး ဟယ်ရီကိန်းလို ကစားသမားမျိုးကို ဆက်ထိန်းရေးမှာလည်း စပါးအသင်းအတွက် အင်မတန်အရေးကြီးကြောင်း ထောက်ပြခဲ့သည်။ စပါးသည် နောက်ခံလူ ဝေါ်လ်ကာကို ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးသို့ ကနဦးပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့် ထွက်ခွာခွင့်ပြုခဲ့ရာ ဝေါ်လ်ကာက ချန်ပီယံဆုဖလားများ ကိုင်မြှောက်လိုခြင်းက စပါးမှထွက်ခွာခဲ့ရခြင်း၏ အကြောင်းတရားဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် မရှေးမနှောင်းမှာပင် ပိုချက်တီနိုက ဝေါ်လ်ကာ၏ အကောင်းဆုံးခြေစွမ်းကို စပါးတွင် မြင်တွေ့ခဲ့ပြီးဖြစ်ကာ မန်စီးတီးတွင် စပါးတွင် စွမ်းဆောင်နိုင်သည်ထက် ပိုမိုကောင်းအောင် လုပ်ဆောင်ပြနိုင်တော့မည်မဟုတ်ဟု တုံ့ပြန်ခဲ့သေးသည်။

## ဆီဗီလာသို့ နာဗက်စ် တစ်ကျော့ပြန်ပြောင်းရွှေ့

စပိန်တောင်ပံတိုက်စစ်မှူး ဂျီးဆပ်ဇ်နာဗက်စ်သည် မန်စီးတီးမှ ထွက်ခွာပြီးနောက် အသင်းဟောင်း ဆီဗီလာသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် တစ်ကျော့ပြန် ပူးပေါင်းခဲ့ပြီဖြစ်ကြောင်း ဘီဘီစီ၏ ဖော်ပြချက်အရ သိရသည်။ အသက်(၃၁)နှစ်အရွယ် နာဗက်စ်မှာ ၂၀၁၃ ခုနှစ်တွင် ဆီဗီလာမှ မန်စီးတီးသို့ ပေါင် ၁၄ ဒသမ ၉ သန်းတန် လေးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ သူသည် မန်စီးတီးအတွက် ၁၇၃ ပွဲ ဝင်ရောက်ကစားပြီး ရှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ရာသီက ၂၄ ပွဲသာ ဝင်ရောက်ကစားခွင့်ရသည်။ မန်စီးတီးနှင့် နာဗက်စ်တို့ ချုပ်ဆိုခဲ့တဲ့စာချုပ်မှာ ယခုနှစ်နွေဈေးကွက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်ရာ နာဗက်စ်က သူ၏ ကစားသမားဘဝစတင်ရာ ဆီဗီလာသို့ လေးနှစ်စာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ သူသည် ဆီဗီလာအသင်းနှင့်အတူ ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ် ယူအီးအက်ဖ်အေဖလား ဆွတ်ခူးခဲ့ရာတွင် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့သော်လည်း အိမ်လွမ်းဝေဒနာကြောင့် ခြေစွမ်းပျောက်ဆုံးရခြင်းဖြစ်သည်ဟု အစောပိုင်းကပင် ဝန်ခံထားခဲ့ပြီဖြစ်သည်။ နာဗက်စ်မှာ ဆီဗီလာအသင်းတွင် ၃၉၃ ပွဲ ဝင်ရောက် ကစားထားပြီးဖြစ်ရာ ၂၇ ပွဲထွက် ကစားခွင့်ရရုံဖြင့် ဂျူအန်အာဇာ၏ ၄၁၉ ပွဲစံချိန်ကို ချိုးဖျက်နိုင်မည်ဖြစ်သည်။



## အော်ရီရာကို ငါးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူရန် မန်ယူသဘောတူညီချက် ရခဲ့ပြီ

မန်ယူအသင်းသည် ပီအက်စ်ဂျီနောက်ခံလူ ဆာ့ချ် အော်ရီရာကို တစ်ပတ် ပေါင် ၉၅၀၀၀ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုရန် ပုဂ္ဂိုလ်ရေးသဘောတူညီချက် ရရှိခဲ့ပြီးဖြစ်ကြောင်း ပြင်သစ်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။ မန်ယူနည်းပြ မော်ရင်ဟိုက သူ့အသင်းလူစာရင်းကို ပြန်လည်တည်ဆောက်ရန် ပြင်ဆင်နေပြီး အော်ရီရာကို ပေါင်သန်း ၃၀ ဝန်းကျင်ဖြင့် ခေါ်ယူနိုင်ခြင်းဖြစ်သည်ဟူသော ခန့်မှန်းချက်များလည်း ထွက်နေသည်။ ခိုင်မာသောသတင်းရင်းမြစ်များကို ဖော်ပြလေ့ရှိသော ပဲရစ်ယူနိုက်တက်က မန်ယူနှင့် အော်ရီရာတို့ ငါးနှစ်စာချုပ်ချုပ်ဆိုရန် အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်သည်ဟု အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် နေမာကိုခေါ်ယူရန် ကြိုးပမ်းနေသဖြင့် ငွေကြေးလိုအပ်ချက် မြင့်မားနေရာ နောက်ခံလူအော်ရီရာကို ထုတ်ရောင်းရန်အကြောင်း ဖန်လာခဲ့ခြင်းဖြစ်သည်။ အေးဂျင့် ရှိုင်လိုလာက မန်ယူကိုယ်စား ပီအက်စ်ဂျီနှင့် ဆွေးနွေးခဲ့ပြီးနောက် ပေါင်သန်း ၃၀ ဖြင့် ဈေးတည့်ခဲ့ခြင်းဖြစ်သည်။

**မေလွဲ့သင်း – စုစည်းသည်**

## အခွန်ရှောင်ကိစ္စနှင့်ပတ်သက်တဲ့ ကြားနာစစ်ဆေးမှုအပြီး နောက်တစ်ရက်တွင် စီရိုနယ်လ်ဒို အငြင်းပွားဖွယ် ဓာတ်ပုံတင်ခဲ့

အခွန်လိမ်လည်တယ်ဆိုတဲ့ စွပ်စွဲချက်တွေကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ တရားရုံးကို ဩဂုတ် ၁ ရက်မှာ လာရောက်ရင်ဆိုင်ခဲ့ရပြီး နောက်တစ်ရက်အကြာ အလင်းတန်းများကြား သူရပ်နေတဲ့ဓာတ်ပုံနဲ့တကွ " တောက်ပမှုပေးတဲ့ အလင်းတန်းတွေကို ပိုးမွှားတွေက တိုက်ခိုက်နေကြတယ်"ဟူသော စာသားကိုပါရေးသားပြီး သူရဲ့အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့တာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုရဲ့ ယခုပုံအနေအထားက သူ့ကိုယ်သူ ဘုရားသခင်နှင့်ပင် ခိုင်းနှိုင်းနေတယ်ဟူသော စွပ်စွဲချက်များကို ထွက်လာစေခဲ့သလို "အကောင်းဆုံးတွေ လုပ်ဆောင်ဖို့အတွက် ဖြစ်တည်လာသည်"ဟူသော သူရဲ့ ပြောစကားကလည်း နဂိုများဖြစ်တည်ပြီးသား ဝေဖန်မှုများအပေါ် ခိုင်မာအားကောင်းလာစေခဲ့ပါတယ်။



တရားရုံး တံခါးပိတ်ကြားနာ စစ်ဆေးမှုများအပြီး စီရိုနယ်လ်ဒိုရဲ့ အံမဝင်ခွင်မကျ ပြောစကားကို မီဒီယာများက တခမ်းတနားဖော်ပြနေကြချိန်တွင် စီရိုနယ်လ်ဒိုရဲ့ ယခု ဓာတ်ပုံနှင့် စာသားပူးတွဲတင်မှုက ဝေဖန်မှုများကိုပိုမို ပွက်လောရိုက်လာစေခဲ့တာပါ။ တရားသူကြီးဂိုမက်စ်ဖာရာက " ဒီလောက်အမည်မသိတဲ့ သူတွေအများကြီး ဘာလို့လာထိုင်နေရတာလဲ။ ခင်ဗျားဘယ်ရောက်နေသလဲ"လို့ တုံ့ပြန်ခဲ့ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

စီရိုနယ်လ်ဒိုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ကြား ကာလအတွင်း ပုံရိပ်လွှာအသုံးပြုခများမှ ပေါင် ၁၃ ဒသမ ၁ သန်းကို လိမ်လည်ခဲ့သည်ဟူသော စွပ်စွဲချက်ကြောင့် မက်ဒရစ်မြို့စွန် အာကွန်အရပ်တွင်တည်ရှိတဲ့ တရားရုံးတွင် လာရောက်စစ်ဆေးခံရခြင်းဖြစ်ပါတယ်။ အသက်(၃၂)နှစ်အရွယ် စီရိုနယ်လ်ဒိုက သူ့အနေနဲ့ အမှားအယွင်းတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းရှိ မီဒီယာသမားများစွာက စီရိုနယ်လ်ဒိုရဲ့ ယခုကြားနာမှုကို သတင်းရယူဖို့ တရားရုံးပြင်ပက လာရောက်စောင့်ဆိုင်းနေကြတာကိုလည်း တွေ့ရပါတယ်။ စီရိုနယ်လ်ဒိုက ပြီးခဲ့တဲ့ရာသီကပင် သူ့ရဲ့အားထုတ်မှုများကို အသိအမှတ်မပြုဘဲမောက်မာတယ်။ တစ်ကိုယ်ကောင်းဆန်တယ်လို့ ဝေဖန်တဲ့ ရီးယဲလ်ပရိသတ်များကိုလည်း စိတ်ပျက်မိကြောင်း တုံ့ပြန်ထားသူပါ။


**Esther Bakery School**

Bakery and pastry Course
Esther Bakery School is Open now in Yangon
Bakery and Pastry Course

**August တန်းသစ်များ** ကြိုတင်စာရင်းသွင်းလို့ရပါပြီရှင်
** လစဉ်ပထမအပတ်တိုင်းသင်တန်းခွဲသစ်များစတင်ပါမည်။**

သင်ကြားပေးသောသင်တန်းများ

1. General Basic course
2. Cakes& Cake decorations
3. Cake decoration
4. Cookies course
5. Special donuts
6. Pies & Tarts
7. Pastry & puff

ထိုင်းနိုင်ငံရှိ UFM Baking & Cooking International School မှ Ms.Piew Pranee ကိုယ်တိုင်သင်ကြားပေးမည်ဖြစ်ပါသည်။
လူဦးရေကန့်သတ်ထားပါသည်။
09-965002547,09-765002547,09-975261243,01-521214
အမှတ်၂၀၈, ဓမ္မသုခကျောင်းလမ်း, သံလမ်းမှတ်တိုင်, လှိုင်မြို့နယ်။

စာပေမြင့်မှ လူမျိုးတင့်မည်


## ပီအက်စ်ဂျီသို့ ပြောင်းရွှေ့မည့်အကြောင်းကို ပေါ်ပေါ်ထင်ထင်ချပြလိုက်ပြီဖြစ်တဲ့ နေမာ

တိုက်စစ်မှူးနေမာသည် ပဲရစ်မြို့သို့ မထွက်ခွာမီ ဒူဘိုင်းသို့ အရင်သွားခဲ့ခြင်းဖြင့် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့တော့မည်ဆိုသည်ကို ပထမဦးဆုံးအကြိမ် အရိပ်ကြီးကြီး ချပြခဲ့ပြီဖြစ်သည်။ နေမာက အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ဒူဘိုင်းသို့ ရောက်ရှိနေပြီဆိုသည်ကို တည်နေရာဖော်ပြမှုနှင့်တကွ အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့ခြင်းဖြင့် စပိန်မြေမှခွာ၍ ပြင်သစ်မြေသို့ သွားရောက်အခြေချမည်ကို အချက်ပြခဲ့သည်။ သတင်းရင်းမြစ်များက နေမာအနေဖြင့် အပြောင်းအရွှေ့ကိစ္စ အပြီးသတ်နိုင်ရန်နှင့် ဆေးစစ်မှုခံယူရန်အတွက် အရှေ့အလယ်ပိုင်းသို့ ခရီးနှင်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြကြသည်။

နေမာက ဒူဘိုင်းသို့ ရောက်ရှိခဲ့သည်နှင့် တစ်ပြိုင်နက် သူရောက်ရှိနေသည့် နေရာကိုလူမှုကွန်ရက်မှတစ်ဆင့် "ကျွန်တော် ဒါကိုပြောမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တကယ့်ကို လိုအပ်နေတာပါ။ ပတ်ဝန်းကျင်အနေအထား ဘယ်လိုပဲဖြစ်ဖြစ် ကျေနပ်စရာလို့ တွေးနိုင်အောင် ကျွန်တော်သင်ကြားရမှာပါ" ဟုလည်း ရေးသားခဲ့သည်။ ယင်းဖော်ပြချက်အရ နေမာမှာ ငွေမက်ပြီး အသင်းပြောင်းရန် ကြိုးစားနေသည်ဟူသော စွပ်စွဲချက်များကို သွယ်ဝိုက်သောနည်းဖြင့် တုံ့ပြန်လိုက်ခြင်းဖြစ်ပြီး ဘယ်လိုအနေအထားရောက်ရောက် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ရေးကို ဆက်လက်ကြိုးပမ်းမည့် သဘောပင်ဖြစ်သည်။

နေမာသာ ပီအက်စ်ဂျီသို့ရောက်ရှိမည်ဆိုပါက ကော်တင်ဟိုနှင့် လီမာတို့၏ အပြောင်းအရွှေ့ကိုပါ နောက်ဆက်တွဲအနေဖြင့် မြင်တွေ့ရဖွယ်ရှိသည်။ ဘာစီလိုနာက နေမာနေရာ အစားထိုးရန် ကော်တင်ဟိုကို မဖြစ်မနေခေါ်ယူရန်ရှိသလို လီဗာပူးကလည်း ကော်တင်ဟိုကို လက်လွှတ်ရပါက အာဆင်နယ်ပစ်မှတ် လီမာကို မိုနာကိုမှ တောင်းဆိုသော ဈေးပေးချေကာ ခေါ်ယူမည်ဟု သတင်းများထွက်နေသည်။ ■

# ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း (၄)**

**လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ လိုက်နာရန်စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း**

၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့် သက်ဆိုင်သည့် လိုင်စင်များထုတ်ပေးခြင်း၊

(ခ) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းပြုရာတွင် သတ်မှတ်ပေးသည့် နေရာများမှတစ်ပါး အခြားနေရာများမှ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းကို တားမြစ်ခြင်း၊

(ဂ) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဃ) ပြည်တွင်းသို့ တင်သွင်းရန် သို့မဟုတ် ပြည်ပသို့တင်ပို့ရန် လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့်စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ စည်းကြပ်ရမည့် အခများနှင့် အခြားကိစ္စတစ်ရပ်ရပ်အတွက် လိုအပ်သည်ဟု ယူဆသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

၈။ ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ချက်လုပ်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းတို့နှင့်သက်ဆိုင်သည့်လိုင်စင်များ ထုတ်ပေးခြင်း၊ လုပ်ငန်းတစ်မျိုးထက် ပိုမိုဆောင်ရွက်ခြင်းအတွက် နှစ်မျိုးတွဲလိုင်စင်ကို ဖြစ်စေ၊ ပေါင်းစပ်လိုင်စင်ကိုဖြစ်စေ ထုတ်ပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့်စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဂ) ချက်လုပ်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းတို့နှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တင်ပို့သူ၊ လက်ခံသူ၊ သယ်ယူပို့ဆောင်သူ၊ သိုလှောင်သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) သယ်ယူပို့ဆောင်မည့်ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများ၏ စံချိန်စံညွှန်း၊ အရည်အသွေးနှင့် ပိုက်လိုင်းများအတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးတွင် တည်ဆဲဥပဒေများအရ တားမြစ်ကန့်သတ်ချက်တွင် မပါဝင်သည့် အဆိပ်အတောက်ရှိသော ဓာတုပစ္စည်းနှင့်စက်ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည့်သတ္တုဓာတ်ပစ္စည်းများ၏ ပါဝင်ရမည့် အချိုးအစားနှင့်ပမာဏကို သတ်မှတ်ခြင်း၊ တားမြစ်ခြင်း၊

(ဆ) စံချိန်စံညွှန်း၊ အရည်အသွေး၊ အခြင်အတွယ် မှန်ကန်မှုရှိစေရန် အတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဇ) စမ်းသပ်စစ်ဆေးမှုများအရ သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိမ်းဆည်းခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(ဈ) ချက်လုပ်မည့်နေရာ၊ သိုလှောင်မည့်နေရာနှင့်သိုလှောင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ည) လက်ဝယ်ထားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဋ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းကို သင့်လျော်သော ထိန်းကွပ်ကြီးကြပ်မှု ပြုလုပ်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဌ) နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရေးတို့အတွက် သင့်လျော်သည့် အစီအမံများ ချမှတ်ခြင်း၊

(ဍ) သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ စမ်းသပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ချက်လုပ်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့် အညီ စစ်ဆေးခြင်း။

၉။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့်အာဏာပိုင်နှင့်စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဂ) ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများသတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့်မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(င) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပဖြစ်သည့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

၁၀။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများအတွက် သယ်ယူခွင့် ခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) ပါ လိုင်စင်နှင့် ပုဒ်မခွဲ (ခ) ပါ ခွင့်ပြုမိန့်တို့အတွက် လျှောက်ထားရန် ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုများဖြစ်ပွားပါက ကွင်းဆင်းစစ်ဆေးခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(င) သိုလှောင်ကန်နှင့်သိုလှောင်ရုံများ၊ ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်းသတ်မှတ်ခြင်း။

၁၁။ ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုးထည့်သွင်း ပစ္စည်းအားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့် ရေးသားခြင်း၊ ပုံနှိပ်ခြင်းတို့ဖြင့် ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေအန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန် မဖြစ်နိုင်ပါက ထုပ်ပိုးထည့်သွင်း ပစ္စည်းအနီး၌ ဓာတ်ဆီ၊ အရက်ပျံ သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ်ရှိသည့်သဘာဝကို သတိပေးသည့် အလားတူသတိပေးချက်ကို မြင်သာသည့်နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

၁၂။ ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်သည် အောက်ပါထုပ်ပိုးထည့်သွင်း ပစ္စည်းတစ်ခုခုနှင့်သက်ဆိုင်ခြင်း မရှိစေရ -

(က) နှစ်ဂါလန် ပမာဏအောက် လျော့နည်းသည့် ဘေးအန္တရာယ်ရှိသော ရေနံကို အဖုံးလုံခြုံစွာဖြင့် ထည့်သွင်းထားသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထည်တစ်ခုခု၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးသုံးသည့် စက်အားသုံးယာဉ်၊ စက်ယန္တရားတွင် တွဲလျက်ပါဝင်သော တိုင်ကီ၊

(ဂ) မြေအောက်တွင် လုံးဝမြှုပ်ထားသော သိုလှောင်ကန်၊

(ဃ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ထုပ်ပိုးထည့်သွင်းပစ္စည်း အတန်းအစားတစ်ခုခု။

၁၃။ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး သယ်ယူပို့ဆောင်သည့် ပိုက်လိုင်းတစ်လျှောက်တွင် အန္တရာယ်အမှတ်အသား သတိပေးချက်ကို ထင်သာမြင်သာရှိသော စာဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

၁၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ခြွင်းချက်ပေးနိုင်သည်။

၁၅။ ဘေးအန္တရာယ်မရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ပြည်တွင်း၌ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်းပြုလုပ်လိုသူသည် စုစုပေါင်း ဂါလန် ၅၀၀ ထက်ပိုမိုလျှင် လိုင်စင်ရယူရမည်။ သို့ရာတွင် ဂါလန် ၅၀၀နှင့် အောက်ရှိသော ပမာဏကို ထားသိုရာတွင် ဂါလန် ၂၀၀ ထက် မကျော်လွန်သည့် ထုပ်ပိုးထည့်သွင်းပစ္စည်းကို အသုံးပြုရမည်။

၁၆။ မည်သူမဆို ရောင်းချရန်မရည်ရွယ်သည့် ခြောက်ဂါလန်ထက်မပိုသော ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို လိုင်စင်ရယူရန် မလိုဘဲ သိုလှောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းပြုနိုင်သည်။

၁၇။ ပုဒ်မ ၁၆ အရ ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကိုထားသိုလိုပါက အဖုံးလုံခြုံသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထုပ်ပိုး ထည့်သွင်းပစ္စည်းတွင် ထည့်သွင်းထားသိုရမည်။ ဖန်ထည် သို့မဟုတ် ကျောက်ထည် ထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထားသိုလျှင် သုညဒသမနှစ်ငါးဂါလန် ပမာဏထက်မပိုစေရ။ သတ္တုထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထားသိုလျှင် ငါးဂါလန်ပမာဏထက်မပိုစေရ။

၁၈။ စက်အားသုံးယာဉ် စက်ယန္တရားတို့၏ ယာဉ်မောင်း၊ ရေယာဉ်မှူး၊ ပိုင်ရှင်တို့သည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုသော စက်အားသုံးယာဉ်နှင့် စက်ယန္တရားများတွင် တပ်ဆင်ထားသည့် မူလသိုလှောင်ကန်တွင်ပါရှိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းအပြင် ယင်းစက်အားသုံးယာဉ်၊ စက်ယန္တရားများတွင် အသုံးပြုရန်အတွက် သိုလှောင်ထားသည့် ဘေးအန္တရာယ်ရှိသော ဂါလန် ၂၀ ပမာဏထက်မပိုသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းတို့အတွက် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူရန် မလို။

**အခန်း(၅)**

**ရေနံနှင့် ရေနံထွက်ပစ္စည်းကို စမ်းသပ်ခြင်း**

၁၉။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဝန်ကြီးဌာနမှ ရေနံနှင့်ရေနံထွက်ပစ္စည်းအရည်အသွေး စမ်းသပ်ခြင်းအတွက် လိုင်စင်ထုတ်ပေးထားသော အခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်မည့် ရေနံနှင့်ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နမူနာရယူပြီး စမ်းသပ်ရေးအရာရှိထံ ပေးပို့၍ စမ်းသပ်စစ်ဆေးစေရမည်။

၂၀။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိတစ်ဦးက စစ်ဆေးရေးအရာရှိအဖြစ် ဦးဆောင်သည့်အဖွဲ့အား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်နေရာတစ်ခုခုကို ဝင်ရောက်စစ်ဆေးရန်နှင့် ထိုနေရာတွင် တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့၍ စမ်းသပ်စစ်ဆေးစေနိုင်သည်။

၂၁။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စမ်းသပ်ရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်း နမူနာယူခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ခ) စမ်းသပ်ရန် နမူနာရယူခြင်းအတွက် ကျသင့်စရိတ်နှင့် ငွေပေးချေရမည့် နည်းလမ်းကို သတ်မှတ်ခြင်း၊

(ဂ) ဤပုဒ်မအရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးမည့် ပုဂ္ဂိုလ်များအတွက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း။

၂၂။ စမ်းသပ်သည့်အရာရှိ သို့မဟုတ် စမ်းသပ်ခြင်းလိုင်စင်ရ အဖွဲ့အစည်းသည် ရေနံနှင့်ရေနံထွက်ပစ္စည်းများကို စမ်းသပ်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ မီးလောင်မှတ်နှင့် အခြားအရည်အသွေး စစ်ဆေးမှုတို့ကို စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် စမ်းသပ်ကိရိယာများဖြင့် စမ်းသပ်အတည်ပြုခြင်း၊

(ခ) စမ်းသပ်ကိရိယာများကို အခါအားလျော်စွာ စစ်ဆေးအတည်ပြုခြင်း၊ မှန်ကန်အောင် ပြုလုပ်ခြင်းနှင့် လိုအပ်သည့်အခါ အစားထိုးလဲလှယ်ခြင်း၊

(ဂ) စမ်းသပ်ခြင်းအတွက် သတ်မှတ်ထားသည့် အဖိုးအခပေးသွင်းပါက စမ်းသပ်မှုကိရိယာဖြင့် စမ်းသပ်စစ်ဆေးပေးခြင်း။

၂၃။ စမ်းသပ်ခြင်းလိုင်စင်ရ အဖွဲ့အစည်းတစ်ခုခု၏ စမ်းသပ်ကိရိယာဖြင့် တိုင်းတာရရှိထားသော အချက်အလက်များကို ထပ်မံစမ်းသပ် စစ်ဆေးပေးရန်အတွက် ဝန်ကြီးဌာနသို့ တင်ပြလာပါက သတ်မှတ်ထားသော စမ်းသပ်ခပေးသွင်းစေပြီး စမ်းသပ်ကိရိယာများဖြင့် စမ်းသပ်၍ ရရှိလာသည့် အချက်အလက်များကို စံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ဖော်ပြပေးရမည်။

၂၄။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရည်အသွေးဆိုင်ရာ ကျွမ်းကျင်သူအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ စမ်းသပ်ခြင်းလိုင်စင်ရ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ရေနံနှင့်ရေနံထွက်ပစ္စည်းကို စမ်းသပ်ရန်နှင့်ယင်းစမ်းသပ်မှုများ၏ရလဒ်ကို သက်သေခံလက်မှတ် ထုတ်ပေးရန် စမ်းသပ်ရေးအရာရှိအဖြစ် လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

၂၅။ စမ်းသပ်ရေးအရာရှိသည် -

(က) ရေနံနှင့်ရေနံထွက်ပစ္စည်းနမူနာများကို စမ်းသပ်ပြီးနောက် သတ်မှတ်ထားသည့်ပုံစံတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိ၊ မရှိ ဖော်ပြသည့် စမ်းသပ်မှုသက်သေခံလက်မှတ် ထုတ်ပေးရမည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်က တောင်းဆိုပါက သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းလျှင် သက်သေခံလက်မှတ်၏ မိတ္တူမှန်ကို ထုတ်ပေးရမည်။ ယင်းမိတ္တူမှန်ကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြနိုင်သည်။

၂၆။ စမ်းသပ်ရေးအရာရှိ၏ စမ်းသပ်မှုရလဒ်ကို ကျေနပ်မှုမရှိသော ပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် ယင်းရလဒ်ကို ရရှိသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ထပ်မံစမ်းသပ်ပေးရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထားပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းလျှင် ဝန်ကြီးဌာန၏ စမ်းသပ်ရေးအရာရှိက ထပ်မံစမ်းသပ်ပေးရမည်။

၂၈။ ပုဒ်မ ၂၇ နှင့်အညီ ထပ်မံစမ်းသပ်ချက်အရ မူလစမ်းသပ်မှုသည် မှားယွင်းကြောင်း ပေါ်ပေါက်လျှင် ဝန်ကြီးဌာန၏ စမ်းသပ်ရေးအရာရှိသည် မူလသက်သေခံလက်မှတ်ကို ပယ်ဖျက်၍ စမ်းသပ်မှု သက်သေခံလက်မှတ် အသစ် ထုတ်ပေးရမည်။

၂၉။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ရေနံနှင့်ရေနံထွက်ပစ္စည်း စမ်းသပ်စစ်ဆေးမှုဆိုင်ရာ သတ်မှတ်ခြင်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့် စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ရေနံနှင့်ရေနံထွက်ပစ္စည်း စမ်းသပ်မှုနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ သတ်မှတ်ခြင်း၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်း စမ်းသပ်မှု သက်သေခံလက်မှတ်ပုံစံနှင့် ယင်းအတွက် စည်းကြပ်မည့် အဖိုးအခများကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်ရအဖွဲ့အစည်းတစ်ခုခု၏ ရေနံနှင့်ရေနံထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ စမ်းသပ်သည့် အရည်အသွေး ရလဒ်အပေါ် လိုအပ်ပါက ပြန်လည်စစ်ဆေးရန် စည်းမျဉ်းနှင့်စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဃ) ပြန်လည်စမ်းသပ်ခြင်းအတွက် အဖိုးအခများ သတ်မှတ်ခြင်းနှင့် မူလစမ်းသပ်မှုသည် မှားယွင်းပါက ယင်းအဖိုးအခများကို ပြန်လည်ထုတ်ပေးရန် သတ်မှတ်ခြင်း။ **ဆက်လက်ဖော်ပြပါမည်။**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများအားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ယင်းတို့အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင် မည်သည့် လျှောက်ထားသူတီထွင်မှုကိုမျှ ခွင့်မပြုရ။

၂၃။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် လျှောက်ထားသည့်နေ့ရက်မှ ၃၆ လအတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် ယင်းတောင်းဆိုချက်ကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော တောင်းဆိုချက်ကို သတ်မှတ်သည့်ကာလအတွင်း လျှောက်ထားခြင်းမရှိပါက အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

၂၄။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်သည် တီထွင်မှုတစ်ခုနှင့်သာ သို့မဟုတ် ယေဘုယျတီထွင်ကြံဆမှု သဘောတရားတစ်ခုဖြစ်လာရန် ဆက်စပ်နေသော တီထွင်မှုတစ်စုနှင့်သာ သက်ဆိုင်ရမည်။

၂၅။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုချိန်မတိုင်မီအထိ ပြင်ဆင်နိုင်သည်။

(ဂ) (၁) ပုဒ်မ ၂၄ နှင့်ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်ကို မူလ လျှောက်ထားချက်ပါ ဖော်ပြချက်များထက်မကျော်လွန်စေဘဲ ခွင့်ပြုမည့်အချိန်အထိ လျှောက်ထားချက်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက် အခွဲများအဖြစ် ခွဲ၍သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားချက် အခွဲတစ်ခုစီအတွက် မူလလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်တို့ကို လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်အဖြစ် မှတ်ယူရမည်။

(ဃ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

၂၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၅ ပါလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၀)

## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၇။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) တီထွင်မှုကို အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းဖြင့် အမျိုးအစားခွဲခြား၍ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြရမည်။

(ခ) ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါလျှောက်ထားချက်ကို ရုပ်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၈။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်သည် မှတ်ပုံတင်အရာရှိထံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ တီထွင်မှု မူပိုင်ခွင့် သို့မဟုတ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများပေးရန် ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့ရက်မှရက်ပေါင်း ၆၀ အတွင်းတောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များ အားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း၊

(ခ) မှတ်ပုံတင်အရာရှိသည် အောက်ပါအခြေအနေများတွင် ပုဒ်မခွဲ (က) အရ အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းကို ဆိုင်းငံ့ထားရမည် -

(၁) အယူခံတင်သွင်းထားခြင်း၊

(၂) နှစ်ဦးနှစ်ဖက်ကြား တရားစွဲဆိုရင်ဆိုင်နေခြင်း။

၂၉။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်ကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ ၁၈ လ ကုန်ဆုံးပြီးနောက် သို့မဟုတ် ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုပါက ထိုတောင်းဆိုသည့်နေ့ရက်တွင် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ အများပြည်သူသိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၃၀။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ပုဒ်မ ၂၉ အရ ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ သုံးလအတွင်း သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ဤဥပဒေပါ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တွင် ဖော်ပြထားသော အကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၃၁။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့်အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၂။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်တင်သွင်းလာသည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ဆက်လက်လုပ်ဆောင်စေခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။ အဆိုပါဆုံးဖြတ်ချက်ကို ကန့်ကွက်လွှာ တင်သွင်းသူနှင့် တင်သွင်းခံရသူထံ အကြောင်းကြားပြီး သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၃။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့်အား အသေးစိတ်စစ်ဆေးပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၄ တွင် ဖော်ပြထားသည့် တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သည့် အချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေး၍ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုရန် သင့်၊ မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၃၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်၍ တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၃၅။ မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်တွင်လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီးဖြစ်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သတ်မှတ်သည့်အချိန်အတွင်း တင်ပြရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူထံ အကြောင်းကြားနိုင်သည် -

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာ ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက ဆောင်ရွက်ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့၏ မိတ္တူ၊

(ခ) လျှောက်ထားသူပြည်ပမှ ရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လက်မှတ် မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါ လျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ သို့မဟုတ် အဆိုပါ လျှောက်ထားချက်အရ ခွင့်ပြုခဲ့သော မည်သည့်တီထွင်မှုမူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင် ဖြစ်စေ၊ ရုပ်သိမ်းလျှင် ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၃၆။ ညွှန်ကြားရေးမှူးချုပ်သည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အစိုးရဌာနအဖွဲ့အစည်းများသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ပြည်ပတီထွင်မှုမူပိုင်ခွင့်ရုံးများသို့လည်းကောင်း ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

၃၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ် မူရင်းပျောက်ဆုံး သို့မဟုတ် ပျက်စီးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၇ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၇ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

၃၉။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ဦးစီးဌာန၌ နည်းလမ်းတကျလျှောက်ထားခဲ့ရာတွင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆခဲ့လျှင် အဆိုပါ တီထွင်မှုလျှောက်ထားချက်ပါ အကြောင်းအရာများနှင့် စပ်ဆိုင်သောဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက် ရရှိချိန်အထိ အဆိုပါ လျှောက်ထားချက်ကို မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှောက်ထားသူအား သင့်လျော်သောလျော်ကြေးပေး၍ စစ်ဆေးခြင်းပြုလုပ်ရန် သို့မဟုတ် သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရဌာနသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေး ကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် နေထိုင်သူမည်သူမဆို ဦးစီးဌာနတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထားမှတ်ချက်မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်းမပြုရ။

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကြောင့်ဖြစ်ပေါ်သည့် အခက်အခဲတစ်စုံတစ်ရာအတွက် သင့်လျော်သည့် လျော်ကြေးရရှိရန် တောင်းဆိုနိုင်သည်။ ယင်းလျော်ကြေးပမာဏကို မကျေနပ်ပါက တရားရုံးမှ သတ်မှတ်ပေးရန် လျှောက်ထားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ခြင်းမရှိတော့ကြောင်း ပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ(က)အရ လျှို့ဝှက်ထားခြင်းကို ရုပ်သိမ်းနိုင်သည်။

## အခန်း(၁၁)

## ဦးစားပေးအခွင့်အရေး

၄၀။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တီထွင်မှု မူပိုင်ခွင့် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပထမလျှောက်ထားခဲ့သည့်နေ့ရက်မှ တစ်နှစ်အတွင်း ဦးစီးဌာန၌ တူညီသောတီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၁။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် တီထွင်မှုအတွက် စတင်ခင်းကျင်းပြသခဲ့သည့်နေ့ရက်မှ တစ်နှစ်အတွင်း ဦးစီးဌာန၌ တူညီသောတီထွင်မှုကို လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကြက်ငှက်တုပ်ကွေး စိုးရိမ်ဖွယ်မရှိသော်လည်း ကြက်သားစားသုံးမှုကျဆင်း

**မကွေး ဩဂုတ် ၂**
မကွေးမြို့တွင် ကြက်ငှက်တုပ်ကွေး H5N1 ရောဂါနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်မရှိသော်လည်း ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုများရှိကာ ကြက်သားစားသုံးမှု သိသိသာသာကျဆင်းသွားကြောင်း စားသုံးသူဈေးကွက်အတွင်းမှ သိရသည်။

မကွေးမြို့တွင်းဈေး ၅ ဈေး၌ ကန်သာဈေးတစ်ခုတည်း၌ပင် ကြက်သားရောင်းချသူ ၃၀ ခန့်ရှိပြီး မြို့ပေါ်နှင့် ကျေးရွာအသီးသီးမှ ကြက်သားဖောက်သည်ယူကာ စက်ဘီး၊ ဆိုင်ကယ်များဖြင့် Mobile ရွှေ့လျားဈေးရောင်းချသူ ရာနှင့်ချီ၍ရှိကြောင်း၊ ယခင်ကတစ်ရက်လျှင် ကြက်ကောင်ရေ ၈၀ ခန့် ရောင်းရသောဆိုင်မှာ လတ်တလော ၁၀ ကောင်ခန့်သာ ရောင်းရကြောင်း၊ ဈေးနှုန်းများကျဆင်းနေသည့်အပြင် ဈေးချရောင်းနေသော်လည်း ဝယ်သူနည်းပါးကြောင်း ကန်သာဈေးတွင် ကြက်သားရောင်းချသူ ဒေါ်နုထံမှ သိရသည်။

"သတင်းတွေအမျိုးမျိုးကြားနေရတော့ ကြက်သားမစားရဲတော့ဘူး။ အမဲသားနဲ့ ငါးပဲဝယ်စားဖြစ်တယ်။ ကြက်ငှက်တုပ်ကွေးကြောက်လို့တဲ့ ကြက်သားတန်းမှာ ဝယ်သူမရှိသလောက်ပဲ"ဟု ဈေးဝယ်လာသူတစ်ဦးက ပြောသည်။

ဘေးကင်းသောစားသောက်ကုန်များ ဈေးကွက်တွင် ရရှိနိုင်ရေးအတွက် မကွေးမြို့ဝင်ဂိတ်(၂)ခုနှင့် ဈေးများ၊ မွေးမြူရေးကြက်ခြံများ၌ ကြက်ငှက်တုပ်ကွေး H5N1 ရောဂါကာကွယ်ရေးလုပ်ငန်းများကို တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိပြီး မကွေးမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိသေးကြောင်း မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

အမောက်နှင့်ဇလုတ်များ ပြာနှမ်းနေခြင်း၊ ခြေထောက်မှ သွေးယိုစီးခြင်း၊ အသားများလတ်ဆတ်မှုမရှိဘဲ ညိုမည်းနေခြင်းများဖြစ်ပေါ်နေသော ကြက်သားများကို စားသုံးမှု မပြုသင့်ကြောင်း၊ အသားနှင့် ဥများကိုင်ပြီးလျှင် လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးရန်နှင့် စဉ်းတီတုံးများလည်း ပြောင်အောင်ဆေးကြောရန် လိုအပ်ပြီး အသားကို ကျက်အောင်ကြော်ချက်စားသုံးပါက အန္တရာယ်မရှိကြောင်း မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ဇေယျာတု(မကွေး)**



## ကော့သောင်းနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် အလုပ်သမားများအား H5N1 နှင့် H1N1 ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂**
ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက် လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမား စုစုပေါင်း ၅၄ ဦး ဩဂုတ် ၁ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် စက်လှေကြီး တစ်စီးဖြင့် (၁၅)ကြိမ်မြောက်အသုတ်အဖြစ် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည် ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ နယ်မြေခံ ခုတင်(၁၀၀) တပ်မတော်စစ်ဆေးရုံမှ ဆေးတပ်ဖွဲ့ဝင်များ၊ မြို့ခံပရဟိတအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ H5N1 နှင့် H1N1 ရောဂါကာကွယ်ရေးလုပ်ငန်းအဖြစ် အလုပ်သမားများတစ်ဦးချင်းစီသို့ Face Mask Coverများတပ်ဆင်ပေးကြသည်။

ယင်းနောက် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ပူးပေါင်းအဖွဲ့ဖြင့် လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများဆောင်ရွက်ပေးကြပြီး အစားအသောက်များ လှူဒါန်းကျွေးမွေးကာ အလုပ်သမားများ၏နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များသို့ ပြန်နိုင်ရေး တာဝန်ရှိအဖွဲ့အစည်းများမှ မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင်စားသောက်ရန်ကုန်ကျစရိတ်များအား ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ဩဂုတ် ၁ ရက်အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမားဝင်ရောက်မှု ဦးရေ စုစုပေါင်း ၁၈၀၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ဘားအံပြည်သူ့ဆေးရုံကြီး၌ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုအပေါ် အသိပေးဆွေးနွေး

**ဘားအံ ဩဂုတ် ၂**
ကရင်ပြည်နယ် ဘားအံပြည်သူ့ဆေးရုံကြီး(၃)ထပ်ဆောင်၌ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm 9 ) ဖြစ်ပွားမှုအပေါ် အသိပေးဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ပြည်နယ်ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွန်း့လှိုင်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဘားအံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာကျော်စွာမြင့်တို့က ရာသီတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဘားအံပြည်သူ့ဆေးရုံကြီး ဖျားနာကုသဆောင်မှ အထူးကုဆရာဝန်ကြီး(ဆေးပညာ)ဒေါက်တာချိုချိုစန်းထူး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာငွေးငွေးဝင်း၊ အထူးကုဆရာဝန်(ရောဂါဗေဒ) မှ ဒေါက်တာဘုန်းမိုးဝင်းတို့က ရာသီတုပ်ကွေးရောဂါ ( Seasonal Influenza A(H1N1)pdm 9 ) ဖြစ်ပွားမှုအပေါ် အသိပေးဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသူများမှ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဘားအံပြည်သူ့ဆေးရုံအနေဖြင့် ဒေသအတွင်း H1N1 ရောဂါ နှင့်ပတ်သက်ပြီး ရှိ မရှိ ဟုတ်၊ မဟုတ် သတင်းအချက်အလက်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးနေလျက်ရှိပြီး ဇူလိုင် ၂၉ ရက် ညနေပိုင်းက ကော့ကရိတ်ဆေးရုံမှတစ်ဆင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ ဖျားနာသူတစ်ဦးရောက်ရှိလာပြီး နာရီပိုင်းအတွင်း သေဆုံးသွားသဖြင့် တချို့ပြည်သူများအနေဖြင့် H1N1 ရှိ၊ မရှိသံသယရရှိနေမှုအပေါ် စစ်ဆေးခဲ့ရာမရှိကြောင်း၊ လတ်တလောအနေဖြင့် ကရင်ပြည်နယ်အတွင်း ဘားအံမြို့အပါအဝင် ခုနစ်မြို့နယ်လုံးတွင်လည်း H1N1မရှိကြောင်းကို ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်လမ်းဆုံများတွင်ယာဉ်ထိန်းရဲနှင့်ပြည်သူများပူးပေါင်း၍ရာသီတုပ်ကွေးရောဂါကာကွယ်ရေးMASKများဝေငှ

**ချမ်းမြသာစည် ဩဂုတ် ၂**
ချမ်းမြသာစည်မြို့နယ် အမှတ်(၈၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးခင်ဟန် ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မန္တလေးဒေသကောလိပ်၁၉၈၀-၈၁ ကျောင်းသား ကျောင်းသူဟောင်းများပူးပေါင်း၍ ဒေသခံပြည်သူများအား ရာသီတုပ်ကွေးရောဂါကာကွယ်ရေးအသိပညာပေးလုပ်ငန်းများအား ဩဂုတ် ၁ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ချမ်းမြသာစည်မြို့နယ်၊ သိပ္ပံလမ်းနှင့် ၆၆ လမ်းထောင့်နှင့် မြို့နယ်အချက်အချာကျရာနေရာများတွင် ဆောင်ရွက်ကြသည်။



အမှတ်(၈၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးခင်ဟန်ကရာသီတုပ်ကွေရောဂါ A(H1N1)ဗိုင်းရပ်စ်ကူးစက်ခံရမှုမရှိစေရေးအတွက် ရောဂါကာကွယ်ရန်စနစ်တကျ ဆောင်ရွက်ရန်၊ ရောဂါလက္ခဏာများတွေ့ရှိပါက နီးစပ်ရာဆေးရုံဆေးခန်းများသို့သွားရောက်၍ ဆေးကုသမှုခံယူရန်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနှင့် ရောဂါလက္ခဏာတွေ့ရှိပါက ဆောင်ရွက်ရန်နည်းလမ်းစနစ်တကျ နေထိုင်ရန်ရှင်းလင်းပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် မန္တလေးဒေသကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများက ချမ်းမြသာစည်မြို့နယ်လမ်းဆုံလမ်းခွများတွင် သွားလာလျက်ရှိသော မော်တော်ဆိုင်ကယ်များ၊မော်တော်ယာဉ်များ၊ဒေသခံပြည်သူများအား MASK များ၊ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ**

## မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြော

**မြစ်ကြီးနား ဩဂုတ် ၂**
မြစ်ကြီးနားမြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်ရှိ ဖန်ဒမင်တာလ် နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းခန်းမ၌ ကျင်းပရာ မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးက မြို့နယ်အတွင်းမှုခင်းဖြစ်ပွားမှု အခြေအနေများနှင့် မှုခင်းဖြစ်ပွားရသည့် အခြေခံအကြောင်းအရင်းများ၊ မှုခင်းများဖြစ်ပွားလာပါက ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ရာတွင် ပြည်သူ၏ ပူးပေါင်းကူညီပါဝင်မှုသည် လွန်စွာမှအရေးပါကြောင်းနှင့် ဒုစရိုက်သမားနေစရာနေရာမရှိစေရေး ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့်မြို့မရဲအုပ်ဖွဲ့စခန်းမှူး ဒုရဲမှူးကျော်နုနှင့် နယ်မြေရဲစခန်းမှူး ဒုရဲမှူး သိန်းဇော်တို့က မြို့နယ်အတွင်း လူသတ်မှု၊ လုယက်မှု၊ ခိုးမှု၊ မူးယစ်မှုနှင့် အခြားအမှုဖြစ်စဉ်ဖြစ်ပွားမှုများအားရှင်းလင်းပြောကြားပြီး လူသတ်မှုဖြစ်စဉ်တွင် ပြည်သူပူးပေါင်းကူညီမှုဖြင့် (၂၄)နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

## မူးယစ်သုံးစွဲလွန်သွားသူထံမှ ကလေးငယ်တစ်ဦးအား ကယ်တင်နိုင်

**မိုးညှင်း ဩဂုတ် ၂**
မိုးညှင်းမြို့ မိုးညှင်းဒီဂရီကောလိပ်ကျောင်းအနီး ရေမြောင်းအတွင်း၌ မူးယစ်သုံးစွဲလွန်ကာ သေဆုံးနေသူထံမှ အသက်(၁)နှစ်ခွဲရှိ ကလေးငယ်မိန်းကလေးတစ်ဦးအား ဩဂုတ် ၁ ရက် ည ၇ နာရီခွဲက ကယ်တင်နိုင်ခဲ့ကြောင်း ရွာသစ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါသေဆုံးသူသည် မိုးညှင်းမြို့ မြို့မရပ်ကွက် နတ်ကြီးကုန်းရှမ်းပိုင်းတွင် နေထိုင်သူ အသက်(၂၉)နှစ်ရှိ အိုက်ဆိုင်ဆိုသူဖြစ်ပြီး မိုးညှင်းဒီဂရီကောလိပ်ကျောင်းအနီး ရေမြောင်းအတွင်း၌ ကလေးကို ပိုးတဘက်နှင့်လွယ်ထားပြီး ဖိုးထိုးရာမှ မူးယစ်သုံးစွဲလွန်ပြီး ရေမြောင်းအတွင်းထိုးကျကာ သေဆုံးနေကြောင်း သိရသည်။

"မိုးညှင်းဒီဂရီကောလိပ်ကျောင်းနဲ့ မြို့ရှောင်ကားလမ်းမကြီးကြား ပတ်ဝန်းကျင်တွေမှာ မကြာခဏ ဒီလိုဖြစ်ပျက်နေတာပါ။ ချုံရှိတဲ့နေရာတွေမှာ ဆေးရောင်းသူနဲ့သုံးစွဲသူတွေက အမှီသဟဲပြုပြီး ရောင်းသူက ရောင်း၊ မူးယစ်ဆေးထိုးသူက ထိုး ပြုလုပ်နေကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ **(မင်းမင်းဦး)**

## ကိုရီးယားလူငယ်များအဖွဲ့အစည်း စာသင်ကျောင်းသန့်ရှင်းရေး ပရဟိတ လုပ်အားပေး

**ဒလ ဩဂုတ် ၂**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက် ဦးအောင်ဇေယျ(၈)လမ်းရှိအမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်းတွင် Sansung C & T Company Plan Korea အဖွဲ့အစည်းမှ Mr,Jung Yun Seo ဦးဆောင်သော ကိုရီးယားနိုင်ငံမှ လူငယ် ၂၈ ဦးအဖွဲ့နှင့် Plan International Myanmar အဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၃၁ ရက်မှ စတင်ပြီး ဩဂုတ် ၃ ရက်အထိ စာသင်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် စာသင်ကျောင်းဝင်းအတွင်းရှိ ပျက်စီးနေသော အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ အားကစားကွင်းအား သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ အုတ်စီခြင်း၊ သဲအိတ်များ ခင်းကျင်းခြင်း၊ စာသင်ကျောင်းဆောင်များအား ဆေးသုတ်ခြင်းစသည့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင် လုပ်အားပေးဒါနပြုလုပ်ခြင်းတို့အတူ ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်စေရန် ရည်ရွယ်ပြီး ပါဆယ်ဂိမ်းကစားခြင်း၊ အရုပ်စက္ကူများခေါက်ခြင်းနှင့် ပျော်ရွှင်စရာများဖြစ်အောင် ဖန်တီးပေးခြင်းတို့ကို ကိုရီးယားလူငယ်များအဖွဲ့မှ ဖျော်ဖြေတင်ဆက်ခြင်းတို့နှင့်အတူ ဩဂုတ် ၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Plan Internation Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ အဖွဲ့အစည်းသည် ဒလမြို့နယ်တွင် ပထမဆုံးအကြိမ် လာရောက်လုပ်အားပေးခြင်းဖြစ်ပြီး အမှတ် (၁၉) အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၄၇၀ ခန့်တို့အား ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း နေ့စဉ်အာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်းတို့ကို ပြုလုပ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သက်သတ်လွတ်ဆရာတော်ကြီးများ၏အကျင့်မြတ်နှင့် တွေ့ကြုံရသည့်ဖြစ်ရပ်ဆန်းများ




စာရေးဆရာကျော်စံလင်းရေးသားသော သက်သတ်လွတ်ဆရာတော်ကြီးများ၏ အကျင့်မြတ်နှင့် တွေ့ကြုံရသည့်ဖြစ်ရပ်ဆန်းများစာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံအတွင်း၌သက်သတ်လွတ်ဘုဉ်းပေးကြသော ဆရာတော်ကြီးများ များစွာရှိသည့်အနက် ရဟန္တာဟုကျော်ကြားသော ဆရာတော်ကြီးများပင် သက်သတ်လွတ်ဘုဉ်းပေးကြလေသည်။ ဤသို့သက်သတ်လွတ် ဘုဉ်းပေးကြသော်လည်း သိသူအလွန်နည်းလှသည်ဟုဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆရာတော်ကြီးများကိုယ်တိုင် မသိအောင် တမင်ဖုံးဖိထားသောကြောင့်လည်းကောင်း၊ ပြောဖို့မိန့်ဖို့ရန် အခွင့်အခါမကြုံသဖြင့်မပြောဘဲ မမိန့်ဘဲနေသောကြောင့်ဖြစ်လေသည်။ သက်သတ်လွတ်ဘုဉ်းပေးကြသောဆရာတော်ကြီးများမှာ ဘုန်းတော်ကြီးဦးသီလ၊ ရွှေဥမင်ဆရာတော်၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော်၊ သာမညဆရာတော် စသောဆရာတော်ကြီးများ၏ သက်သတ်လွတ်ဘုဉ်းပေးပြီး တရားဘာဝနာကျင့်စဉ်များကိုရေးသားထားသည်။

**pmtkyfukHdZ/ dpmay/ trSwf 237/ yxrxyf 0/ 39-vrf/ (tay:bavmuf) ausmufwHm;rdU, &efukefrdU zkef;-01-392835 ESifh 09-773774733 wGif0,faqmifEdkif 4000 |zifh &&Sdonf**

## မဏိဇောတဓမ္မရသ အတွဲ(၃)




ဒေါက်တာအရှင်ဇောတိက (မဏိဇောတအလင်္ကာ) ရေးသားသော မဏိဇောတဓမ္မရသ အတွဲ(၃)စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ယဉ်ကျေးပျူငှာသောမြန်မာတို့၏ ပြောနည်းပြောဟန်အတိုင်း စာပေပညာရှင်၊ သာသနာပြု ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ဇောတိက(မဏိဇောတအလင်္ကာ)၏ စာပေများသည် ဟောပြောစဉ်ပုံစံဟောပြောဟန်ဖြင့်တစ်နည်း ကျန်းစာရေးဟန်ဖြင့် တစ်သွယ် မှတ်တမ်းတင်ထားသောကြောင့် သိရှိနားလည်နိုင်အောင်ရေးသားထားသည်။ ပုဂံခေတ် ဒီသာပါမောက္ခဘွဲ့ဆရာတော်ဦးကျည်ပွေ့ရေးသားခဲ့သည့် ပုဗ္ဗရန္တ=သင်ပုန်းကြီးကျမ်းကို မြန်မာစာဖတ်တတ်သူတိုင်းနားလည်သကဲ့သို့ အဆိုပါစာအုပ်တွင်ပါရှိသော စာစုများသည်လည်းအများနားလည်နိုင်စေရန်ရေးသားထားသည်။ ဟောရေး၊ ပြောရေး၊ ဓမ္မကထိက ဝါသနာပါသူ စာသင်ရဟန်းငယ်များအတွက် အထောက်အကူပြုစေရန် ရေးသားထားသည်။

**pmtkyfukHdPaZmw"r®o m/awmifbref i,ft e/Dtr&yf ldrdUzkef;-09-792018288/ 09-778552669 ESifh xef;0Dpmay/ 84 x 29 vrf/ axmifrEAv;rdU zkef;-02-59010 wGif &&Sdonf**

## မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းနည်း





မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းနည်းပညာ လေ့လာလိုက်စားလိုသူများအတွက် ဂျပန်နိုင်ငံ တိုယိုတာမော်တာကော်ပိုရေးရှင်းမှပြုစုသော Auto Mobile Technology စာအုပ်ကို စာရေးဆရာဟိန်းမင်းထက်နှင့် မင်းခန့်အောင်တို့က ဘာသာပြန်ဆိုထားသည့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းနည်းစာအုပ် ထွက်ရှိလာသည်။

ထိုစာအုပ်တွင် မော်တော်ယာဉ်တစ်စီးကို မည်သည့်အချက်အလက်များ စတင်စစ်ဆေးရမည်၊ မည်သို့စတင်မောင်းနှင်ကြည့်ရမည်၊ အချိန်မှန်မှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းနည်း၊ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များ စသည့်မသိမဖြစ်အချက်များကို ပုံနှင့်တကွ ရှင်းလင်းဖော်ပြထားသည်။ မော်တော်ယာဉ်ကိုအင်ဂျင်၊ ဂီယာအော်တိုထရန်စမစ်ရှင်း၊ ပါဝါစတီယာရင်၊ ဗီးအလိုင်းမင့်စနစ်၊ တာယာလေပရက်ရှာစသည့် အကြောင်းအရာများကိုရေးသားထားသည်။

**pmtkyfukHdkufyifpmay/ trSwf 235/ 37-vrf/ (txuf) ausmufwHm;rdU, &efukefrdU zkef;-09-73002965 ESifh 09-5036275 wGif0,faqmifEdkif 5000 |zifh &&Sdonf**

## လူထုဟောပြောနည်းလမ်းညွှန် (စကားပြောခြင်းအတတ်ပညာ)




စာရေးဆရာနေလင်းဝင်းရေးသားသော လူထုဟောပြောနည်းလမ်းညွှန် (စကားပြောခြင်းအတတ်ပညာ)စာအုပ်ထွက်ရှိလာသည်။အဆိုပါစာအုပ်တွင် ဟောပြောသူတစ်ယောက်သည် လူထုကြားကောင်းအောင်ဟောပြောသောအခါ သူမှန်တယ်လို့ခံယူထားသည့်အတိုင်း လူထုကိုလမ်းညွှန်ဖို့လမ်းညွှန်နည်းကိုကိုင်ဆောင်ထားပြီး သူ၏ဆုံးဖြတ်ချက်ဟာလူထုရဲ့ပိုကောင်းတဲ့ ဘဝကိုဦးတည်ပြီးမှန်ကန်တဲ့လမ်းကြောင်းဆီသို့ တိမ်းငဲ့သွားရပါသည်။ ကျွမ်းကျင်သောဟောပြောသူတစ်ယောက်သည် သူ့ပရိသတ်က စိတ်လှုပ်ရှားစွာသတ်မှတ်ထားတဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့၊ ဒါမှမဟုတ် ပြောတာကိုအမှန်အဖြစ်လက်ခံသွားဖို့ဦးဆောင်ဟောပြောနိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် အလွန်ကောင်းမွန်ထိရောက်တဲ့အချက်အလက်တွေကို တစ်ချက်ပြီးတစ်ချက် ဆင့်ကာဆင့်ကာတင်ပြသွားနိုင်မည်ဖြစ်သောကြောင့်အဆိုပါစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် သိရှိနိုင်မည်ဖြစ်သည်။

**pmtkyfukHdZ/ dpmay/ trSwf 237/ yxrxyf 0/ 39-vrf/ (txuf) ausmufwHm;rdU, &efukefrdU zkef;-01-392835 ESifh 09-773774733 wGif0,faqmifEdkif 3000 |zifh &&Sdonf**

## မိတ္ထီလာတွင် ရာသီတုပ်ကွေး H1N1 ရောဂါအသိပညာပေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေးဆွေးနွေး

**မိတ္ထီလာ ဩဂုတ် ၂**

မိတ္ထီလာတွင် ရာသီတုပ်ကွေး H1N1 ရောဂါအသိပညာပေးလုပ်ငန်းများ လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးအတွက် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်းက ရာသီတုပ်ကွေး H1N1 ရောဂါအသိပညာပေးလုပ်ငန်းကို တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် လူစည်ကားရာ ဈေးနေရာများတွင် ကျယ်ကျယ်ပြန့်ပြန့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များအနေဖြင့် သက်ဆိုင်ရာ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပူးပေါင်းကာ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိတ္ထီလာသည် ခရီးလမ်းဆုံမြို့ဖြစ်သည့်အတွက် နေရာဒေသစုံမှခရီးသည်များ ဝင်ထွက်သွားလာရာဒေသဖြစ်၍ ရာသီတုပ်ကွေး H1N1 ရောဂါကူးစက်မှု ဖြစ်ပွားမှုမရှိစေရေး အားလုံးဝိုင်း၍ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးမှူးဒေါက်တာသန္တလင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် လူစည်ကားရာနေရာများတွင် ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်ကို တင်ပြဆွေးနွေးသည်။ ထို့နောက် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူတို့က H1N1 ရောဂါကာကွယ်ရေး လုပ်ငန်းများကို လတ်တလော မြန်မြန်ဆန်ဆန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တောင်ညွှန့်ကြီး ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်

**မင်္ဂလာတောင်ညွှန့် ဩဂုတ် ၂**

မင်္ဂလာတောင်ညွှန့်မြို့နယ်ရဲတပ်ဖွဲ့မှဖွင့်လှစ်လျက်ရှိသော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၇/၂၀၁၇)မှ သင်တန်းသားများသည် ရဲအုပ်ဝင်းတင်၊ ရဲအုပ်ဇော်ဇော်ထွန်းတို့နှင့်အတူ ဇူလိုင် ၃၁ ရက်က တောင်ညွှန့်ကြီးရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၁၈)**

## မန္တလေးဈေးချိုတော် မီးဘေးကာကွယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များ ဇာတ်တိုက်လေ့ကျင့်

**ချမ်းအေးသာစံ ဩဂုတ် ၂**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ မီးဘေးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပြည်သူများအား ကူညီဆောင်ရွက်ပေးရန်အတွက် မီးသတ်ဦးစီးဌာန၏ မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေး၊ နွေမှာအသင့်ဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသည် သန္ဓေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခဲ့သည်။



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၈၄) လမ်း၊ (၂၆) လမ်းနှင့် (၂၈) လမ်းကြားရှိ အဆင့်မြင့်ဈေးချိုတော် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၃၁ ရက် ညနေ ၃ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးသန်းဇော်ဦး၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင်ဒေသ အရန်မီးသတ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းနှင့် ကော်မတီဝင်များ၊ တပ်ခွဲမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဈေးနှင့်သားသတ်ဌာန ဈေးဌာနခွဲမှူးဦးရဲထွန်းနှင့်ဝန်ထမ်းများ၊ ဈေးချိုတော်ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ရေးယာဉ်များအသုံးပြုပြီး မီးငြိမ်းသတ်ခြင်း၊ ဈေးအတွင်းပိတ်မိနေသူများအား အဆင့်မြင့်အသက်ကယ်ကိရိယာများအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းများကို သန္ဓေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ မီးသတ်ယာဉ် ၂၅ စီးဖြင့် ဈေးပတ်လည်တွင်စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# EXO ဟာ ဖက်ရှင်အကျဆုံး ကေပေါ့ပ်တေးဂီတအဖွဲ့ လေလား

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ဟာ ဒေသတွင်းမှာသာမက ကမ္ဘာတစ်ဝန်းမှာပါ လူသိများတဲ့ ကေပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေရဲ့ တေးသီချင်းတွေကြောင့် ကျော်ကြားခဲ့တာဖြစ်သလို သူတို့ရဲ့ စွဲဆောင်မှုရှိတဲ့ဝတ်စားဆင်ယင်မှုတွေဟာ ထူးခြားတာကြောင့်လည်း ပရိသတ်တွေရဲ့အာရုံကို ဖမ်းစားနိုင်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ကမ္ဘာကျော် မဂ္ဂဇင်းကြီးတစ်ခုဖြစ်တဲ့ “Vogue”က EXOဟာ တောင်ကိုရီး ယားတေးဂီအဖွဲ့တွေအနက် ဖက်ရှင်အကျဆုံးသောအဖွဲ့လေလားရယ်လို့ ဝေဖန်ရေးသားဖော်ပြခဲ့ကြောင်း ကိုရီးယားဘိုး ဒေ့ါကွန်းရဲ့ ဖော်ပြချက် တွေအရသိရပါတယ်။

ယင်းမဂ္ဂဇင်းကြီးက တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအနက် EXOရဲ့ ဝတ်စားဆင်ယင်မှုပုံစံတွေဟာ မတူထူးခြားနေတာဖြစ်ပြီး လက်ရှိမှာ လှုပ်ရှားနေတဲ့အဖွဲ့တွေအကြားမှာသာမဟုတ်ဘဲ ယနေ့အချိန်အထိ ပေါ်ထွက်ခဲ့ပြီးသမျှသော တေးဂီတအဖွဲ့တွေထဲမှာပါ ဖက်ရှင်အကျဆုံးဖြစ်တယ်လို့ဆိုနိုင်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီလိုဝေဖန်ခဲ့ရတာဟာလည်း အဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း “Ko Ko Bop”နဲ့ သက်ဆိုင်နေတာဖြစ်ပါတယ်။ EXO ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Ko Ko Bop”ဟာ မကောင်းမြင်တဲ့ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရပေမယ့်လည်း တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့ပြီး အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တာကို တွေ့ရပါတယ်။

ဒါ့အပြင် ယင်းတေးဗီဒီယိုမှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ အဖွဲ့ဝင်တွေရဲ့ ဝတ်စားဆင်ယင်မှုပုံစံကိုလည်း အဆိုပါမဂ္ဂဇင်းကြီးက ချီးကျူးထားတာတွေ့ရပါတယ်။ အဖွဲ့ဝင်ရှစ်ဦးစလုံး ပါဝင်ဖန်တီးထားတဲ့ ယင်းတေးဗီဒီယိုမှာ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ သီးသန့်ဖက်ရှင်တွေကို ပေါ်လွင်အောင်ဖန်တီးခဲ့တာကိုတွေ့ရတဲ့အပြင် အပူပိုင်းဒေသရဲ့ ဝတ်စားဆင်ယင်မှုပုံစံကိုလည်း လှစ်ဟပြနိုင်ခဲ့တာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အဖွဲ့ဝင်တွေဟာ တေးဗီဒီယိုမှာသာမက တေးသီချင်းတွေ ဖျော်ဖြေစဉ်နဲ့ အခြားသောအခမ်းအနားတွေကို တက်ရောက်ရာမှာလည်း အမြဲလိုလို ဖက်ရှင်ကျကျဝတ်ဆင်လေ့ရှိတာ တွေ့ရပါတယ်။ ဒါတင်မကသေးဘဲ သူတို့ရဲ့ ကိုယ်ပိုင်အချိန်တွေမှာ လှုပ်ရှားသွားလာရာမှာလည်း တစ်ဦးချင်းစီဟာ သီးသန့်ဖက်ရှင်အမြင်တွေ ရှိနေတာဖြစ်ပြီး မတူညီကွဲပြားစွာ ထူးထူးခြားခြားဝတ်ဆင်လေ့ရှိတယ်လို့လည်း သိရပါတယ်။



# American Horror Story မှာ ပြန်လည်ပါဝင်လာတဲ့ အမ်မာရောဘတ်ထ်



အောင်မြင်တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ “American Horror Story” ရဲ့ ဇာတ်လမ်းတွဲသစ်မှာတော့ မင်းသမီး အမ်မာရောဘတ်ထ်ဟာ ပြန်လည်ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း ယင်းရုပ်ရှင်တွေရဲ့ ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ရှိုင်ယန်မာဖီက လတ်တလောမှာတော့ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြောကြားလိုက်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ထိတ်လန့်ဖွယ်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ “ American Horror Story”ရဲ့ ရာသီသစ်ဇာတ်လမ်းတွဲတွေမှာတော့ အမ်မာရောဘတ်ထ်ဟာ ပြန်လည်ပါဝင်ပေးထားတာဖြစ်ပြီး သူဟာ ပြီးခဲ့တဲ့ နှစ်ရာသီမှာတော့ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမရှိပါဘူး။ ရုပ်ရှင်သစ် “Cult” ရဲ့ ရိုက်ကွင်းပေါ်က အမ်မာရဲ့ ဓာတ်ပုံကို ရှိုင်ယန်မာဖီက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာတော့ အမ်မာရောဘတ်ထ်ဟာ ဓားတစ်ချောင်းကို ကိုင်ဆောင်ထားတာတွေ့ရပြီး တိုက်ခိုက်ဖို့ အဆင်သင့်ဖြစ်နေတဲ့ဟန်လည်း ဖြစ်ပါတယ်။

FOX ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိတဲ့ ယင်းရုပ်သံဇာတ်လမ်းတွဲတွေရဲ့ တတိယမြောက်နဲ့ စတုတ္ထမြောက်ရာသီတွေမှာ အမ်မာဟာ ပါဝင်ခဲ့ပြီး လာမယ့် သတ္တမမြောက်ရာသီမှာလည်း ပြန်လည်ပါဝင်ထားတာဖြစ်ပါတယ်။ “Cult ” ကိုတော့ လာမယ့် စက်တင်ဘာ ၅ ရက်ကစတင်ပြီး ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# တေးအယ်လ်ဘမ်သစ်မှ စိုးဟွန်ရဲ့ ဓာတ်ပုံကို ထုတ်ဖော်ပြသ



မကြာမီမှာ “Girls' Generation”ဟာ အဖွဲ့ရဲ့ တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်သွားမှာဖြစ်တဲ့အတွက် တေးအယ်လ်ဘမ်သစ်မှာ ပါဝင်ထားကြတဲ့ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလျက်ရှိရာ လတ်တလောမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ စိုးဟွန်ရဲ့ ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၁ ရက်မှာတော အဖွဲ့ရဲ့ တေးအယ်လ်မ်သစ်မှာ ပါဝင်မယ့် စိုးဟွန်ရဲ့ ပုံရိပ်တွေကို ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ အစမ်းဓာတ်ပုံတွေနဲ့အတူ ဗီဒီယိုဖိုင်တစ်ခုကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။ လတ်တလောဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေအရ စိုးဟွန်ဟာ ယခင်မြင်နေကျပုံနဲ့ အလွန်ကွာခြားသွားကာ ဆံပင်တိုလေးနဲ့ ခပ်ဟော့ဟော့ပုံစံ ရိုက်ကူးထားတာကိုလည်း တွေ့ခဲ့ရပါတယ်။ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယွန်နက ဆယ်နှစ်တာ အနုပညာခရီးလမ်းတစ်လျှောက်မှာ အဖွဲ့ဝင်တွေအနက် အပြောင်းလဲဆုံးသော အဖွဲ့ဝင်ကတော့ စိုးဟွန်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ဖူးတယ်လို့ သိရပါတယ်။

အဖွဲ့ရဲ့ တေးဂီတသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အတွက် အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေကို ဖော်ပြလာခဲ့တာ စိုးဟွန်ဟာ ခြောက်ယောက်မြောက် ဖော်ပြခြင်းခံခဲ့ရတဲ့ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ပထမဆုံး ဖော်ပြခြင်းခံခဲ့ရသူကတော့ ယွန်နဖြစ်ပြီး တစ်ဖန်နီ၊ ယူရီ၊ ဟိုယွန်းနဲ့ စိုးယောင်းတို့ရဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

“Girls' Generation”ရဲ့ အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အထိမ်းအမှတ် ထွက်ရှိလာမယ့် တေးအယ်လ်ဘမ်ကတော့ “Holiday Night”လို့ အမည်ရပြီး အဖွဲ့ဝင်ရှစ်ဦး ပါဝင်လှုပ်ရှားထားကြကာ လာမယ့် ဩဂုတ် ၄ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီဖြစ်တဲ့ အဖွဲ့ဝင်ဟောင်း ဂျက်ဆီကာကလည်း သူ့ရဲ့အနုပညာသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အတွက် ပြင်ဆင်နေတာကြောင့် ဂျက်ဆီကာနဲ့ “Girls' Generation” တို့ရဲ့ လှုပ်ရှားမှုတွေကို အပြိုင်ခံစားရမှာဖြစ်ပါတယ်။

# လက်ရှိအေဂျင်စီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုလိုက်တဲ့ ဆူဇီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာကြယ်ပွင့်တစ်ဦးဖြစ်သူ ဆူဇီဟာ သူ့ရဲ့အေဂျင်စီနဲ့ စာချုပ်သက်တမ်းပြည့်ခဲ့ပြီဖြစ်ပေမယ့် စာချုပ်သစ်ချုပ်ဆိုဖို့ နှောင့်နှေးနေခဲ့တာကြောင့် အေဂျင်စီသစ်နဲ့ရှေ့ဆက်မှာဖြစ်ကြောင်းနဲ့ အေဂျင်စီဟောင်းနဲ့သာ လက်တွဲမှာဖြစ်ကြောင်း ကောလာဟလတွေအမျိုးမျိုးပေါ်ထွက်နေခဲ့ရာ လတ်တလောမှာတော့ ဆူဇီက အေဂျင်စီဟောင်းဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ ဆက်လက်လက်တွဲသွားဖို့အတွက် စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အမျိုးသမီးတေးဂီတအဖွဲ့ “Miss A”ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့ပြီး လတ်တလောမှာတော့ သရုပ်ဆောင်တစ်ဦးအဖြစ် အောင်မြင်မှုတွေရရှိနေကာ ခေါင်းဆောင်မင်းသမီးအဖြစ် ဇာတ်လမ်းတွဲတွေနဲ့ ရုပ်ရှင်တွေမှာ ပါဝင်နေတဲ့ ဆူဇီဟာ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း လတ်တလောမှာတော့ သူ့ရဲ့ အေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ လက်ရှိအေဂျင်စီနဲ့ လက်တွဲခဲ့စဉ်ကာလအတွင်းမှာ ဆူဇီဟာ အောင်မြင်မှုတွေ ရလာခဲ့တာဖြစ်ပြီး အနုပညာမှတ်တိုင်သစ်တွေလည်း စိုက်ထူနိုင်ခဲ့ကာ ဂျေဝိုင်ပီနဲ့ စာချုပ်ထပ်မံချုပ်ဆိုခဲ့တာကြောင့် လာမယ့်နှစ်တွေအတွင်းမှာလည်း ဆူဇီရဲ့ အနုပညာဖန်တီးမှုအသစ်တွေကို ထပ်မံခံစားရမှာ အသေအချာပင်ဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားခဲ့ပါတယ်။

ဆူဇီနဲ့ ဂျေဝိုင်ပီတို့ရဲ့ စာချုပ်ဟာ ယခုနှစ်အစပိုင်းမှာ သက်တမ်းကုန်ဆုံးခဲ့တာဖြစ်ပေမယ့် စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ ဆူဇီအနေနဲ့ကလည်း စာချုပ်သစ်ကိစ္စတွေထက် သူ့ရဲ့ရုပ်သံဇာတ်လမ်းတွဲသစ် “While You Were Sleeping”ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေအပေါ်မှာသာ အာရုံစိုက်ထားတာဖြစ်ပါတယ်။ “ While You Were Sleeping”ဇာတ်လမ်းတွဲမှာတော့ ဆူဇီဟာ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဆပ်နဲ့တွဲဖက်ကာ ခေါင်းဆောင်တွေအဖြစ် ပါဝင်ထားတာဖြစ်ပြီး ယင်းရုပ်ရှင်ကိုတော့ လာမယ့် စက်တင်ဘာလအတွင်း တောင်ကိုရီးယားမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်မှာတော့ ဆူဇီဟာ “Miss A”ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် စတင်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ “Miss A”ဟာ “ Bad Girl Good Girl ”တေးသီချင်းနဲ့ ဒေသတွင်းမှာ အထူးအောင်မြင်ကျော်ကြားလာခဲ့ပြီး ဆူဇီဟာလည်း အဖွဲ့ရဲ့ အောင်မြင်မှုနဲ့အတူ အသိအမှတ်ပြုခြင်းခံရတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် သရုပ်ဆောင်နယ်ပယ်ဘက်ကို ခြေဆန့်လာခဲ့ပြီး “Dream High”၊ “Gu Family Book ” နဲ့ “Uncontrollably Fond” စတဲ့ ရုပ်ရှင်နဲ့ ဇာတ်လမ်းတွဲတွေမှာလည်း ပါဝင်ခဲ့ပြီး အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့ပါတယ်။ မကြာသေးမီကလည်း သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ “Yes No Maybe”ကို ထုတ်လွှင့်ခဲ့ပြီး စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးဖြစ်တဲ့ ဂျေဝိုင်ပီနဲ့ တွဲဖက်ကာ သရုပ်ဆောင်ဘက်မှာရော ဂီတဘက်မှာပါ ဆက်လက်လှုပ်ရှားသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - ခုခည်းသည်

# AMCD နှင့်

## iMyanmarHouse.com တို့မှ ကြီးမှူးကျင်းပမည့်

# KANTHARYAR CENTRE

# ကွန်ဒို အထူးအရောင်းပြပွဲ

**Asia Myanmar Consortium Development Co., Ltd. (AMCD)** မှ ဆောက်လုပ်ပြီးစီးတော့မည့် ကန်သာယာစင်တာကွန်ဒိုအား အခမဲ့လာရောက်လေ့လာနိုင်ရန် **Open House** ထားရှိပြီး (၂၃) လွှာမှ ရန်ကုန်မြို့၏လှပသော ရှုခင်းများကိုကြည့်ရှုခံစားနိုင်မည့် အစီအစဉ်နှင့် အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည့် အစီအစဉ်တို့အတွက် အများပြည်သူများအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်၊

- ရန်ကုန်မြို့၏ အချက်အချာအကျဆုံးနှင့် ပြီးပြည့်စုံစွာ နေထိုင်နိုင်သော Town Centre
- ဘဏ်နှင့်ချိတ်ဆက်၍ (၁) နှစ်မှ (၁၅) နှစ်အထိ ဝယ်ယူနိုင်မည့်အစီအစဉ်။
- ပွဲရက်အတွင်း အထူးလျှော့ဈေး 10% Discount
- လူနေအိမ်ကွန်ဒို (အရောင်း)၊ Shopping Centre နှင့် ရုံးခန်းများ (အငှား)






## မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ပါသည်။

**နေ့ရက်** – (၅) ရက်နှင့် (၆) ရက် ဩဂုတ်လ ၂၀၁၇ (စနေ၊ တနင်္ဂနွေ) **အချိန်** – မနက် ၉ နာရီမှ ညနေ ၅ နာရီ

**နေရာ** – KANTHARYAR CENTRE (Level 1 ရေကူးကန်ဘေး)
ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် – iMyanmarHouse.com 09-455294841~5

Located at the entrance of Mandalay

# GARDEN CITY
Apartment Complex

နှစ်ရှည် အရစ်ကျ ငွေပေးချေစနစ်ဖြင့် တိုက်ခန်းဝယ်ယူနိုင်မည့် အခွင့်အလမ်းကောင်း

A City Within A City



လက်ရှိတာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက
၅%Discountဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

Maintenace
- Electricity & Water Supply
- Housekeeping
- Security
- Infrastructure

Facilities
- Lift
- Landscape
- Rubbish Chute System
- Retail Area

Developed By: MGC MANDALAY GARDEN CITY CONSTRUCTION CO.,LTD.
A subsidiary of New Starlight Group of Companies

ဆက်သွယ်ရန်လိပ်စာ -- မင်္ဂလာမန္တလေးအတွင်းရှိ Information Center , ၇၃ လမ်း၊ သခင်လမ်းနှင့် ငုရွှေဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Hotline +959 431 48 577, +959 431 48 588, +959 222 2 222

## အိမ်ငှားနေမည့် အစားအဆင်သင့် အိမ်ဝယ်ယူပိုင်ဆိုင်နိုင်မည့် အခွင့်အရေး
## ရွှေကမ်းသာယာအိမ်ရာစီမံကိန်း


Special Discount

May Flower Trading
နှင့်
ရောဝတီဘဏ်တို့ ပူးပေါင်းပြီး
(၁၀) နှစ်အရစ်ကျစနစ်ဖြင့်
ဝယ်ယူနိုင်မည့်အခွင့်အရေး
ကုမ္ပဏီမှတိုက်ရိုက်ရောင်း/ငှားပေးနေပါပြီ။



2 Storeyed Single Shop House



2 Storeyed Single House

တည်နေရာ လှိုင်သာယာမြို့နယ်

Contact No- 01 650535, 01 666183, 01 651436, 01 685159, 01 663578, 09 73154424

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ရောင်းရန်ရှိသည်
Surimi ငါးအသားကြိတ်စက် 15ပေ ဆောင်ရွက်ရှိသည်။ စိတ်ဝင်စားသူများဆက်သွယ် မေးမြန်းနိုင်ပါသည်။ ဈေးနှုန်းညှိနှိုင်း
ဆက်သွယ်ရန် Ph-09796542396

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၆၁/စီ)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ မြေကွက်အမှတ်-၆၁/စီ၊ မြေအမျိုးအစား နှစ်(၉၀)ဂရန်မြေ အမည်ပေါက်ဦးဘမြင်(စီအီး-၀၆၃၄၁၅)မြေကွက်ကို ကော်မရှင်နာ ဒေါ်လင်းလင်းထွန်း[၁၂/ရကန(နိုင်)၀၄၆၄၀၃] မှ ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၄၈၈/၂၀၀၂၏ ၇-၇-၂၀၀၄ရက်စွဲပါ စီရင်ချက်၊ ဒီကရီမိတ္တူ၊ တရားရုံးချုပ်ပထမအယူခံမှုအမှတ်-၄၂၂/၂၀၀၄၏ ၁၇-၁၂-၂၀၀၄ ရက်စွဲပါ စီရင်ချက်အမိန့်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်-၁၆၈/၂၀၁၃၏ ၂၆-၄-၂၀၁၆ရက် ပစ္စည်းခွဲဝေပေးရန် ကော်မရှင်နာခန့်စာ၊ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ နှစ်(၉၀)ဂရန်မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ဦးသောင်းထိုက်+၂တို့၏ ကျမ်းကျိန်လွှာတို့တင်ပြ၍ ကော်မရှင်နာ ဒေါ်လင်းလင်းထွန်းမှမြေတိုင်းမြေပုံနှင့် မြေကွက်ခွဲရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ခေတ်ပြတိုက်စာပေ၏ထုတ်ဝေမှု
သိန်းဖေမြင့်
မန္တလေးမှဟော်ဝကိုသို့...နှင့် ကွန်မြူနစ်ဝည်းရုံးနည်း
တစ်ကြိမ်တစ်ခါမျှ လုံးချင်းအဖြစ် ထုတ်ဝေခြင်းမပြုခဲ့ရသေးသော ဆရာကြီး၏ ဆောင်းပါးများကို စုစည်းထားပါသည်။
ဖုန်း- ၀၉ ၇၃၀၃ ၇၇၂၇၊ ၀၉ ၅၀၇ ၉၆၇၈ ထွက်ပြီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀
## ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်၌
## ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၀၀

ဒေါက်တာဇေယျာညွှန့် နှင့် (၁) ဒေါ်စောမြနန္ဒာ
(၂) ဒေါ်ခင်နီလာအောင်
(၃) ဒေါ်ခင်မေသက်

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၉)လမ်း၊ အမှတ်(၂၁) နေ အမှတ်(၁)တရားပြိုင် ဒေါ်စောမြနန္ဒာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တိုက်ခန်းဖိုးကြိုတင်ပေးငွေ ကျပ်သိန်း (၁၅၀)နှင့် နစ်နာကြေးငွေကျပ်သိန်း (၃၀၀) စုစုပေါင်း ငွေကျပ်သိန်း(၄၅၀)ရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၈ရက်၊ (၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူတို့သည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(သောင်းလွင်)
ဒုတိယခရိုင်တရားသူကြီး(၁၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

nature link
nature link travels
SKL Travel

မန္တလေး လေဆိပ်အထွက်
ပြည်ပခရီးစဉ်များ

ဘန်ကောက် - ပတ္တရားတမ်းခြေ USD 550
(၄ ညအိပ်/ ၅ ရက်) စက်တင်ဘာ - ၉ ရက်မှ ၁၃ ရက်

ဟောင်ကောင် USD 1100
(၃ ညအိပ်/ ၄ ရက်) စက်တင်ဘာ - ၁၀ ရက်မှ ၁၃ ရက်

စင်ကာပူ USD 790
(၃ ညအိပ်/ ၄ ရက်) စက်တင်ဘာ - ၉ ရက်မှ ၁၂ ရက်

ဘန်ကောက် (ထည်ဝယ်+ဆေးစစ်) USD 399 + THB 5,000
(၂ ညအိပ်/ ၃ ရက်) စက်တင်ဘာ - ၉ ရက်မှ ၁၁ ရက်

စက်တင်ဘာလ ၉ ရက်မှစ၍ ထွက်ခွာ ခရီးစဉ်များ ရှိပါသည်။

Nature Link Travels Mandalay : 02-72638, 09-425289888, 09-43195478
Yangon : 01-376977, 09-964376977-78, 01-243130-2, 243134-5, 374277
SKL Travel Mandalay : 09-7714 77141 ~ 146
Yangon : 01-524841, 09-788 999 810 ~ 860

NELC
NELC
Don't Worry, Just Speak!
Communicative English Classes
» Intro
» Level -1,2,3
» Listening /Speaking -1 & 2
» Grammar
» IELTS Foundation
စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။



မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 မြင်းခြံ - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

စိတ်ကူးချိုချိုစာအုပ်တိုက် ၁၈နှစ်ပြည့်အမှတ်တရ
ဈေးလျှော့နှုန်း စာအုပ်ရောင်းပွဲ
တစ်ဦးချင်း ၂၀% စာကြည့်တိုက်နှင့်ကိုယ်စားလှယ် ၃၀%
၁.၈.၂၀၁၇(အင်္ဂါ)မှ ၁၃.၈.၂၀၁၇(တနင်္ဂနွေထိ)၊ နံနက် ၉နာရီမှ ညနေ ၅နာရီခွဲထိ။
အဖွဲ့ဝါဝမ္ဗာရုံ၊ ကြားတောရလမ်းနှင့် ရန်ကုန်မန္တလေးစိတ်ကူးချိုချိုဆိုင်များ
လက်ဆောင်များ၊ အမှတ်တရများနှင့် အထူးထုတ်စာအုပ်များ
♦သမိုင်းမှန်ကူ ၁၈ ကွက်/ ♦၁၈ ထုပ္ပတ် မြန်ပြည်ရပ်/ ♦ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ကျော်အောင်စံထား၊ မြဝတီမင်းကြီး၊ မင်းလက်ဝဲနော်ရထာ၊ စိန္တကျော်သူ၊ ဗညားဒလ၊ လယ်တီပဏ္ဍိတ၊ လယ်တီဦးကောဝိဒတို့ရဲ့ ဂန္ထဝင်ကိုဦးကိုးအုပ်/ ♦ဇေယျ၊ မင်းသုဝဏ်၊ ဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဦးဖိုးကျား (အမျိုးသား ပညာဝန်)၊ ရန်ကုန်ဘဆွေ၊ မောင်သင်၊ တိုက်စိုး၊ မြန်မာဂုဏ်ကျော်မြင့်၊ နတ်နွယ်၊ တင်မိုး၊ ပန်းတနော်ဦးခန့်၊ ကိုပညာ(အမရပူရ)တို့ရဲ့ စာပေမိုင်တိုင်များ/ ♦ရဲခေါင်၊ ဒဂုန်ခင်ခင်လေး၊ ရွှေပြည်အေး၊ အောင်လင်း၊ တင့်တယ်၊ သန်းဆွေ၊ ဗန်းမော်တင်အောင်၊ သော်တာဆွေ၊ သာခု၊ ကြည်အေး၊ မောင်သိန်းဆိုင်၊ တက္ကသိုလ်မြစိမ်း၊ မောင်သိန်းဆိုင်၊ မောင်လွန်းကြင်၊ မင်းလူတို့ရဲ့ ဝတ္ထုတိုရာပြည့် အထူးထုတ်များ/ ♦မော်ဘီဆရာသိန်း၊ နန္ဒ၊ မင်းကျော်၊ ငြိမ်းကျော်၊ သခင်မြသန်း၊ ကျော်အောင်၊ ကျော်လှိုင်ဦး၊ တင်ထွေး၊ ဗမိုး၊ လင်းယုန်မောင်မောင်၊ နုယဉ်၊ မောင်သိန်းတန်၊ ကာတွန်းမောင်စိန်တို့ရဲ့ အမှတ်တရ ရသမိုင်တိုင်များ/ ♦မောင်စွမ်းရည်၊ အောင်ချိမ့်၊ သုခမိန်လှိုင်၊ သစ္စာနီ၊ မောင်သိန်းဇော်၊ မိုးယံဇော်၊ ထွန်းဝေမြင့်၊ ဝင်းမောင်၊ မိုးဝေးတို့ရဲ့ ကဗျာစာအုပ်များ/ ♦ဆင်ဖြူကျွန်းအောင်သိန်း၊ တက္ကသိုလ်မောင်အောင်ဆွေ၊ ကြူးနှစ်၊ မင်းခိုက်စိုးစန်၊ မောင်သာနိုး၊ စိုးသိဏ်း၊ အောင်ခန့်၊ နုနုရည်အင်းဝ၊ ညီပုလေး၊ မြသန္တာ၊ မောင်နွေထက်၊ ချစ်ဝင်းမောင်၊ မောင်ကိုကို(အမရပူရ)၊ စသည် စသည်တို့ရဲ့ အထူးထုတ်စာအုပ်များစွာဖြင့်။ ဖုန်း-ရန်-၀၉- ၃၁၂၉၉၉၃၁၀၉-၄၅၉၃၃၉၃၉၀၆
စာရင်းအသေးစိတ်-www.skccmyanmarbook.com နှင့် facebook

တူဒေးစာအုပ်တိုက်




စီးပွားရေးဆိုင်ရာ အယူအဆ ၁၀၀
ညွန့်သောင်း
ဤစာအုပ်သည် Jeremy Kourdi ရေးသားသည့် 100 Great Business Ideas ကို ဘာသာပြန်ထားသည့် စာအုပ်ဖြစ်ပါသည်။ မိမိ၏ဖောက်သည်များထံမှ ယုံကြည်မှုရရှိရန်၊ အခြားကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်ရန်၊ ဈေးကွက်ဖွံ့ဖြိုးရန်၊ ဝန်ထမ်းများ အရည်အချင်းမြင့်မားရန်၊ မိမိ၏ကုန်ပစ္စည်း အရည်အသွေးစစ်ဆေးရန်၊ ကုန်ပစ္စည်းအရောင်းအဝယ်မြှင့်တင်နိုင်ရန်၊ စီမံခန့်ခွဲမှု ကျွမ်းကျင်ရန် စသည်ဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဗဟုသုတရရှိစေရန် အကြံပေးအယူအဆပေါင်း ၁၀၀ ကိုရေးသားပြုစုထားသည်။ စီးပွားရေး လုပ်ကိုင်လိုသူများ၊ လက်တွေ့လုပ်ကိုင်နေသူများအတွက် ထူးခြားသည့် အတွေးအခေါ်အယူအဆများ ရရှိနိုင်သည့်အပြင် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ရန် အထောက်အကူပြုနိုင်သည့် စာအုပ်ဖြစ်ပါသည်။
တန်ဖိုး ၄,၀၀၀ကျပ်
အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

DOZO
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win, B.Sc (Dip in Fashion Design, Japan)
Thet Hnin Aye (BA.Fashion Design, Japan)
1991 ခုနှစ် မှစ၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ Fashion Design School ဖြစ်သည်။ Design, Pattern, Cutting, Sewing များကို တိကျမှန်ကန်သော Japan နိုင်ငံမှနောက်ဆုံးပေါ်နည်းစနစ်များဖြင့် သင်ကြားပေးလျက်ရှိ သည်။
Courses - Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's, မြန်မာပွဲတက် နှင့် ထိုင်မသိမ်း, ORIGAMI & DRAPPING (TR technique)
Start Date (ရန်ကုန်) : 12.8.2017(Sat,Sun)
Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay - No.(Nagyi-2/94),Between 63 × 64 Street, Chan Mya Thar Zi T/S
Phone(ရုံးချိန်အတွင်း)- 09420301999, 09 5004830 www.dozofashion.com

"ဝန်ထမ်းအလိုရှိသည်"
ကလေးထိန်း မ(၁)ဦး နေ့(၂)ည
လစာ-၁၃၀၀၀၀ိ/-(နေ-စား၊ငြိမ်း)
Ph: 09 791717552
09 974396398

နိုင်ငံခြားသားများအတွက် တိုက်ခန်းနှင့် Condo များ ငှားလိုပါသည်။ 5 သိန်းမှ 15 သိန်းအတွင်း။ အမြန်ဆုံး ငှားထွက်သွားအောင်အကျိုးဆောင်ပေးမည်။ ပိုင်ရှင်တိုက်ရိုက် သာဆက်သွယ်ပါ။ (မှတ်ချက်-နိုင်ငံခြားသားအများစု မှာ ဥရောပနိုင်ငံသား များဖြစ်ပါသည်) 09 2529 222 07

EVER UP
COLLEGE
SINCE 2010
တန်တယ် ... မှန်တယ် ... အဆင့်ရှိတယ်
MBA
4th Batch

Malaysia University of Science and Technology
MUST မှ တိုက်ရိုက်ပေးအပ်ချီးမြှင့်သည့်
MUST
MALAYSIA UNIVERSITY of SCIENCE and TECHNOLOGY

2017, August Intake (ENROLL NOW !!!)
Class : Sunday Only
Duration : 15 Months
Register Deadline : 15th August 2017
Class Begin : 19th August 2017
အရည်အသွေးစစ်မှန်မှုအာမခံချက် : MQA/FA 1199 (http://www2.mqa.gov.my/mqr/)
ဝင်ခွင့်သတ်မှတ်ချက် : ဘွဲ့ရ (သို့မဟုတ်) ABE UK QCF Level-6 Diploma Holder
သင်တန်းကြေးကို အတိုးမဲ့ လစဉ် အရစ်ကျပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက - Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon, Myanmar. Tel : 09 444 777 901 ~903
Facebook : www.facebook.com/everup33.HRI, E-mail : info@everup33.com, Website : www.everuphrinstitute.com.mm


ooredoo
၃၀% အထိ
ငွေဖြည့်အပိုလက်ဆောင်
ဩဂုတ်လ ၁ရက်မှ
၇ ရက်အတွင်း
ငွေဖြည့်ပမာဏ
ငွေဖြည့်ကတ်
Easy Top Up
သက်တမ်း
၁,၀၀၀ ကျပ် -၂,၉၉၉ ကျပ်
၁၀%
၁၅%
၃,၀၀၀ ကျပ် - ၄,၉၉၉ ကျပ်
၁၅%
၂၅%
၅,၀၀၀ ကျပ် - ၉,၉၉၉ ကျပ်
၂၅%
၃၅%
၁၀,၀၀၀ ကျပ်နှင့်အထက်
၃၀%
၅၀%
၃ ရက်

## အထူးကျေးဇူးတင်လွှာ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်ဒါယကာကြီး**

**ဗိုလ်မှူးကြီးခင်မောင်တည်(ငြိမ်း)၊ ကြည်း-၆၂၂၃ (O.T.S-7)**

**ဒုတိယဝန်ကြီး(ငြိမ်း)**

**အသက် (၉၂) နှစ်**

၂၂-၇-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင်တည်အား နာမကျန်းဖြစ်စဉ် စေတနာမေတ္တာဖြင့် ဝိုင်းဝန်းကုသပေးကြပါသော ဆရာဝန်ကြီးများနှင့် သူနာပြုများ၊ ဈာပနကိစ္စအဝဝတွင် စေတနာမေတ္တာဖြင့် အစအဆုံးတာဝန်ယူ ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြပါသော မိတ်ဆွေအပေါင်းအသင်းများ၊ ရပ်ဝေးရပ်နီးမှ ပေးပို့လှူဒါန်းကြပါသော လှူဖွယ်ဝတ္ထု အလှူငွေနှင့် သက်န်းများ၊ ပန်းခြင်းများအတွက်လည်းကောင်း၊ တယ်လီဖုန်း၊ Facebook စသည့် လူမှုကွန်ယက်မှ ဝမ်းနည်းကြေကွဲကြောင်းနှင့် ကိုယ်တိုင်လာရောက် အားပေးနှစ်သိမ့် မေးမြန်းကြပါသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တပည့်များအားလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးနေ့တွင် ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ဇနီး၊ သားသမီး၊ မြေးများ၏မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ အဘက်ဘက်မှ လိုအပ်သည်များကို ဖြည့်စွက်အကူအညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဇနီး ဒေါ်လှလှနှင့် ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရီရီ (၉၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ်(၁၃၉)၊ ဓမ္မစေတီလမ်းနေ [ဦးသန်းလှ (ညွှန်ကြားရေးမှူး၊ ဗဟိုတရားရုံး)]၏ဇနီး၊ Prof. Dr. ကံမင်း (ဆွစ်ဇလန်)-ဒေါ်ဥမ္မာ၊ ဦးစိုးသိန်းမြင့်-ဒေါ်မာလာ၊ ဦးကျော်စွာလှ-ဒေါ်ဝါဝါတို့၏မိခင်၊ မဇကရီကျော်၊ မလင်းလဲ့အိ၊ မဇူရီကံမင်း၊ မောင်သိဒ္ဓိကျော်၊ မောင်ရာဇကံမင်းတို့၏ အဘွားသည် ၃၁-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၇(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သက်ထားနွယ်

**အသက် (၅၂) နှစ်**

ဖက်စပ်ကော်ပိုရေးရှင်း အမှတ်(၂)/ JVC (2)၏ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ဒေါ်သက်ထားနွယ်(စီမံရေးရာ) သည် ၃၀-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမြင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊**
**ဥက္ကဋ္ဌ(ငြိမ်း) ဖက်စပ်ကော်ပိုရေးရှင်းအမှတ်(၂)**
**ဦးတင်မောင်ဝင်း(ဒါရိုက်တာ/အတွင်းရေးမှူး) ဖက်စပ်ကော်ပိုရေးရှင်းအမှတ်(၂)**
**ဦးတင်ဝင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊**
**(ဒါရိုက်တာ/အတွင်းရေးမှူး) ဖက်စပ်ကော်ပိုရေးရှင်းအမှတ်(၂)**
**ဒေါ်ခင်ချိုသိန်း၊ ဒေါ်မူမူဟန်၊ ဒေါ်ငြိမ်းငြိမ်းစိုးနှင့်ဖက်စပ်(၂) ဝန်ထမ်းဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်ဝင်း** အသက်(၈၀)နှစ်

**သူငယ်ချင်း Dr. မြမြဝင်း (မျက်စိအထူးကုဆရာဝန်၊ မေမြို့စစ်ဆေးရုံ) ၏ ချစ်လှစွာသော ဖခင်သည် (၂၃.၇.၂၀၁၇) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ ကောင်းရာသုဂတိလားပါစေ။**

**Class Of 1987 IM(1) အုပ်စု ၂၀ ဆယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြသော် (စာရင်းစစ်၊ ၂၀၀၂-၂၀၁၂) မြန်မာ့မီးရထား အငြိမ်းစားများအသင်း၊ လက်ထောက်အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေး(ငြိမ်း) မြန်မာ့မီးရထားသည် ၂၈-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း၍ သံဝေဂယူရပါသည်။

**အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းသဇင်(ခ)သီရိ၏မိခင် ဒေါ်ရင်ရွှေသည် ၃၁-၇-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခင်ဖုန်းဆက်ဆက်၊ ခင်သင်းနွယ်**

## အထူးကျေးဇူးတင်ရှိခြင်း

**ဗိုလ်ကြီး အောင်မြင့်မြတ်**

ကြည်း-၅၆၈၉၀ (တပ်မ-၁၁၊ ရဲမွန်)

**အသက် (၂၈)နှစ်**

ကျွန်တော် ကျွန်မတို့၏ သားငယ်လေး ဗိုလ်ကြီးအောင်မြင့်မြတ်၏ နောက်ဆုံးခရီးနှင့် ရက်လည်ဆွမ်းကျွေးသို့ မိသားစုသဖွယ် လာရောက်အားပေး နှစ်သိမ့်ပေးပါသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ နောက်ဆုံး ခရီးကို လိုက်ပါပို့ဆောင်ပေးပါသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ အရပ်ဘက်မှ အဖွဲ့အစည်းများ၊ ကိုယ်ချင်းစာ ဝမ်းနည်းအားပေးကြသော မန္တလေးမြို့မှ မြို့မိမြို့ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများ နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

**ဦးလှကြိုင်-ဒေါ်တင်မာဦး**
**ဦးဝင်းဦး-ဒေါ်ချို**
**(ဗိုလ်ကြီးအောင်မြင့်မြတ်)ဇနီး**
**မချိုမီဦး**

## ဆရာတော် ဘဒ္ဒန္တသုမနသီရိ(ကိုးနဝင်းဆရာတော်)

**သက်တော်(၈၆)နှစ်၊ ဝါတော် (၆၆)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ လက်ပံဇမ္ဗူအေးကိုးနဝင်းတောရကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနသီရိ ကိုးနဝင်းဆရာတော်ကြီး သက်တော်(၈၆)နှစ်၊ ဝါတော်(၆၆)ဝါသည် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီးတွင် ၃၀-၇-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ထိုင်းစံတော်ချိန် နံနက် ၉း၀၉ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ ၁-၈-၂၀၁၇ ရက် (အင်္ဂါနေ့) ကိုးနဝင်းကျောင်းတိုက်စံကျောင်းသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ရဟန်းဒါယကာ၊ ဒါယိကာမ-ဦးခင်မောင်ရှိန်-ဒေါ်ခင်နှင်းလှိုင်**
**ဖွဲ့မြင့်မြတ်ထွန်း မိသားစု**
**ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၇၊ FMI အိမ်ရာ)၊ မြေကွက်အမှတ်(၄၄၁)၊ ဧရိယာ (၀. ၁၄၇) ဧကရှိ နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးတင်ကျော်၊ ဒေါ်တူးတူး၊ ဦးရဲအောင်တို့ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၂၀၃၉/၂၀၁၇) နေ့စွဲ၊ ၁၄-၇-၁၇ တင်ပြ၍ ဒေါ်တူးတူး [၈/မဘန(နိုင်)၀၀၉၃၈၂] အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၅၊ မြေကွက်အမှတ် ၆၅၆၊ ၆၅၉ ဧရိယာ(၀. ၀၆၈)ဧက မြေကွက်တည်နေရာ အမှတ်(၆၅၆+၆၅၉)၊ နဝရတ် (၄)လမ်း၊ ၅ ရပ်ကွက်၊ လှိုင်သာယာ၊ ဦးခင်မောင်မြ (MMN-၅၆၂၁၀၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်မြ (MMN-၅၆၂၁၀၇) [၁၂/လမတ(နိုင်)၀၁၅၉၇၉] ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန် မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၂၊ မြေကွက်အမှတ် ၄၅၄/ က၊ မြေကွက်တည်နေရာ အမှတ်-၄၅၄/က၊ နတ်မောက်လမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်သာယာ(ဦးလှအောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမောင်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ငွေငွေအောင် [၁၂/လမန(နိုင်)၀၉၇၇၁၁]မှ မြေချပါမစ်တွင် ဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် စာရင်းစာရွက်တို့ကိုတင်ပြ၍ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက် တင်ပြနိုင်ခြင်းမရှိဘဲ (ပါမစ်မစုံ)ဖြင့် နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းငွေး(ချောက်မြို့) (၇၅)နှစ်

ပခုက္ကူမြို့နေ (ဦးကြောင်း-ဒေါ်အုန်းဆင့်)တို့၏သမီး၊ ချောက်မြို့နေ (ဦးသံဒိုင်-ဒေါ်လှမြိုင်)တို့၏ သမီးချွေးမ၊ (ဦးညွန့်ရွှေ)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်ခင်မြတ်သူ၊ Capt.ဦးညိုကိုကို-ဒေါ်ခင်သော်တာ၊ ဒေါ်ကြည်ကြည်စန်း၊ (ဦးညီညီမျိုး)-ဒေါ်ခင်ခင်ညို၊ ဦးသူရစိုး-ဒေါ်ခင်သန်းနွယ်၊ ဦးမင်းသိန်း တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဒေါက်တာအေးမီမီကို၊ မောင်အောင်မျိုးဦး၊ မသူရွှန်းသီရိညီ၊ မောင်ကျော်ဇင်ထက်၊ မမိုးချမ်းမြေ့ကိုကိုတို့၏ ချစ်လှစွာသော အဘွား ဒေါ်သန်းငွေးသည် ၁-၈-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၆၊ ငါးလွှာ၊ အနောက်ရွှေဂုံတိုင် ၄ လမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စွာလှ-ဒေါ်ဝါဝါတို့၏မိခင် ဒေါ်ရီရီ အသက်(၉၁) နှစ်သည် ၃၁-၇-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**SKY VIEW HOTEL**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်နု**

**သံတွဲ/သန်လျင်**

**အသက် (၇၅)နှစ်**

ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်-ဒေါ်နုနုအောင်တို့၏မိခင် ဒေါ်ခင်နုသည် ၃၀-၇-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်**
**ရဲတပ်ဖွဲ့ဝင် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်အေး

**အသက်(၈၄)နှစ်**

ဒေါ်မြင့်မြင့်မော်(တွဲဖက်ပါမောက္ခ၊ ကိုရီးယားဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၏မိခင်ဖြစ်သူ ဒေါ်တင်အေး အသက်(၈၄)နှစ်သည် ၃၁-၇-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့် ဆရာ/ဆရာမများ**
**ကိုရီးယားဘာသာဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## အထူးကျေးဇူးတင်ရှိခြင်း

## ဒေါ်လှဝေ(ကြံခင်း)

**အသက် (၇၂)နှစ်**

၂၅-၇-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခဲ့သော ဒေါ်လှဝေ နာမကျန်းစဉ် မေတ္တာစေတနာအပြည့်ဖြင့် ကြည့်ရှုကုသပေးခဲ့သော မြောက်ဥက္ကလာပဆေးရုံ အထူးကြပ်မတ်ဆောင်(သီတာဆောင်)မှ သမားတော်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုဆရာမများ၊ နာရေးကိစ္စကို အဆင်ပြေစွာ ပြီးဆုံးသည့်တိုင် ကူညီပေးခဲ့ကြသော အောင်ကြီးကုမ္ပဏီများအုပ်စု မိသားစုများ၊ နာရေးကူညီမှုအသင်းများ၊ အေးရတနာရွှေဆိုင်(ဟသ်ာတ)၊ မြသီရိရွှေဆိုင် (ကြံခင်း)၊ အောင်ရတနာရွှေဆိုင် (ကြံခင်း)-မိသားစုများ၊ ရပ်ဝေးရပ်နီးမှ တပည့်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်းဖြင့် သတင်းမေးအားပေးကြသူများ၊ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့၊ ရက်လည်အလှူသို့ကြွရောက်ကြသူများနှင့် အဘက်ဘက်မှ ကူညီကြသူများကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်၌ ကျင်းပ

## ကျောက်မျက်အတွဲ ၃၂၆ တွဲ၊ ကျောက်စိမ်းအတွဲ ၆၅၆၁ တွဲ ခင်းကျင်းရောင်းချမည်

**နေပြည်တော် ဩဂုတ် ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အားပေးသည်။

ယနေ့ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဝင်းခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတသည် နံနက် ၉ နာရီတွင် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပလျက်ရှိသည့် မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ နောက်ခံသမိုင်းအကျဉ်း၊ ပြပွဲရည်ရွယ်ချက်၊ စည်းကမ်းချက်များ၊ ပြပွဲဆိုင်ရာအချက်အလက်များနှင့်သက်ဆိုင်သည့် ဗီဒီယိုကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း အပေါ်ထပ်၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ ခန်းမမြေညီထပ်၌ ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်းကောင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



**(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာအရောင်းဆိုင်များကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှုစဉ်။**



# သာကေတတံတားသစ် တည်ဆောက်ပြီးစီးမှု ၆၄ ရာခိုင်နှုန်းရှိပြီ

**ရန်ကုန် ဩဂုတ် ၂**

ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနတို့ ပူးပေါင်းတည်ဆောက်နေသည့် သာကေတတံတားသစ်ကို မြန်မာနိုင်ငံတွင် နည်းပညာသစ်ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ပြီး လက်ရှိတွင် ၆၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်မြို့ ဒေါပုံမြို့နယ် ပုဇွန်တောင်ချောင်းကို ဖြတ်သန်းဖောက်လုပ်ခဲ့ပြီး ၁၉၆၇ ခုနှစ်က စတင်ဖွင့်လှစ်အသုံးပြုခဲ့သည့် နှစ် (၅၀)သက်တမ်းရှိ သာကေတတံတားဟောင်း ခံနိုင်ရည်ကျဆင်းလာသည့်အပြင် ယာဉ်သွားလာမှုမှာလည်း ပိုမိုများပြားလာသည့်အတွက် ယာဉ်ကြောကျပ်တည်းနေမှုကို လျော့နည်းစေရန် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် တံတားသစ်ကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဧပြီလမှစတင်ကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

"တံတားဟောင်းက နှစ် (၅၀)ရှိပြီဆိုတော့ ခံနိုင်ဝန်ကျဆင်းလာပြီး အခုအချိန်မှာ ခွင့်ပြုခဲ့တာက ယာဉ်ကို ၁၀ တန်ပဲ ခွင့်ပြုခဲ့တယ်။ အရင် တံတားက 'မ' လို့ရတဲ့ တံတားဖြစ်တဲ့အတွက် မြင့်တဲ့သင်္ဘောတွေ သွားလာရင် 'မ' ပေးရတာရှိတယ်။ အဲဒီအခါမှာ တံတားက ခံနိုင်ရည်ကျဆင်းလာပြီးတော့ ယာဉ်ကလည်း ဝိတ်ကို မခံနိုင်တဲ့အတွက် တံတားအဖွင့်အပိတ်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

ရိုးရာလက်ဝှေ့ မကျေပွဲပြန်လည်ထိုးသတ်ကြမည့်

# မြန်မာ့လက်ဝှေ့ကျော် စိုးလင်းဦးနှင့် မွေထိုင်းလက်ဝှေ့ကျော် ဆာလာဒ္ဒိုက်

**ရန်ကုန် ဩဂုတ် ၂**

မြန်မာ့ရိုးရာ လက်ဝှေ့ကျော် စိုးလင်းဦးနှင့် မွေထိုင်းလက်ဝှေ့ကျော် ပိုလန်နိုင်ငံသား ဆာလာဒ္ဒိုက်တို့ ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရိုးရာလက်ဝှေ့အားကစားရုံ၌ မကျေပွဲ ပြန်လည်စိန်ခေါ် ထိုးသတ်မည်ဖြစ်သည်။

ဇွန် ၁၀ ရက်တွင် ထိုးသတ်ခဲ့သည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် စိုးလင်းဦးက မွေထိုင်းလက်ဝှေ့ကျော် ဆာလာဒ္ဒိုက်ကို အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သဖြင့် မကျေပွဲအဖြစ် ပြန်လည်ထိုးသတ်မည်ဖြစ်သည်။

"ကျွန်တော် ဇွန် ၁၀ ရက်က ရှုံးကြွေးကို ပြန်ဆပ်သွားဖို့ ထိုးသတ်သွားမှာ ဖြစ်ပါတယ်။ လေ့ကျင့်မှု၊ သက်လုံနဲ့ ကြံ့ခိုင်မှုအပိုင်းတွေ ဦးစားပေးပြီး လေ့ကျင့်နေပါတယ်။ သီးသန့်လေ့ကျင့်ချိန် တစ်လကျော်ရှိပါတယ်။ ပြီးခဲ့တဲ့ပွဲရဲ့ အတွေ့အကြုံတွေအပေါ် အခြေခံပြီး ရှုံးကြွေးပြန်ဆပ်နိုင်အောင် ကျွန်တော့်ပရိသတ်ရှေ့မှာ ကြိုးစားသွားမှာ ဖြစ်ပါတယ်" ဟု မြန်မာ့ရိုးရာလက်ဝှေ့ကျော် စိုးလင်းဦးက ပြောသည်။

အဆိုပါရိုးရာလက်ဝှေ့ မကျေပွဲအဖြစ် စိန်ခေါ်ထိုးသတ်ပွဲတွင် ပြည်တွင်းအထူးစိန်ခေါ်ပွဲများအဖြစ် စောအယ်လေး (Adveture) နှင့် စိန်မျိုးအောင် (မန္တလေး)၊ ဇွဲရွှေကို (T&Tသထုံ)နှင့် ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်ကလပ်)၊ ရွှေကျောင်းသား (T&Tသထုံ)နှင့် သက်ပိုင်အောင် (တောင်ကလေး)၊ ပိုက်ထွေး (T&T သထုံ)နှင့် အောင်ပိုင်(နဂါးမာန်)၊ ဟိန်းထွန်းအောင် (T&Tသထုံ) နှင့် ကျော်စွာဝင်း(ယူနိုက်တက်)၊ သွေးသစ်မောင် (အဖြူရောင်သွေးသစ်) နှင့် ဇာမဏီသွေး (ဧရာသား)၊ ချစ်မောင်မောင်(တောင်ကလေး)နှင့် ချစ်ဦး(ခ)စောမင်းနိုင် (ရွှေသောင်ရင်း)၊

**စာမျက်နှာ ၉ ကော်လံ ၄ သို့**



**ဆာလာဒ္ဒိုက်(ပိုလန်)နှင့် စိုးလင်းဦး(မြန်မာ)။**